## အခန်း(၄၆) - အားကိုးစရာ ကောင်းသော ဂိုဏ်း..

ချင်ယန်နှင့် ရှောင်ကျူဝမ်တို့သည် ပြန်ရောက်လာပြီး တောင်ပေါ် တက်လာခဲ့ကြသည်။ လမ်းတလျှောက်တွင် လူတော်တော် များများက သူတို့ကို မြင်ခဲ့ကြသော်လည်း မည်သူမှ အနား မကပ်လာကြပေ။

ယခင်က ရှောင်ကျူဝမ်ကို အိပ်မက် မက်ခဲ့ကြသည့် လူများပင် ရှောင်ကျူဝမ်နှင့် ခပ်ဝေးဝေး နေ နေကြသည်။

ရှောင်းမိသားစု တွင် လူ (၃၀) သေဆုံးခဲ့ပြီး မည်သူ သတ်ခဲ့လဲ ဆိုသည်ကို လူတိုင်း သိကြသည်။

"ရှောင်ကျူဝမ်က အရမ်းလှပါရက်နဲ့ သနားစရာ ကောင်းလိုက်တာ။ အချိန်တန်ရင် ဖန်ကျား လက်ထဲရောက်ပြီး ရက်ရက်စက်စက် အနှိပ်စက် ခံရတော့မယ်......"

"သူညီမ ရှောင်ကျူယင်လည်း ထွားလာပြီး အရမ်း လှလာတယ်။ ပန်လေးလိုလှတဲ့ ဒီညီအစ်မ နှစ်ယောက် အတွက်တော့ စိတ်မကောင်းစရာပဲ...."

"အချိန်တန်ရင် ချင်ယန်လည်း သေမှာပဲ။ သူ့ကို ကြည့်လိုက်ရင် ခပ်ထုံထုံ ဂျစ်ကန်ကန်နဲ့။ လူဘယ်လောက် များများ ရန်စခဲ့လဲ မသိတော့ဘူး။ သေရင်တောင် ကောင်းကောင်း သေရမှာ မဟုတ်ဘူး"

အချို့လူများက တိုးတိုးလေး ပြောနေကြပြီး ချင်ယန် မကြာနိုင်ဘူးဟု ထင်နေကြသည်။

ချင်ယန်က ချီဖွဲ့စည်းခြင်း နယ်ပယ်၊ ရှောင်ကျူဝမ်က ချီဖွဲ့စည်းခြင်း အဆင့် (၆) ကျင့်ကြံခြင်း အဆင့် ရှိနေသဖြင့် လူတိုင်း

ပြောနေသည့် စကားများကို ရှင်းရှင်းလင်းလင်း ကြားနေရသည်။

"စီနီယာ အစ်မ....."

ရှောင်ကျူဝမ်က သူမနှင့် အမြဲတမ်း ဆက်ဆံရေး ကောင်းခဲ့သည့် စီနီယာ အစ်မတစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် နှုတ်ဆက်လိုက်သည်။

ဒီစီနီယာ အစ်မက ချီစုဆောင်းခြင်း အဆင့် (၁၀) ရှိသလို ကာကွယ်သူ မိန်၏ တပည့် တစ်ယောက်လည်း ဖြစ်သည်။

"ငါ့ကို စီနီယာ အစ်မလို့ မခေါ်နဲ့...."

ဖိန်ယုံက အေးစက်နေသော လေသံနှင့်......

"နင်က ဆရာ့ကို သစ္စာဖောက် ပြီးသွားပြီ။ ဆရာကလည်း နင့်ကို တပည့်အဖြစ်ကနေ မောင်းထုတ်လိုက်ပြီ။ ဆရာ့မှာ အမြင်ရှိပြီး နင့်ကို တပည့် အဖြစ်က မောင်းထုတ်လိုက်တာ ကံကောင်းတယ်။ ဒီလိုမှမဟုတ်ရင် ငါတို့က နင့်ကိစ္စမှာ အချောင် ခံနေရအုံးမယ်...."

ရှောင်ကျူဝမ် ဝမ်းနည်းသွား၏။

"ရှောင်ကျူဝမ်၊၊ နင်က မိုးကြိုးမီး ဓါးဂိုဏ်းမှာပဲ ဖြစ်ဖြစ်၊ အပြင်မှာပဲ ဖြစ်ဖြစ် ငါတို့က နင်နဲ့ ဘာမှမဆိုင်ဘူးဆိုတာ နင့်ခေါင်ထဲမှာ မြဲမြဲ မှတ်ထား...."

ဖိန်ယုံက အဖက်မတန်သလို ပြောဆိုပြီး လျင်မြန်စွာ လှည့်ထွက်သွားသည်။

"စီနီယာ အစ်မ၊ လာ လေ့ကျင့်ဖို့ သွားရအောင်...."

ချင်ယန်က ပြောလိုက်သည်။

"အင်း...."

မသလိုက် မသိဘာသာ နောက်ထပ် ငါးရက် ကုန်ဆုံးသွားပြီး အပြင်စည်းတပည့် စာမေးပွဲ ကျင်းပရန် နှစ်ရက်သာ လိုတော့သည်။

မိုးကြိုးမီး ဓါးဂိုဏ်းတွင် အရောင်အသွေး စုံလင်နေသည်။

ဒါသည် မိုးကြိုးမီး ဓါးဂိုဏ်းတွင် သုံးနှစ်တစ်ခါ ကျင်းပသော အဓိက ပွဲတော်ကြီးလည်း ဖြစ်နေသည်။

ထို့အပြင် ယခုတစ်ကြိမ်တွင် ဖန်ယွမ်ဟွမ်က တန်ခိုးရှင် တော်တော် များများကို

ဖိတ်ခေါ်ထားသဖြင့် အင်အားစု တော်တော်များများ တက်ရောက်ကြမည်ကို ကျီးပေါင် သိနေသည်။

"အစ်မ၊ ချင်ယန်၊ ငါ အဆင့်တက်သွားပြီ။ အခု ချီဖွဲ့စည်းခြင်း အဆင့် (၂) ရောက်နေပြီ။"

ရှောင်ကျူယင်က ဝမ်းသာအားရ ပြောလာသည်။

ချင်ယန်က မျက်လုံးဖွင့်၍ ရှောင်ကျူယင်ကို တစ်ချက်လိုက်ပြီး သာမန်ကာ လျှံကာ အမူအရာနှင့်....

"ဆက်ပြီး စုစည်းထား... ချီဖွဲ့စည်းခြင်း အဆင့် (၂) က ဘာဆိုဘာမှ မဟုတ်သေးဘူး....."

ချင်ယန်သည် ချီဖွဲ့စည်းခြင်း နယ်ပယ်ကို တက်လှမ်းထားသည်မှာ မကြာသေးသော်လည်း လေလံပွဲထဲတွင် ပစ္စည်းကောင်း တော်တော်များများ ရလာခဲ့သဖြင့် ယခုအခါ ချီဖွဲ့စည်းခြင်း အဆင့် (၅) ရောက်နေသည်။

ရှောင်ကျူဝမ်က ချီဖွဲ့စည်းခြင်း အဆင့် (၈) ရောက်နေခဲ့ပြီ......

"အင်း...."

ရှောင်ကျူယင်က လေသံ ပျော့ပျော့လေးနှင့် အင်းလိုက် ရှာသည်။

......

"ချင်ယန်....."

တိမ်တိုက်သခင်နှင့် ချိုင်ယုရှန်တို့ ရောက်လာကြပြီး ချင်ယန်ကို မြင်သည်နှင့် အမုန်းမီးများ တစ်ဟုန်းဟုန်း တောက်လောင်နေကြသည်။

"ချင်ယန်၊ ငါတို့တွေ တစ်လခွဲလောက် အနားယူပြီးပြီ။ ဒီမှာ ငွေတုံး (၂) သန်းတန် ဘဏ်စာရွက်။ ငါ့ကို ကုသပေးပြီးရင် ဒါက မင်းအတွက်ပဲ...."

တိမ်တိုက်သခင်က တင်းမာစွာ ပြောလိုက်သည်။

တိမ်တိုက်သခင်က စကားပြောရင်း ဘဏ်စာရွက် နှစ်ရွက် ထုတ်ယူလိုက်သည်။ ဘဏ်စာရွက် တစ်ရွက်ကို ငွေတုံးတစ်သန်း တန်သည်။

"ချင်ယန်... အခုလက်ရှိ မင်းအခြေအနေကို မင်း သိပါတယ်...."

"ငါတို့ကို ကုသပြီး ငွေတုံး (၂) သန်းယူလိုက်။ အချိန်တန်ရင်တော့ လွှတ်အောင် ပြေးပေါ့ကွာ...။ ငွေမရှိရင် လုံး၀ မလွတ်နိုင်ဘူးနော်။ မလွတ်ရင် အသက်မရှင်ဘူး..."

ချိုင်ယုရှန်က ပြေးရိုက်ချင်စရာ ကောင်းသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။

ချင်ယန်က လောလိန်းကို အဆင့် တက်နိုင်အောင် ကူညီပေးခဲ့သည်ကို သူတို့ သိကြသည်။ ထို့ပြင် ရှောင်ကျူ၀မ်တို့ ညီအစ်မ နှစ်ယောက်က ဖန်မိသားစုကို စော်ကားထားပြီး

ချင်ယန်က ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်နှင့် အလွန် နီးနီးကပ်ကပ် နေ နေသည်။ ဒါသည် သေချင်၍ ဖင်ယားခြင်းသာ ဖြစ်သည်။

လောလိန်းက မူလအစစ်အမှန် နယ်ပယ် ရောက်နေလျှင်ပင် မိုးကြိုးမီး ဓါးဂိုဏ်းက ဖန်ယွမ်ဟွမ်ကို စော်ကားရန် မတတ်နိုင်သေးချေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“အပြင်စည်းတပည့် စာမေးပွဲ မပြီးမချင်း မင်းတို့အတွက် ကုသမှုကို ရွှေ့ဆိုင်းလိုက်ပြီ....”

ချိုင်ယုရှန်က ရန်လိုသော အမူအရာနှင့်.....

“ချင်ယန်၊ မင်း ငါ့လူတွေနဲ့ တိုက်ခိုက်ရဲလား....”

“မင်းတို့ကို ဘာမှ မလုပ်ရဲဘူးလို့ မထင်နဲ့...။ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က နည်းနည်းလေးတော့ သန်မာတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ ငါတို့ရဲ့ ချီဖွဲ့စည်းခြင်း လက်အောက် ငယ်သားတွေ တောင်ပေါ် ပါလာတယ်..”

“မင်းငါနဲ့ မတိုက်ခိုက်ရဲရင် အပြင်စည်း တပည့် စာမေးပွဲ မပြီးခင် ဒီနေရာမှာတင် အသက် ထွက်သွားမယ်ဆိုတာ ယုံလား......”

ရှောင်ကျူဝမ်က အိမ်ထဲမှ ထွက်လာပြီး ချင်ယန် ဘေးနား ရောက်လာသည်။

တိမ်တိုက်သခင်က အေးစက်သော လေသံနှင့်…

"ချင်ယန်၊ မင်းက နာခံမှုရှိရှိနဲ့ ကုသပေးလိုက်။ ဒီပိုက်ဆံက မင်း အပိုင်ပဲ။ ငါတို့ကလည်း အေးအေးဆေးဆေး ပြန်ထွက်သွားမယ်။ တကယ်လို့ မင်းက ဒီလို စောက်ချိုးမျိုး ဆက်လုပ် နေမယ်ဆိုရင် ဒီနေ့ စန်မင် မဟာဆေးပညာရှင် ဖြစ်တဲ့ ငါ အဘိုးကြီးကို စော်ကားမိတာက ဘယ်လောက်

ကြောက်စရာ ကောင်းတယ်ဆိုတာ မင်း သိသွားလိမ့်မယ်...”

“မိုးကြိုးမီး ခါးဂိုဏ်းက မင်းကို မကာကွယ် ပေးနိုင်ဘူး။ ထပ်ပြီး ကာကွယ်ပေးမှာလည်း မဟုတ်တော့ဘူး......”

ထိုအချိန်တွင် ကျီးပေါင်နှင့် လောလိန်းတို့က တိမ်တိုက်သခင် ရောက်နေသည်ဟု သတင်းကြားပြီး ရောက်လာကြခြင်းပင်။

ချင်ယန်က အနည်းငယ် အေးစက်သွားသော မျက်လုံးများနှင့် ကျီးပေါင်ကို လှမ်းကြည့်လိုက်သည်။

"လောလိန်း၊ မင်းကို မူလအစစ်အမှန် နယ်ပယ်ရောက်အောင် ကူညီပေးပြီး မင်းအသက်ကို ကယ်ခဲ့တယ်။ မိုးကြိုးမီး ခါးဂိုဏ်းကိုလည်း ကူညီပေးခဲ့တယ်။ ကြည့်ရတာ မိုးကြိုးမီး ခါးဂိုဏ်းက သိပ်ပြီး တန်ဖိုး မထားတတ်ဘူး ထင်တယ်....."

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

လောလိန်းက အနည်းငယ် သက်ပြင်း ချလိုက်ပြီး...

"ချင်ယန်၊ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို မကာကွယ် ပေးပါနဲ့လား....။ ငါက

မဟာမိတ် ခေါင်းဆောင်ဖန်ကို တောင်းပန်ပေးမယ်။ ပြီးတော့ တိမ်တိုက် သခင်ကိုလည်း ကူသပေးလိုက်ပါ။ အချိန်တန်ရင် ဒီအဘိုးကြီးက မင်းအတွက် အာမခံချက် တစ်ခုခု ရအောင် လုပ်ပေးမယ်.....”

“ မင်းသာ ခေါင်းမငုံ့ဘဲ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို ကာကွယ် ပေးချင်တယ်ဆိုရင် ဒီအဘိုးကြီးက မင်းကို ကာကွယ် ပေးချင်ရင်တောင် လုပ်နိုင်မယ့် အရည်အချင်း မရှိဘူး.....”

ကျီးပေါင်ကလည်း အလေးအနက် ထားပြီး....

“ချင်ယန်၊ ရှောင်မိသားစုက အဆုံးသတ် သွားပြီ။ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က အသက်ရှင်ဖို့ မဖြစ်နိုင်တော့ဘူး။ သူတို့ကို မင်း မကယ်တင်နိုင်ဘူး။ ဒီအတိုင်း ဆက်လုပ် နေမယ်ဆိုရင် မင်းပါရောပြီး ပျက်ဆီး သွားလိမ့်မယ်....”

“မကြာခင် အပြင်စည်းတပည့် စာမေးပွဲ ပြီးတော့မယ်။ အရင် သဘောတူထားတဲ့ အချက်အရ စာမေးပွဲပြီးသွားရင် ရှောင်ကျူဝမ်တို့ ညီအစ်မ

နှစ်ယောက်က မိုးကြိုးမီး ခါးဂိုဏ်းရဲ့ ဂိုဏ်းသားတွေ မဟုတ်တော့ဘူး။ မိုးကြိုးမီး ခါးဂိုဏ်းကလည်း အကာအကွယ် မပေးနိုင်တော့ဘူး.....”

“သူတို့ ညီအစ်မနှစ်ယောက်က လှပပါတယ်။ ဒါပေမယ့် မင်းက လုပ်နိုင်စွမ်း အရမ်းရှိတယ်လေ။ အချိန်တန်ရင် သူတို့ထက် ပိုကောင်းတာတွေ ရှာတွေ့မှာပါ။ မ ကိစ္စနဲ့ ကိုယ့်ကိုယ်ကို နစ်မွန်း မခံပါနဲ့......”

ရှောင်ကျူဝမ်က ချင်ယန်ဘေးတွင် ရှိနေပြီး ရှောင်ကျူယင်က ချင်ယန်၏ သစ်သား

အိမ်ကလေးထဲတွင် ရှိနေသည်။ သို့သော် ကျီးပေါင်နှင့် အခြားလူများက လုံးဝ အားမနာပေ။ သူမတို့၏ ခံစားချက်ကို လုံးဝ လျစ်လျူရှုထားပြီး ကိုယ်ချင်းစာစိတ် မထားဘဲ ပြောချင်သည်ကို ပြောနေကြသည်။

ကျီးပေါင်၏ အမြင်တွင် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က သေမင်းကို စရံ တစ်ဝက် သတ်ပြီးသွားပြီ။

ချင်ယန်က ဂရုမစိုက်သော အမူအရာနှင့်.....

"ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို ငါက မရရအောင် ကာကွယ်ပေးမယ်။ ဒီနေ့ ဒီကောင် နှစ်ကောင်ကိုလည်း မကုပေဘူး။ လောလိန်း၊ မင်းက ငါတို့ကို တိုက်ခိုက် ချင်တာလား....."

ချိုင်ယုရှန်က လှောင်ပြောသော အမူအရာနှင့်....

"ချင်ယန်၊ ဒီနေ့ ငါတို့ကို ကုသပေးရုံတင် မကဘူး မင်းကိုယ်မင်းလည်း ပြန်ကုရမယ်...."

"မိုးကြိုးမီး ဓါးဂိုဏ်းကသာ မင်းကို မကာကွယ် ပေးထားရင် မင်း စုတ်ပြတ် သတ်နေပြီ....

ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်လည်း တော်တော်လေး သနားစရာ ကောင်းနေလောက်ပြီ”

ချင်ယန်က ခနဲ့တဲ့တဲ့ အမူအရာနှင့်.....

“လောလိန်း၊ ကျီးပေါင်၊ ငါတို့က မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေ ဖြစ်နေတုန်းပဲ။ အခုလက်ရှိ မိုးကြိုးမီး ဓါးဂိုဏ်းမှာ မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်တစ်ယောက် ရှိနေပြီ။ ဒါတောင် ခေါင်းပေါ် တက်ထိုင်တာ ခံနေတုန်းလား.....”

တိမ်တိုက်သခင်က အေးစက်သော လေသံနှင့်.....

"ဂိုဏ်းချုပ်ကြီး၊ ဒီနေ့ကိစ္စမှာ မင်း ဝင်မပါနဲ့။ ဒီလိုမှမဟုတ်ရင် မိုးကြိုးမီး ဓါးဂိုဏ်းက ငါ့ရန်သူပဲ….."

လောလိန်းနှင့် ကြီးပေါင်တို့ မျက်နှာပျက်သွားကြသည်။

တိမ်တိုက်သခင်က အလွန် အစွမ်းထက်သော စန်မင် မဟာဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး သူ့အင်အားက မပျော့ညံ့ပေ။

"ချင်ယန် ၊ မင်းကိစ္စ မင်းရှင်း….."

လောလိန်းက သက်ပြင်းချင်ရင်း ပြောလိုက်သည်။

တစ်ဖက်တွင် ချင်ယန်က သူ့ကို အများကြီး ကူညီပေးခဲ့သည်။ အခြားတစ်ဖက်တွင် ဖန်ယွမ်ဟွမ်နှင့် တိမ်တိုက်သခင်တို့က ချင်ယန်ကို အကာအကွယ် မပေးရန် ဖိအား ပေးနေသည်။

လောလိန်းက......

“ချင်ယန်၊ တိမ်တိုက်သခင်တို့ ဆရာတပည့် နှစ်ယောက်ကို ကုသပေးလိုက်ပါ။ ဒါမှ မိုးကြိုးမီး ခါးဂိုဏ်းက အပြင်စည်းတပည့် စာမေးပွဲ ပြီးတဲ့အထိ

အာမခံပေးနိုင်မယ်။ မဟုတ်ရင် ငါတို့လည်း ဘာမှ မတတ်နိုင်တော့ဘူး......”

စကားပြောပြီးနောက် လောလိန်းနှင့် ကျီးပေါင်တို့က ထွက်ခွာ သွားကြသည်။

တိမ်တိုက်သခင် ခေါ်ဆောင်လာသော ချီဖွဲ့စည်းခြင်းအဆင့် လက်အောက် ငယ်သားများ ဝင်လာကြသည်။

“ချင်ယန်၊ မင်း ကံကြမ္မာကို လက်ခံလိုက်ပါ။ မင်း ငါ့တို့ကို အနိုင် မယူနိုင်ပါဘူး.....”

ချိုင်ယုရှန်က စပ်ဖြဲဖြဲ ပြုံးပြီး ပြောလိုက်သည်။

“တကယ်လို့ ချင်ယန် မနာခံရင် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို ဖမ်းလိုက် ။ ပြီးတော့ သူမတို့ အဝတ်စားကို အရင် ချွတ်.....”

ချိုင်ယုရှန်တို့ ဆရာတပည့် ခေါင်ဆောင်လာသော လူများ၏ မျက်လုံးများ တောက်ပလာသည်။ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်၏ ကောက်ကြောင်းက ရက်ရက်စက်စက် လှနေသည်။ အကယ်၍ အဝတ်အစား ဖယ်ကာ ကြည့်လိုက်ရမည် ဆိုလျှင်..........

‘ဟီးဟီး……ဟီးဟီး….’

## အခန်း(၄၇) - ကောင်းကင်ဘုံကို အံတုသော အမှိုက်...

ချင်ယန်က လျှောင်သလိုလို ပြုံးလိုက်ပြီး....

"တိမ်တိုက်သခင်၊ ချိုင်ယုရှန်၊ တကယ်လို့ အခု ငါ ကုသပေးရင် ငါရဲ့ ကုသမှုကို မင်းတို့က ယုံယုံကြည်ကြည် လက်ခံရဲလို့လား...."

"အိပ်တစ်ချက်ပဲ စိုက်မယ်။ ယုံလားတော့ မသိဘူး.... အသက်ရှုချိန် တစ်ကြိမ်ပဲ ကြာမယ်"

ချိုင်ယုရှန်က ဒေါသတကြီး အံကြိတ်လိုက်ပြီး.....

“ ငါတို့သာ တစ်ခုခု ဖြစ်သွားရင် မင်းလည်း မြေမြှုပ်ခံရမယ်......”

ချင်ယန်က ကျယ်လောင်စွာ အော်ရယ် လိုက်ပြီး....

“ငါက ချူယောင် မိသားစု၊ ချမ် မိသားစု၊ ကျန်းရှီကွမ်၊ ဖန်မိသားစုနဲ့ မင်းကို စော်ကားခဲ့တယ်။ သေရမှာ ကြောက်နေတယ်လို့ မင်းက ထင်နေတာလား.....”

ချိုင်ယုရှန်၏ မျက်နှာ အမူအရာသည် ရှုံ့မဲ့သွားပြီး နင် သွား၏။ ချင်ယန်က အင်အားစု တော်တော် များများကို ရန်စခဲ့သည်။ အမှန်တကယ်ကို သေမှာ မကြောက်ပေ။

'ငါက ဒီကောင်ကို သေခြင်းတရားနဲ့ ခြိမ်းခြောက် နေတာလား….'

"ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကိုလည်း ဖန် မိသားစုက သတ်ချင်နေတယ်။ သူတို့နှစ်ယောက် သေမှာ ကြောက်နေရင်လည်း အသုံးမဝင်ဘူး"

"မင်းတို့သာ သေရမှာ မကြောက်ရင် လာခဲ့၊ လာခဲ့..... ဘယ်သူကို အရင် ကုပေးရမလဲ။ စိတ်ချစမ်းပါ ရလဒ် မြန်စေရမယ်......"

တိမ်တိုက်သခင်၏ မျက်နှာက မျက်မှောင်ကြုတ်နေပြီး ချင်ယန် လက်ချက်နှင့် အသက်ထွက်သွားမည် စိုးရိမ်၍ ရှေ့ မထွက်ရဲပေ။

တိမ်တိုက်သခင်က လေးနက်သော အမူအရာနှင့်.....

"ချင်ယန်၊ ဖန်မိသားစုက မင်းအသက်ကို လွှတ်ပေးအောင် အချိန်တန်ရင် ဒီလူအိုကြီးက

မင်းအတွက် တောင်းဆိုပေးမယ်။ မင်း အသက်... ရှင်ကို ရှင်စေရမယ်......"

"ဟား ဟား... အဲ့ဒီလို ငါ မပြောခိုင်းဘူးနော်......"

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

တိမ်တိုက်သခင်သည် သူက စန်မင် မဟာဆေးပညာရှင် ဖြစ်နေသဖြင့် ဖန်မိသားစုနှင့် သဘောထား မတိုက်မှု မဖြစ်နိုင်ဘူး ယူဆနေသည်။ ကျီးပေါင်နှင့် လောလိန်း ထက်စာလျှင် ဖန်မိသားစုက သူ့ကို မျက်နှာသာ ပိုပေး ရလိမ့်မည်။

တိမ်တိုက်သခင်က အေးစက်သော လေသံနှင့်....

“ချင်ယန်၊ အချိန်တန်ရင် ဒီအဘိုးကြီးက ဖန်မိသားစုဆီ သွားပြီး မင်းအသက်ကို လဝက်လောက် လွှတ်ပေးထားအောင် ပြောပေးမယ်။ တကယ်လို့ အဲ့ လဝက်အတွင်းမှာ မင်းက ဖန်မိသားစု လက်ထဲက လွတ်အောင် ထွက်ပြေးနိုင်ရင် မင်း မသေတော့ဘူး။ လွတ်အောင် မပြေးနိုင်ရင်တော့ မင်း သေလိမ့်မယ်....”

“ဒါပေမယ့် မင်း ထွက်မပြေးခင် ငါ့ကို ကုသပေးခဲ့ရမယ်။ ဒီအဘိုးကြီးရဲ့ ရောဂါ လုံးဝ

ပျောက်ကင်းသွားရင် မင်းတားရင်တောင် မရဘူး ဒီအဘိုးကြီးက ဖန်မိသားစုကို သွားပြီး တောင်းပန် ပေးမယ်......”

ချင်ယန်က ရယ်မောလိုက်ပြီး.......

“ငါ အသက်ရှင်အောင် မင်းက တောင်းပန် ပေးမယ် ဟုတ်လား..... မသိပါဘူး...... မင်းက ငါ့ကို သတ်ချင်နေတယ်လို့ ထင်နေတာ......။ ဒီမှာ မင်းတို့ အားလုံး ငါ့ကို သတ်ချင်နေတယ် ဆိုတာ ငါ ကောင်း ကောင်း သိတာပေါ့....”

"ကောင်းတယ်။ အရမ်း ကောင်းတယ်.... သွားမယ်ဟော့......"

တိမ်တိုက်သခင်နှင့် ချိုင်ယုရှန်တို့ သည် ချင်ယန်ကို သတ်ချင်စိတ်နှင့် အသားများ တဆတ်ဆတ် တုန်နေသော်လည်း စိတ်ထိန်းပြီး ပြန် ထွက်သွားကြသည်။

"ချင်ယန်၊ ဒီလူအုပ်ကို ငါတို့ အခုလက်ရှိ ခွန်အားနဲ့ ဖြေရှင်း နိုင်ပါတယ်......."

ရှောင်ကျူဝမ်က ညင်သာစွာ ပြောလိုက်သည်။

ယခုအခါ ရှောင်ကျူဝမ်က ချီဖွဲ့စည်းခြင်း အဆင့် (၈) ရောက်နေပြီး ဖန်ယွမ်ဟွမ်နှင့် ထိပ်တိုက် ရင်ဆိုင် တိုက်ခိုက်လျှင်ပင် ထိုတိုက်ပွဲတွင် သူမက ကျိန်းသေပေါက် အနိုင်ရလိမ့်မည်။

ချင်ယန်က တည်ငြိမ်နေသော အမူအရာနှင့်...

"သူတို့ကို ဖြေရှင်းဖို့ လွယ်ပါတယ်။ ဒါပေမယ့် အခုလက်ရှိ မင်းရဲ့ခွန်အားနဲ့ ဖန်ယွမ်ဟွမ်ကို ကျိန်းသေပေါက် သတ်နိုင်မယ်လို့ မသေချာသေးဘူး....."

အနိုင်နှင့် အရှုံးသည် သေခြင်းတရားနှင့် ကြိုတစ်ချောင်းသာ ခြားနေသည်။

နိုင်လျှင်နိုင်၊ မနိုင်လျှင် သေရလိမ့်မည်။

"နောက် နှစ်ရက်လောက်တော့ သည်းခံပါအုံး...."

ရှောင်ကျူဝမ်က တိတ်တဆိတ် ခေါင်းညိတ်လိုက်သည်။

နှစ်ရက် ဆိုသည်မှာ သာမန်လူများအတွက် အလွန်တိုတောင်းသော်လည်း ချင်ယန်နှင့် ကျန်သည့်

လူများအတွက်မူ သူတို့၏ ခွန်အားကို သိသိသာသာ တိုးတက် စေနိုင်သည်။

ရှောင်ကျူဝမ်၏ ကျင့်ကြံခြင်း အဆင့်က ချီဖွဲ့စည်းခြင်း အဆင့် (၈) ထက်စာလျှင် ချီဖွဲ့စည်းခြင်း အဆင့် (၉)ကို ရောက်နေပါက ပို၍ ကောင်းမွန်လိမ့်မည်။

.......

ချမ် မိသားစု......

"အစ်ကိုဟောင်၊ အဝေးကြီးကနေ လာခဲ့ပေးလို့ ကျေးဇူးတင်ပါတယ်"

ချမ်ဖိန်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

ချမ်ဖိန်၏ ရှေ့တွင် အင်ပါယာမြို့တော်က ရောက်လာသည့် အသက် (၂၀) ကျော်အရွယ် လူငယ်လေး တစ်ယောက် ရှိနေသည်။ သူက ချမ်ဖိန်နှင့် ဆက်ဆံရေး ကောင်းမွန်လှသည်။

"အာဟောင်၊ တစ်လမ်းလုံး ပင်ပန်း လာခဲ့မှာပဲ....."

ချမ်ဖိန်၏ မိဘများကလည်း ပြောလိုက်သည်။

ချမ်ဟောင်က ပြုံးလိုက်ပြီး

“ပင်ပန်းတဲ့ အလုပ် မဟုတ်ပါဘူး...... အခု ဒီကိုတောင် ရောက်နေပြီလေ.. ရှောင်ဖိန်ရဲ့ သိုင်းဝိညာဉ်က မီးလျှံပြင်း ခြင်္သေ့ သိုင်းဝိညာဉ် ဖြစ်နေဖို့ပဲ တကယ် မျှော်လင့်တယ်.....”

ချမ်ဖိန်က တစ်ချက်တွေးလိုက်ရာ နှစ်မီတာ ရှည်သော မီးလျှံပြင်း ခြင်္သေ့ သိုင်းဝိညာဉ်က ရုတ်တရက် ပေါ်လာသည်။

ချမ်ပေါင်၏ မျက်လုံးက တောက်ပလာပြီး ပြုံးလိုက်ကာ....

“အရမ်း ကောင်းတယ်။ သိုင်းဝိဇ္ဇာဉ်က တကယ် အမှန်ပဲ။ ရှောင်ဖိန်၊ မင်းတော့ အင်ပါယာမြို့တော် ချမ်မိသားစုထဲ သေချာပေါက် ဝင်နိုင်ပြီ။ အဓိက အဖွဲ့ဝင် တစ်ယောက်အနေနဲ့ လေ့ကျင့်ရလိမ့်မယ်။ အချိန်တန်ရင် ငါတို့ ချန်နန် မိသားစုခွဲက ဩဇာ ပို ကြီးလာတော့မယ်......”

"ရှောင်ဖိန်၊ မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အပြင်စည်း တပည့် စာမေးပွဲ ဖြေနေစရာ မလိုတော့ဘူး။ အင်ပါယာမြို့တော်ကို ငါနဲ့ အခုလိုက်ခဲ့...."

ချမ်ဖိန်က အံကြိတ်လိုက်ပြီး.....

"အစ်ကိုဟောင်၊ မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အပြင်စည်း တပည့် စားမေးပွဲကို ဖြေကိုဖြေမှ ဖြစ်မယ်။ လူယုတ်မာ တစ်ယောက်ကို ကောင်းကောင်း ပညာ ပေးရအုံးမယ်....."

"အစ်ကိုဟောင် ၊ မင်း မသိသေးဘူး။ အရင်က ငါ့ရဲ့ သိုင်းဝိညာဉ် နိုးထခဲ့သေးတယ်။ ဒါပေမယ့်

လူယုတ်မာ တစ်ယောက်က စက်ဆုပ်ရွံရှာဖို့ကောင်းတဲ့ နည်းလမ်းသုံးပြီး ငါ့ သိုင်းဝိဉာဉ်ကို သတ်ခဲ့တယ်။ အခုလက်ရှိ မီးလျှံပြင်း ခြသေ့် သိုင်းဝိဉာဉ်က စိတ်ဝိဉာဉ် ကောင်းမွန်ခြင်း ဆေးပြားသုံးပြီး ပြန်ကုထားရတာ....”

“မိုးကြိုးမီး ဓါးဂိုဏ်း အပြင်စည်းတပည့် စာမေးပွဲကျရင် လူတွေ အများကြီး ရောက်လာလိမ့်မယ်။ မရေမတွက်နိုင်တဲ့ လူတွေ

ရှေ့မှာ ပါရမီရှင် တစ်ယောက်နဲ့ အမှိုက်ကြားက ကွာခြားမှုကို ငါပြသရမယ်.....”

ချမ်ဟောင်၏ မျက်လုံးထဲတွင် အေးစက်သော အလင်းရောင် တစ်ချက် ဖြတ်ပြေးသွားပြီး.....

“အဲ့ဒီလို ရှိတာလား.....”

“မင်းရဲ့ သိုင်းဝိညာဉ်၊ မီးလျှံပြင်း ခြင်္သေ့ သိုင်းဝိညာဉ်ကို ဖျက်ဆီးပစ်တယ် ဟုတ်လား....ငါတို့ ချမ်မိသားစုကို မျက်လုံးထဲ မထည့်တာလား....”

"ဒီလိုဆိုရင် ငါလည်း ဒီမှာ နှစ်ရက် ထပ်နေမယ်။ အချိန်တန်ရင် အဲ့ဒီလို လုပ်ရဲတဲ့ ကောင်က ဘယ်လိုကောင်လဲဆိုတာ မိုးကြိုးမီး ခါးဂိုဏ်းကို လိုက်ကြည့်မယ်....."

ချမ်ဖိန်က စိတ်လှုပ်ရှားသွားသော လေသံနှင့်....

"အစ်ကိုဟောင်၊ ကျေးဇူးအများကြီး တင်ပါတယ်။ အချိန်တန်ရင် မရေမတွက်နိုင်တဲ့ လူတွေရှေ့ အဲ့ဒီကောင်ကို သတ်ပစ်မယ်။ ဘာ ပြဿနာမှ မရှိဘူး"

ချမ်ဟောင်က ဂုဏ်ယူသော လေသံဖြင့်....

"အချိန်တန်လို့ မင်းသူ့ကို သတ်နိုင်ရင်တောင် လွယ်လွယ် မသေခိုင်းနဲ့..."

"ငါတို့ ချမ်မိသားစုကို မျက်လုံးထဲ မထည့်တဲ့ ကောင်ဆိုရင် ပြင်းပြင်းထန်ထန် အပြစ်ပေးရတယ်...."

....

"ယန်အာ.... အမေရဲ့ ခွန်အားတွေ တကယ်ပဲ ပြန်ကောင်းလာမှာလား..."

ရှီယန်က တုန်ယင်နေသော အသံနှင့် ပြောလိုက်သည်။

ယခုအခါ ချင်ယန်က သူ့အိမ်သို့ ပြန်ရောက်နေသည်။ ချီဖွဲ့စည်းခြင်း အဆင့် (၅) ကျင့်ကြံခြင်း အဆင့်နှင့်အတူ လေလံပွဲက ရရှိခဲ့သည့် စိတ်ဝိညာဉ် ဆေးပင်များဖြင့် ချင်ယန်က ဆေးလုံး နှစ်လုံး သန့်စင်ထားသည်။

အစွမ်းထက်သော အိပ်ပ်စိုက် ကုထုံး၊ ဒီဆေးနှစ်လုံးနှင့် ဆိုလျှင် သူ့အမေ၏ ကျင့်ကြံခြင်းအဆင့်က ချီစုဆောင်းခြင်း အဆင့်

(၁၀) သို့ ပြန်ရောက် သွားလိမ့်မည်ဟု ချင်ယန်က ယုံကြည်နေသည်။

တစ်ချိန်က အင်ပါယာ မြို့တော်၏ အတောက်ပဆုံး ပါရမီရှင် သူ့အမေ ရှီယန်က အသက်နှစ်ဆယ့် လေးနှစ်နှင့် မူလ အစစ်အမှန် နယ်ပယ်ကို ရောက်ရှိခဲ့သည်။

ထိုအချိန်က ချင်ယန်၏ အဖေ၊ ချင်ဟိုင်ကလည်း မူလ အစစ်အမှန် နယ်ပယ် ဖြစ်သည်။ မတော်တဆမှုသာ မဖြစ်ခဲ့ပါက ချင်ယန်၏ ဘဝက တော်တော်လေး အဆင်ပြေ နေလိမ့်မည်။

ချင်ယန်ကို ကိုယ်ဝန် လွယ်ထားသည့် အချိန်တွင် ရှီယန်က အသက် (၂၇) နှစ် ဖြစ်နေပြီး မူလ အစစ်အမှန် နယ်ပယ် အဆင့် (၄) သို့ ရောက်ရှိနေသည်။ သို့သော် အဆိပ်မိပြီးနောက် ရှီယန်၏ ကျင့်ကြံခြင်းအဆင့်က ဆက်တိုက် ကျဆင်း သွားခဲ့သည်။

ထိုကဲ့သို့ ကျင့်ကြံခြင်းအဆင့်ကို ရောက်ရှိခဲ့သည့် တန်ခိုးရှင် တစ်ယောက်အတွက် ကျင့်ကြံခြင်းအဆင့် ကျဆင်းခြင်းက အလွန် နာကျင်စရာ ကောင်းသော ဖြစ်ရပ်တစ်ခု ပင် ။ ပိုဆိုးသည်မှာ ကျင့်ကြံခြင်း

အဆင့် ကျဆင်းနေသည်ကို သိသော်လည်း ဘာမှ မတတ်နိုင်ဘဲ ကြည့်နေခဲ့ရသည့် အဖြစ်ပင်.....

ဒီနှစ်များအတွင်းတွင် ရှီယန်၏ ဘဝက ကြက်ဟင်းခါးသီး ထက်ပင် ပိုခါးခဲ့သည်။

"အမေ... သားကို ယုံလိုက်စမ်းပါ။ သေချာပေါက် ဖြစ်လာလိမ့်မယ်...."

ချင်ယန်က ပြောလိုက်သည်။

ရှီယန်၏ မျက်လုံးထဲတွင် မျက်ရည်များ ဝဲလာသည်။ သူမ၏ ကျင်ကြံခြင်း အဆင့်

ပြန်ရသွားသည်ဟု မကြာခဏ အိပ်မက်မက်လေ့ရှိသည်။ ထိုအိပ်မက်ထဲတွင် သူမက ငွေပို့ရှာနိုင်ပြီး ချင်ယန်ကို ပိုကောင်းသော ဘဝတွင် ထားနိုင်ခဲ့သည်။

"အမေ့သားကို အမေ ယုံတယ်။ အမေ ယုံတယ်...."

ရှီယန်က မျက်ရည်များ ဝဲနေသည်။

"အန်တီယန်၊ သခင်လေးက သေချာပေါက် လုပ်နိုင်ပါတယ်...."

ရှန်းယုလင်းက ရှီယန်ကို မျက်ရည်များ သုတ်ပေးလိုက်သည်။ ချင်ယန်ကို သူမ ယုံကြည်သည်။

“ဟုတ်ပြီ. ဟုတ်ပြီ....”

ရှီယန်က အသက်ပြင်းပြင်းလေး ရှူလိုက်ပြီး..

“ယန်အာ၊ အမေ ဘာလုပ်ပေးရမလဲ......”

“အမေ၊ ဒီဆေးနှစ်လုံးကို သောက်လိုက်.... အမေ့ကိုယ်က စွမ်းအင်ကို လမ်းညွှန်ပေးဖို့ အပ်စိုက်ရမယ်....”

ချင်ယန် လက်ထဲတွင် ကျောက်စိမ်းသေတ္တာလေး တစ်ခု ပေါ်လာသည်။ သေတ္တာကို ဖွင့်လိုက်ရာ အထဲတွင် ဆေးအံနှစ်ခု ပါပြီး ဆေးတစ်လုံးစီ ရှိနေသည်။

"ဒါက....."

ရှီယန်နှင့် ရှန်းယုလင်းတို့ နှစ်ယောက်လုံး ဆေးကိုမြင်ပြီး အံ့အောသင့်သွားကာ မျက်လုံးပြူးသွား၏။ ထိုဆေးလုံးပေါ်တွင် ဆေးအငွေ့များ တလက်လက် တောက်ပနေသော ကြောင့်ပင်။

"ဒါက သေချာတယ်..."

ရှန်းယုလင်း ပြောလိုက်သည်။ သူမက ကြယ်လေးပွင့် ဆေးလုံးများကို စားခဲ့ဖူးသည်။ ယခု ချင်ယန်၏ ဆေးလုံးများက ပို၍ပင် အစွမ်းထက်နေသေးသည်။

ချင်ယန်က အနည်းငယ် ပြုံးလိုက်ပြီး.....

"အမေ၊ ကြယ်လေးပွင့် ဆေးလုံးပါ။ သားရဲ့ ကျင့်ကြံခြင်းအဆင့်က အားနည်းနေသေးလို့ ဒီဆေးတွေက ပြည့်စုံတဲ့ အဆင့်ကို မရောက်သေးဘူး...."

ရှီယန်နှင့် ရှန်းယုလင်းတို့သည် ရဟတ် စီးလိုက်ရသကဲ့သို့ ရင်ထဲ လှိုက်ခနဲ ဖြစ်သွားသည်။

ကြယ်းလေးပွင့် ဆေးသန့်စင်ခြင်း ဆေးဂိုဏ်းသခင် တစ်ယောက်ကသာ ကြယ်လေးပွင့် ဆေးလုံးများကို သန့်စင်နိုင်သည်။

အင်ပါယာမြို့မှာပင် ကြယ်လေးပွင့် ဆေးဂိုဏ်းသခင် တစ်ယောက်က အလွန်မြင့်မားသော အဆင့်အတန်းကို ပိုင်ဆိုင်နိုင်သည်။

"ချင်ယန်၊ တကယ်ပဲ မင်း သန့်စင်ထားတာလား။ သားက ကြယ်လေးပွင့် ဆေးဂိုဏ်းသခင် ဖြစ်နေပြီလား….'

ရှီယန်က မေးလိုက်သော်လည်း အလွန် စိတ်လှုပ်ရှားနေ၍ သူမအသံက တုန်ခါနေသည်။

ချင်ယန်က ရယ်မောလိုက်ပြီး…..

"သားက အကဲဖြတ်မှု မလုပ်ရသေးဘူး….. ဒါပေမယ့် အခုလက်ရှိ အဆင့်က ကြယ်လေးပွင့် အဆင့် ရောက်နေနိုင်တယ်…."

'ရှီယန် ထစမ်း၊ အိပ်မက်ထဲက ထစမ်း....'

ယခင် ချင်ယန်က အမှိုက်ဖြစ်ပြီး ယခု ချင်ယန်က ကောင်ကင်းဘုံကိုပင် အံ့တုနေကာ ကျင့်ကြံခြင်းအဆင့်က ချီဖွဲ့စည်းခြင်း နယ်ပယ် ရောက်နေရုံ သာမက ကြယ်လေးပွင့် ဆေးဂိုဏ်းသခင် တစ်ယောက်ပင် ဖြစ်နေသေးသည်။

## အခန်း(၄၈) - ကုသခြင်း....

ရှီယန်က ဆေးလုံးကို သောက်လိုက်သည်။

ချင်ယန်က ငွေအပ်ကို ကိုင်ပြီး သတိထား၍ သူ့အမေ ရှီယန်ကို အပ်စိုက်လိုက်သည်။ ငွေအပ် အရှည်က စင်တီမီတာ တစ်ရာနီးပါ ရှိနေ၍ အသည်းယားစရာ ကောင်းလှ၏ ။

ရှန်းယုလင်းပင် တုန်လုပ်နေသည်။ အချိန် အတော်ကြာအောင် နေမကောင်း ဖြစ်ခဲ့ဖူးသဖြင့်

အိပ်စိုက်သည့် လုပ်ငန်းစဉ်က မည်မျှ အန္တရာယ်များကြောင်း ကောင်းကောင်း သိနေသည်။

အပ်စိုက် ကုသမှုထဲတွင် ငွေအပ်များသည်နှင့်အမျှ ထိန်းချုပ်ရန် အလွန်ခက်ခဲလှသည်။

မတော်တဆ အပ်တစ်ချက် မှားစိုက်မိရုံနှင့် ခန္ဓာကိုယ်ထဲတွင် အပြောင်းအလဲ ဖြစ်သွားနိုင်သည်။ အပ် အရေအတွက် ရာနှင့်ချီနေပါက အပြောင်းအလဲ အလွန် အင်မတန် များလွန်းသည်။

ယခုအခါ ချင်ယန်က သူ့အမေကို ကုသပေးနေသည်။ ခေါင်းမသုံးဘဲ ခြေထောက်သုံး၍ တွေးကြည့်ရုံဖြင့် ချင်ယန်က ယုံကြည်ချက် မရှိဘဲ ကုသမည် မဟုတ်ကြောင်း သိနိုင်သည်။

'တန်ပင်ဂျီ.... အချိန်တန်ရင် ဒီလိုလုပ်ခဲ့တဲ့ အကျိုးဆက်ကို မင်း ပေးဆပ်စေရမယ်.......'

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး အော်ဟစ်လိုက်သည်။

ရှီယန်၏ ခန္ဓာကိုယ်သည် အဆိပ်ကြောင့် ဆိုးရွားစွာ ပျက်စီးနေသည်။ ထိုကဲ့သို့ မဟုတ်ပါက

ချင်ယန်၏ ကျွမ်းကျင်မှု၊ စိတ်ဝိညာဉ် ဆေးလုံး နှစ်လုံးနှင့်ဆိုလျှင် ဤမျှ ဒုက္ခ မများသင့်ပေ။

"သခင်လေး... ချွေးသုတ် ပေးမယ်နော်...."

ရှန်းယုလင်းက လက်ကိုင်ပုဝါနှင့် ချင်ယန်ကို ချွေးသုတ် ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်......"

ချင်ယန်က....

"ယုလင်း.... ကြည့်ရတာ အခုတလော မင်း အလုပ်ကြိုးစားတယ် ထင်တယ်။ ချီဖွဲ့စည်းခြင်း အဆင့် (၆) တောင် ရောက်နေပြီ....."

ချင်ယန် ချီဖွဲ့စည်းခြင်း အဆင့် ရောက်သည့် အချိန်တွင် ရှန်းယုလင်းက ချီဖွဲ့စည်းခြင်း အဆင့် (၂) ရှိခဲ့ပြီး ယခုအခါ ချင်ယန်က ချီဖွဲ့စည်းခြင်း အဆင့် (၅) ရောက်လာသည့် အချိန်မှာပင် ရှန်းယုလင်းက အနည်းငယ် ပိုမြင့် နေသေးသည်။

"သခင်လေး သင်ပေးတဲ့ ကျင့်စဉ်က အရမ်း ကောင်းနေလို့ပါ။ ပြီးတော့ သခင်လေး ပေးခဲ့တဲ့

စိတ်ဝိညာဉ် ဆေးလုံးကလည်း အရမ်း အစွမ်းထက်တယ်”

ရှန်းယုလင်းက ပြောလိုက်သည်။

ချင်ယန်က ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

“ဒါက မင်းရဲ့ သိုင်းဝိညာဉ်နဲ့ မင်းရဲ့ခံယူချက် ကောင်းလို့ပါ။ ဒါပေမယ့် မင်းရဲ့ သွေးမျိုးဆက်နဲ့ နတ်ရတနာကတော့ သာမန်ပဲ။ အနာဂါတ်ရောက်ရင် အဲ့ဒီ ရှုထောင့်နှစ်ခုကို မြှင့်တင်ရမယ်။ ဒီလိုမှ

မဟုတ်ရင် ထိပ်တန်း တန်ခိုးရှင် ဖြစ်လာတဲ့အခါ သက်ရောက်မှု ရှိလာလိမ့်မယ်.....”

ရှောင်ကျူဝမ်နှင့် ရှန်းယုလင်းတို့ နှစ်ယောက်တွင် ရှောင်ကျူဝမ်က သိုင်းဝိညာဉ်နှင့် နတ်ရတနာက အလွန် ကောင်းမွန်ပြီး ရှန်းယုလင်းက သိုင်းဝိညာဉ်နှင့် ခံယူချက် အလွန် ကောင်းမွန်သည်။

ရှောင်ကျူဝမ်၏ ကျင့်ကြံမှု တိုးတက်မှုနှုန်းက ပိုမြန်နေမည် ဖြစ်သော်လည်း သိုင်ကျင့်စဉ်များ လေ့ကျင့်သည့်အခါ ရှန်းယုလင်းက သာမန်

လေ့ကျင့်သူများထက် အဆပေါင်းများစွာ သာလွန်နေသည့်မှာ အသေအချာပင်။

“သခင်လေး ပြောတာကို နားထောင်ပါ့မယ်....”

“သခင်လေး ဘာပဲခိုင်းခိုင်း ခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်.....”

ရှန်းယုလင်းက လိမ္မာစွာ ပြောလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး...

“ဒီပြဿနာက အနာဂါတ်ကျမှ ဖြေရှင်းရမှာ။ အခုလက်ရှိတော့ မင်းရဲ့ သိုင်းဝိညာဉ် မောင်းနှင်မှုကြောင့် မင်းရဲ့ သွေးမျိုးဆက်နဲ့ နတ်ရတနာက ဖြည်းဖြည်းချင်း တိုးတက်နေတယ်။ မကြာခင် လုံလောက် လာလိမ့်မယ်…”

“ယုလင်း၊ မင်း အိမ် ခဏပြန်လိုက်အုံး….။ ရက်အနည်းငယ်ကြာရင် ငါတို့တွေ တိမ်ကင်းစင်မြို့က ထွက်သွား ရလိမ့်မယ်….”

ရှန်းယုလင်း ကြက်သေ သေသွားပြီး…..

"သခင်လေး... ဖန်မိသားစုရဲ့ ဖိအားကြောင့်လား....။ သခင်လေး ရှန်းမိသားစုနဲ့ မြို့စားတို့က ဆက်ဆံရေး တော်တော်လေး ကောင်းပါတယ်။ အဖေ့ကို မျက်နှာသာ ပေးနိုင်ပါတယ်။ ငါ့အဖေနဲ့ စကားပြောပြီး ဖန်မိသားစု ပြဿနာကို ဖြေရှင်း ခိုင်းလိုက်မယ်။ ဖန်မိသားစုက ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို စော်ကားလို့ မရစေဘူး....."

ယခင်က ရှန်းမိသားစု၏ ပိုင်ဆိုင်မှုသည် ငွေတုံး သန်းရှစ်ဆယ်နှင့် ကိုးဆယ် ကြားရှိခဲ့ပြီး ယခုအခါ

ပိုင်ဆိုင်မှုက ငွေတုံး သန်းတစ်ရာနှင့် တစ်ရာ တစ်ဆယ်ကြား ရှိလာပြီဖြစ်သဖြင့် ထုံးစံအတိုင်း မိသားစု၏ အလုံးစုံ အင်အားက သိသိသာသာ တိုးတက် လာခဲ့သည်။

ထို့အပြင် ယခုတစ်ကြိမ်တွင် ရှန်းမိသားစုက မြို့စားကို ငွေတုံး သန်းပေါင်းများစွာ ပေးထား ခဲ့သေးသည်။

ရှန်းချမ်ရှန်က ငွေတုံး သန်း (၆၀) ဖယ်ပြီး လျှို့ဝှက်ဆန်းကြယ် ပုဂ္ဂိုလ် တစ်ယောက်ကို ပေးခဲ့သည့် အကြောင်းအား လူအနည်းငယ်

သိကြသော်လည်း ထိုပုဂ္ဂိုလ်က မည်သူလဲ ဆိုသည်ကို မည်သူမျှ မသိကြပေ။ ကြီးမြတ်သော ထိုပုဂ္ဂိုလ်ကြီးက ဖန်မိသားစုကို တားဆီးပေးနိုင်လောက်သည်။

"မလိုပါဘူး....."

ချင်ယန်က...

"ဖိအားကြောင့် မဟုတ်ဘူး.... တိမ်ကင်းစင်မြို့က အရမ်း သေးငယ်လို့ပဲ။ အခု မင်းက ချီဖွဲ့စည်းခြင်း အဆင့် (၆) ရောက်နေပြီ... မင်းရဲ့ ခွန်အားက ဖန်ယွမ်ဟွမ်လို လူမျိုးထက်

အားမနည်းတော့ဘူး... အခုလက်ရှိ ရှောင်ကျူဝမ်ထက်တော့ နည်းနည်းလေး နိမ့်ကျနေသေးတယ်.....”

ရှန်းယုလင်း၏ မျက်လုံးထဲတွင် အံ့အောသင့်သွားသော အရိပ်အယောင်များ ပေါ်လာသည်။

“သခင်လေး.. ရှောင်ကျူဝမ်တို့ ညီအစ်မနှစ်ယောက်ကလည်း သခင်လေးရဲ့ အိမ်ဖော်တွေပဲလား......”

ရှန်းယုလင်းက မေးလိုက်သည်။

ချင်ယန်က ပြုံးလိုက်ပြီး.....

“ရှောင်ကျူဝမ်ကက ငါနဲ့ သခင်နဲ့ကျေးကျွန်း စာချုပ် ချုပ်ထားတယ်။ အခုတော့ ငါ့ သက်တော်စောင့်ပဲ။ အခု ချီဖွဲ့စည်းခြင်း အဆင့် (၈) ရောက်နေပြီး သိုင်းဝိညာဉ်ကလည်း မင်းထက် မဆိုစလောက်လေးပဲ နိမ့်ကျတယ်။ ကျင့်ကြံခြင်း အဆင့်မှာတော့ မင်းထက်မြင့်ပြီး သိုင်းဝိညာဉ်က မဆိုစလောက်လေး နိမ့်တယ်ဆိုပေမယ့် အလုံးစုံ ခွန်အားကတော့ မင်းထက် ပိုမြင့်တယ်......”

ရှန်းယုလင်း၏ မျက်လုံးများက စိတ်ရင်းနှင့် တောက်ပလာပြီး.....

“ငါက သခင်လေးကို အလကား စိုးရိမ်နေမိတာပဲ။ အခု အစ်ရှောင်ကျူဝမ်က ငါ့ထက်ပိုပြီး သန်မာနေပြီပဲလေ...”

“သခင်လေး.... ဖန်ယွမ်ဟွမ် ပြသနာနဲ့ အပြင်စည်း တပည့် စာမေးပွဲပြီးရင် ထွက်သွားချင်တာလား...”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"အပြင်းစည်းတပည့် စာမေးပွဲ ဖြေနေတုန်း ငါလည်း မသေဘူး.... ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်လည်း သေမှာ မဟုတ်ဘူး။ အချိန်တန်ရင် လူတိုင်း အဲ့ဒီမှာ ဆုံမယ်...... တစ်ယောက်ချင်းစီ လိုက်ရှာပြီး ကယ်တင်နေရရင် အရမ်း ကထိကထ များတယ်...."

"သခင်လေး... အန်တီယန်က သေချာပေါက် လာကြည့်မှာ..... အဲ့အချိန်ကျရင် ငါတို့က မင်းကို အားပေးနေမယ်......"

ရှန်းယုလင်းက ပြောလိုက်သည်။

ချင်ယန်က ခေါင်းညိတ်လိုက်သည်။ မိုးကြိုးမီး ဓါးဂိုဏ်းတွင် သုံးနှစ်တစ်ကြိမ် ပြုလုပ်သည့် စာမေးပွဲသို့ သူ့အမေ ကျိန်းသေပေါက် လာမည်ကို သူ သိနေသည်။

“ယုလင်း... မင်းတာဝန်က အဲ့အချိန်ကျရင် ငါ့အမေကို ကာကွယ်ပေးပါ....”

ချင်ယန်က ပြောလိုက်သည်။

“စိတ်မပူပါနဲ့.... သခင်လေး...”

"သခင်လေး...... အချိန်တန်လို့ မင်းနဲ့အတူတူ ထွက်သွားရရင်လည်း ပြဿနာ မရှိဘူး.... ငါက ရောဂါကုသဖို့ တိမ်ကင်းစင်မြို့က မကြာခဏ ထွက်သွားဖူးတယ်....."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး....

"ယုလင်း.... တစ်ခုတော့ အာရုံစိုက်ထား..... နောင်တစ်ချိန် တစ်ခုခု လှုပ်ရှားဖို့လိုလာရင် မင်း သိုင်းဝိညာဉ်ကို ထုတ်မပြမိစေနဲ့...."

သိုင်းဝိဇ္ဇာ၌တွင် တိုက်ခိုက်ရေး နည်းလမ်း သုံးမျိုးရှိသည်။

ပထမတစ်ခုမှာ သိုင်းဝိဇ္ဇာ၌က ကိုယ်တွင်း စွမ်းအားကို ထောက်ပံ့ပေးသည်။ ထိုနည်းလမ်းက သိုင်းဝိဇ္ဇာ၌၏ အစွမ်းကို (၃၀) ရာခိုင်နှုန်းသာ ပြသနိုင်ပြီး ကြာကြာ ခံနိုင်သည်။

ဒုတိယ တစ်ခုမှာ သိုင်းဝိဇ္ဇာ၌ကို မသဲမကွဲ ထုတ်လွှတ်ခြင်း ဖြစ်သည်။ တစ်ဖက်လူတွင် အထူးရတနာ သို့မဟုတ် တစ်မူထူးခြားပြီး ကြီးမားသည့် ခွန်အားမျိုး မရှိပါက တစ်ဖက်လူက

ကိုယ်၏ သိုင်းဝိညာဉ်ကို မမြင်နိုင်ပေ။ ဒီအခြေအနေတွင် သိုင်းဝိညာဉ် စွမ်းအား၏ (၇၀) ရာခိုင်နှုန်းကို အသုံးပြုနိုင်သည်။

တတိယ တစ်နည်းမှာ သိုင်းဝိညာဉ်ကို အပြည့်အဝ ထုတ်ဖော် ပြသခြင်း ဖြစ်သည်။ ဒီနည်းလမ်းက သိုင်းဝိညာဉ်၏ စွမ်းအားကို အပြည့်အဝ အသုံးပြုပြီး သိုင်းဝိညာဉ်၏ စွမ်အင်ကို အမြန်ဆုံး ကုန်ဆုံးစေနိုင်သည်။

“ဟုတ်ကဲ့ပါ. သခင်လေး.....”

ရှန်းယုလင်းက ဆွဲဆောင်မှု ရှိစွာ ခေါင်းညိတ်လိုက်သည်။

“သွား… သီချင်း တီးပြပါ။ ငါ နားထောင်မယ်…”

ချင်ယန်က ပြောလိုက်သည်။

“ဟုတ်ကဲ့… သခင်လေး…..”

မကြာမီ ရှန်ယုလင်းက ရေးဟောင်း ကုချင်း ရှေ့သို့ ရောက်သွားသည်။ ဒီရှေးဟောင်း ကုချင်းကို ရှန်းချမ်ရှန်က ရှန်းယုလင်းအတွက် အသစ်

ဝယ်ပေးခဲ့ခြင်း ဖြစ်ပြီး ငွေတုံး တစ်သိန်းကျော် ကုန်ကျခဲ့သည်။

မကြာခင် သာယာ ငြိမ့်ညောင်းသော သံစဉ်တစ်ခု လေထဲ ပျံ့လွင့်လာသည်။

ရှန်းယုလင်းက စိတ်နေစိတ်ထားနှင့် ပက်သက်၍ ကျော်ကြားသည့် ဆရာတစ်ယောက် ထံမှ သင်ယူခဲ့သည်။ ပဥ္စလက် သိဒ္ဓိ ကျင့်စဉ်ကို သင်ယူပြီးနောက် ပိုမိုလှပ၍ ပိုမို ငြိမ့်ညောင်းသည့် သံစဉ်ကို တီးခတ် နိုင်လာသည်။

အကယ်၍ လိုအပ်လာပါက သာယာငြိမ့်ညောင်းသော ဂီတသံစဉ်ကို မှော်ဆန်သော သံစဉ်အဖြစ် ပြောင်းလဲ၍ တီးခတ်နိုင်သည်။

ရှန်းယုလင်း၏ ယခုလက်ရှိ ခွန်းအားနှင့် ဆိုလျှင် သူမသာ အစွမ်းကုန် ညှစ်ထုတ်၍ တီးခတ်မည်ဆိုပါက ဖန်ယွမ်ဟွမ် တောင့်ခံနိုင်မည် မဟုတ်ချေ။

"သခင်လေး... ဘယ်လိုလဲ......"

သီချင်း ပြီးဆုံးသွားသောအခါ ရှန်းယုလင်းက စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

ချင်ယန်က စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး...

"အရမ်း ကောင်းတယ်။ မင်းမှာ ခိုင်မာတဲ့ ခံယူချက် ရှိတယ်။ မင်းကို ပဥ္စလက် သိဒ္ဓိကျင့်စဉ် သင်ပေးရတာ အရမ်းကောင်းတယ်။ ဒီ သီချင်း နားထောင်ပြီးတော့ ချီလည်ပတ်မှု အရှိန် နည်းနည်းလေး တိုးလာတယ်လို့ ခံစားရတယ်။ ငါ့အမေရဲ့ နလန်ထမှု အရှိန်လည်း ပိုမြန်လာတယ်လို့ ခံစားရတယ်....."

"ယုလင်း..... မင်းရဲ့ ဘယ်တူရိယာက အကောင်းဆုံးလဲ......"

ရှန်းယုလင်းက....

“ရှေးဟောင်း ကုချင်းနဲ့ စောင်း.....”

ချင်ယန်က

“ဝံပုလွေ ကလောင် အသစ်တစ်ခု ယူလာခဲ့.....”

“ဟုတ်ကဲ့ပါ.. သခင်လေး....”

အိမ်တော်ထဲတွင် ဤကဲ့သို့ ပစ္စည်းများ ရှိသည်။ မကြာခင် ရှန်းယုလင်းက ဝံပုလွေ ကလောင်အချို့ ယူလာခဲ့သည်။ အကုန်လုံးက ခပ်ထူထူပင်.....

ချင်ယန်က တစ်ခု လှမ်းယူလိုက်သည်။

"ယုလင်း..... ခွက်သေးသေးလေး တစ်ခွက်ထဲ ရေထည့်ပြီး မင်း သွေးနည်းနည်း ထည့်လိုက်....."

ချင်ယန်က ပြောလိုက်သည်။

ရှန်းယုလင်းက ခွက်တစ်ခွက် ပြေးယူလိုက်သည်။ ထို့နောက် သူမ လက်ချောင်းကိုကိုက်ပြီး ခွက်ထဲ သွေးအနည်းငယ် ဖောက်ထည့်လိုက်သည်။ ခွက်ထဲမှ ရေက အနီရောင် ပြောင်းလာခဲ့သည်။

ချင်ယန်က ကလျောင်တံကို သွေးထဲနှစ်ပြီး ရှေးဟောင်းကုချင်းပေါ်တွင် အစီအရင် အမှတ်အသားများ ချက်ချင်း ရေးဆွဲလိုက်သည်။

ထိုအစီအရင် အမှတ်အသားထဲသို့ မူလ ချီစွမ်းအင်များ ထည့်သွင်းလိုက်သည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ချင်ယန်က သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်သည်။ ထိုအခါ အစီအရင် အမှတ်သားများက ရုတ်တရက် တောက်ပလာပြီး လုံး၀ ပျောက်ကွယ်သွား၏။

"ယုလင်း...... ဒီကောင်က ပဉ္စလက် လက်နက် အဆင့်အတန်းကို မရောက်သေးပေမယ့် ရတနာလက်နက် ကောင်းလေးပဲ....."

ချင်ယန်က အနည်းငယ် ပြုံးပြီး ပြောလိုက်သည်။

တန်ထန် အင်ပါယာတွင် လက်နက်များကို သာမန်လက်နက်၊ ရတနာ လက်နက်၊ ပဥ္စလက် လက်နက်နဲ့ စိတ်ဝိညာဉ် လက်နက်ဟူ၍ အဆင့်များ ခွဲခြားထားသည်။

ရှေးဟောင်းကုချင်းသည် ယခင်က ငွေတစ်သိန်း တန်ကြေးသာရှိသည့် သာမန် လက်နက်လေး တစ်ခုသာ..... ယခုအခါ ချင်ယန်က အစီအရင် အမှတ်အသားများ ရေထွင်းလိုက်သဖြင့် အဆင့်အတန်း မြင့်သွားပြီး ရတနာ လက်နက်အဆင့်သို့ ရောက်ရှိ သွားခြင်းပင်။

လေလံပစ်ပါက ငွေ (၂) သိန်းခန့် အလွယ်တကူ ရရှိနိုင်သည်။

ထို့အပြင် ဤရှေးဟောင်း ကုချင်းပေါ်တွင် ရှန်းယုလင်း၏ သွေးကို အသုံးပြု၍ အစီအရင် အမှတ်အသားများ ရေးဆွဲထားသဖြင့် သူမ အသုံးပြုပါက အကျိုး သက်ရောက်မှု ပိုကောင်းသည်။

"သခင်လေး... မင်းက အရမ်းတတ်တာပဲ...."

ရှန်းယုလင်းသည် ရင်ထဲ အသည်းထဲမှ သဘောကျနေသည်။

ချင်ယန်က လက်ခါလိုက်ပြီး....

"ဒါက စကားထဲ ထည့်ပြောစရာတောင် မလိုဘူး...."

ချင်ယန်၏ အမြင်တွင် သူ၏ ဆေးတာအိုနှင့် ယှဉ်ပါက စကားထဲ ထည့်ပြောစရာပင် မလိုချေ။ သို့သော်လည်း သူက ပြန်လည် မွေးဖွားလာသဖြင့် အုပ်စိုးသူ နယ်ပယ်တွင် မရှိတော့ချေ။

သူက သာမန်ဟု ခံစားနေရသော သူ့စွမ်းရည်က အမှန်တကယ်တွင် အလွန် အစွမ်းထက်နေသည်။

## အခန်း(၄၉) - အမေ နှစ်ယောက်၏ ရန်ပွဲ....

ကလောင်.. ကလောင်....ကလောင်.....

မိုးကြိုးမီး ခါးဂိုဏ်းရှိ တောင်ထိပ် တစ်ခုပေါ်တွင် ကြီးမားသော ခေါင်းလောင်းကြီးက မြည်ဟီးနေပြီး ခေါင်းလောင်းသံများက ပဲ့တင့်သံထပ်ပြီး မိုးကြိုးမီး ခါးဂိုဏ်းနှင့် ဆယ်မိုင် ပတ်လည်အထိ ပျံ့နှံ့နေကာ လူတိုင်း ရှင်းရှင်းလင်းလင်း ကြားနေရသည်။

"နောက်ဆုံးတော့ ကြိုဆိုရေး ခေါင်းလောင်းသံ မြည်လာပြီ.. လာ. တောင်ထိပ်ကို မြန်မြန် တက်ရအောင်….."

"ငါ့သား မိုးကြိုးမီး ဓါးဂိုဏ်းထဲ ဝင်ခွင့် ရ၊ မရက ဒီနေ့အပေါ် မူတည်နေတယ်….."

"ငါ့သားက ချီစုဆောင်းခြင်း အဆင့် (၃) ရှိနေပြီ သေချာပေါက် မိုးကြိုးမီး ဓါးဂိုဏ်းထဲ သေချာပေါက် ဝင်ခွင့် ရလိမ့်မယ်…."

မိုးကြိုးမီး ဓါးဂိုဏ်း တောင်ခြေတွင် လူပေါင်းများစွာ စုဝေး နေကြသည်။

ခေါင်းလောင်းသံ ကြားပြီးနောက် စိတ်လှုပ်ရှားစွာ တောင်ပေါ် တက်လာကြသည်။

မိုးကြိုးမီး ဓါးဂိုဏ်သည် ယခင်က တိမ်ကင်းစင်မြို့အနီးရှိ ဂိုဏ်းကြီး ဆယ်ဂိုဏ်းထဲမှ တစ်ဂိုဏ်း ဖြစ်ခဲ့သော်လည်း ယခုအခါ မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်တစ်ယောက် ပေါ်ထွန်းလာသဖြင့် ပိုမို ထူးခြားလာသည်။

မိုးကြိုးမီး ဓါးဂိုဏ်း၏ တောင်ထိပ်တွင် လောလိန်းက သူရဲကောင်းဆန်သော ဟန်ပန် အမူအရာနှင့် မတ်တပ် ရပ်နေသည်။ သူက မူလ

အစစ်မှန်နယ်ပယ် တန်ခိုးရှင် ဖြစ်လာပြီးနောက် လူမြင်ကွင်းကို ပထမဦးဆုံး အကြိမ် ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ဆရာ.. ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းက ဒီနေ့ပြီးရင် ပိုပြီး တိုး တက်လာတော့မယ်....."

ကျီးပေါင်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

လောလိန်းက ခေါင်းညိတ်လိုက်ပြီး....

"ချင်ယန်၊ အမေလည်း လာသင့်တယ်။ ချင်ယန် အမေနဲ့ တွေ့ပြီး ချင်ယန်ကို ဖျောင်းဖျပေးဖို့

တောင်းဆို ရမယ်။ သူက အိပ်စိုက် ကုသတဲ့ နေရာမှာပဲ အစွမ်းထက်တယ် ဆိုပေမယ့် ရှောင်ကျူဝမ်ကို စွန့်လွှတ်ပြီး ငါတို့ မိုးကြိုးမီး ခါးဂိုဏ်းမှာ ထပ်ပြီး ရှိနေမယ်ဆိုရင် ငါတို့ မိုးကြိုးမီး ခါးဂိုဏ်း အတွက် အရမ်း ကောင်းလိမ့်မယ်....”

ကျီးပေါင်ကလည်း ခေါင်းညိတ် ထောက်ခံလိုက်သည်။

“ဆရာ၊ အခုချိန်ထိ ချင်ယန်ကို စိတ်ထဲ ရှိနေသေးတာလား....”

ကျီးပေါင်က မေးလိုက်သည်။

လောလိန်းက စက္ကန့်ပိုင်းမျှ တိတ်ဆိတ်သွားပြီးနောက်....

"ချင်ယန်က ငါ့အပေါ် ကြွင်နာခဲ့တယ် ဆိုပေမယ့် မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အမွေအနှစ် သမိုင်းကြောင်းက ရှည်လျားတယ်။ ဒါကြောင့် မိုးကြိုးမီး ဓါးဂိုဏ်ရဲ့ အကျိုးစီးပွားက ငါတို့ရဲ့ ဦးစားပေးပဲ.....။ ချင်ယန်က ခေါင်းငုံ့ပြီး သူ့အမှားကို ဝန်ခံမယ်ဆိုရင် ငါတို့က သူ့ကို ကာကွယ် ပေးနိုင်လိမ့်မယ်။ တကယ်လို့ သူ ခေါင်းမာနေမယ် ဆိုရင်တော့ ငါတို့က ဖန်ယွမ်ဟွမ်နဲ့ ညှိနှိုင်းလို့ ရမှာ မဟုတ်ဘူး..."

"နားလည်ပြီ ဆရာ...."

ကျီးပေါင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"ချင်ယန် အဲ့ဒီလောက် ခေါင်းမမာဖို့ဘဲ မျှော်လင့်မိတယ်...."

လောလိန်းက သက်ပြင်းချရင်း ပြောလိုက်သည်။

......

"အန်တီယန်၊ သခင်လေးက အန်တီကိုတွေ့ရင် မမှတ်မိလောက်ဘူး...."

မျက်နှာတွင် ဇာပုဝါ တပ်ထားသော ရှန်းယုလင်းက တိုးတိုးလေး ပြောလိုက်သည်။ သူမ နောက်ကျောတွင် ရှေးဟောင်း ကုချင်းကိုလည်း လွယ်ထားသေးသည်။

ရှန်းယုလင်း၏ မျက်နှာကို မမြင်ရလျှင်ပင် ယခုအခါ ရှန်းယုလင်းက လူတော်တော်များ၏ အာရုံကို ဆွဲဆောင် နေသေးသည်။

"ဒီလောက် ကြီးကြီးမားမား ပြောင်းလဲ သွားလို့လား....."

ရှီယန်က ပြုံးပြီး ပြန်ပြောလိုက်သည်။ သူက တော်တော်လေး စိတ်ကြည်နေသည်။ သူမကို ချင်ယန်က ဆေးကုပေးပြီးနောက် သူမ၏ အချိန်အများစုကို လေ့ကျင့်ရင်း ကုန်ဆုံးနေခဲ့ပြီး ယခုအခါ ချီစုဆောင်းခြင်း အဆင့် (၁၀) ရောက်သည့်အထိ ပြန်လည် ကောင်းမွန် လာခဲ့သည်။

ရှီယန်က ကျင့်ကြံခြင်း အခြေခံ အနည်းငယ် ပြန်လည် ကောင်းမွန်လာပြီး ပိုမို နုပျိုလာသည်။ ချီအနှစ်သာရနှင့် စိတ်ဝိညာဉ် အပြောင်းအလဲတို့ကြောင့် ယခုအခါ ရှီယန်က

အနည်းဆုံး (၆)နှစ်၊ (၇)နှစ်ခန့် ပြန်ငယ်သွားသည့်ပုံ ပေါက်နေသည်။

"အန်တီယန်၊ တကယ် ပြောနေတာ..... ဘယ်လို လုပ်ပြီး လိမ်ရဲမှာလဲ....."

ရှန်းယုလင်းက ပြောလိုက်သည်။

ရှီယန်က စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး....

"တော်တော်လေး အပြောချိုတဲ့ ကောင်မလေးပဲ...."

"နင်က ချင်ယန်ရဲ့အမေ ရှီယန်လား....."

ထိုစဉ် လူတစ်ယောက်က သူတို့ထံ လျှောက်လာပြီး မေးလိုက်သည်။ ရွှေငွေများ ပြူးပြဲနေအောင် ဝတ်ဆင်ထားသည့် အမျိုးသမီး တစ်ယောက်ပင်။ သူမ အဝတ်အစားပေါ်က ပိုးပုဝါလေး တစ်ထည်ပင် အလွန် ဈေးကြီးနေသည်။

ထိုအမျိုးသမီးက ချမ်ဖိန်၏ အမေ၊ ယမ်ဖန်ကျားပင်.....

ယွမ်ဖန်ကျားက ရှီယန်ကို ပြဿနာရှာရန် ချမ်ဖိန်၏ အဖေကို တောင်းဆိုခဲ့သော်လည်း ရှာမတွေ့ခဲ့ပေ။ သူမက စိတ်ထဲ၌ တအံ့နွေးနွေး

ဒေါသထွက်နေပြီး ဒီနေ့ ရောက်လာမည့် အချိန်ကို စောင့်ဆိုင်း နေခဲ့ရခြင်းပင်။

ယွမ်ဖန်ကျားသည် ရှီယန်ကို တွေ့လိုက်သော်လည်း အလွန် ငယ်ရွယ်နေသဖြင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်နေသည်။

"ဟုတ်ပါတယ်။ မေးတဲ့လူက ဘယ်သူလဲ မသိဘူးနော်....."

ရှီယန်က ယဉ်ယဉ်ကျေးကျေး ပြန် မေးလိုက်သည်။

ယွမ်ဖန်ကျားက မဲ့သလိုလို ရွဲ့သလိုလို အမူအရာနှင့်.....

"ရှီယန်၊ ချင်ယန်ရဲ့ အဖေ မပါဘူးပဲ.. ကြည့်ရတာ ချင်ယန်ရဲ့အဖေက တကယ် သေသွားတဲ့ပုံပဲ။ မင်းက အမေ တစ်ယောက်တည်း အနေနဲ့ ချင်ယန် ကြီးပြင်းလာအောင် ပျိုးထောင်ရတာ ဘယ်လွယ်ပါ့မလဲ...."

"ဒီကောင်က မိမဆုံးမ ၊ ဖမဆုံးမ ဖြစ်နေတာ မဆန်းတော့ဘူး....။ သူက ဖိန်အာနဲ့ တစ်ဂိုဏ်းတည်းပဲ။ နင့်သားက ကောက်ကျစ်

ယုတ်မာနဲ့ နည်းလမ်း သုံးပြီးတော့ ငါ့သားဖိန်အာရဲ့ မီးလျှံပြင်း ခြသေ့် သိုင်းဝိညာဉ်ကို ဖျက်ဆီး ခဲ့တယ်....”

ရှီယန်၏ မျက်နှာ အမူအရာက မည်းမှောင် သွား၏။

“အစ်မယွမ်၊ သူမက ချင်ယန်ရဲ့ အသုံးမကျတဲ့ အမေပဲ....”

“သာမန် လူတစ်ယောက်ဖြစ်လို့ အလုပ် ကောင်းကောင်းတောင် မရှာနိုင်ဘူးလို့ ကြားတယ်။ ဒါပေမယ့် ချင်ယန်ကို မိုးကြိုးမီး ခါးဂိုဏ်းထဲ

ဝင်နိုင်အောင် တကယ် ထောက်ပံ့ ပေးခဲ့တာဆိုတော့ တော်တော်လေး ခက်ခဲမှာပဲ ကျွတ် ကျွတ်.....”

“တော်တော်လေး လှတယ်ဆိုတော့ အိပ်ရုံနဲ့ ငွေရှာလို့ ရတယ်လေ..... သနားစရာပဲ... ကိုယ့်ကိုယ်ကိုယ် ရောင်းစားပြီး သူ့သား အမှိုက်ကောင်အတွက် ငွေရှာနေတာလား.....”

ယွမ်ဖန်ကျား နောက်တွင် လူဆယ်ယောက်ကျော် ပါလာပြီး ထိုအထဲမှ အမျိုးသမီးများက ရိုင်းရိုင်းစိုင်းစိုင်း ဝိုင်းဝန်း ပြောဆိုနေကြသည်။

စကားအနည်းငယ်နှင့် ရှီယန်ကို အရှက်ခွဲရုံဖြင့် ယွမ်ဖန်ကျား၏ သဘောကျမှုကို ရရှိနိုင်သည် မဟုတ်ပါလား.......

ယွမ်ဖန်ကျား၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ သူမက ရယ်မောလိုက်ပြီး......

"မင်းတို့ ရှီယန်ကို မနာလို ဖြစ်နေကြပြီ....။ အိပ်ရုံနဲ့ ငွေရှာနိုင်တာကလည်း အရည်အချင်း တစ်ခုပဲလေ....."

"ဒီလိုနည်းနဲ့ ရလာတဲ့ငွေက အလကားပါ.. ငါတော့ မသတီဘူး....."

"သူ့သားက မိုးကြိုးမီး ဓါးဂိုဏ်ထဲဝင်တာ သုံးနှစ်ရှိနေပြီ အခုမှ ချီစုဆောင်းခြင်း အဆင့် (၁) ပဲ ရှိသေးတယ်။ မိုးကြိုမီး ဓါးဂိုဏ်း သမိုင်း တလျှောက်လုံးမှာ ဒီလောက် ထူးချွန်တဲ့လူမျိုး မပေါ်ခဲ့သေးဘူး ဟား...ဟားဟား...."

ရှီယန်က ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံနှင့်....

"ချီစုဆောင်းခြင်း အဆင့် (၅) က ချီစုဆောင်းခြင်း အဆင့် (၁) ကို ရှုံးသွားတယ်။

တန်ထန် အင်ပါယာ တစ်ခုလုံးမှာ ဒီလိုအဖြစ်မျိုး တစ်ခါမှ မဖြစ်ဖူးမှာပဲ ကြောက်မိတယ် ဟဟ...”

ယွမ်ဖန်ကျား၏ မျက်နှာ အမူအရာက ဖင်ထဲ လက်ထိုးထည့် ခံလိုက်ရသကဲ့သို့ ရှုံ့မဲ့သွားပြီး.....

“ရှီယန်၊ နင့်ပါးစပ်က ဘာပဲပြောပြော အသုံးမဝင်ဘူး....။ ဒီနေ့ မရေမတွက်နိုင်တဲ့ လူတွေရှေ့မှာ ငါ့သားက နင့်သားကို ခွေးသေတစ်ကောင်လို ဖြစ်သွားအောင် သေချာပေါက် ရိုက်လိမ့်မယ်.....”

ယွမ်ဖန်ကျားက မဲ့ရွဲ့ပြီး ပြန်ပြောလိုက်သည်။

"မင်းသာ အခုချိန် ဒူးထောက်ပြီး တောင်းပန်မယ်ဆိုရင် ငါ့သားက နင့်သားကို ကြောက်စရာကောင်းတဲ့ ကံကြမ္မာက လွှတ်ပေးလိမ့်မယ်။ ဒီလို မဟုတ်လို့ကတော့ အချိန်တန်ရင် နင့်သား အလောင်းထမ်းပြီး တောင်ပေါ်က ပြန်ဆင်း သွားရလိမ့်မယ်....."

ရှီယန့်၏ မျက်လုံးက ချက်ချင်း အေးစက်လာပြီး...

"ချမ်ဖိန်က ငါ့သားကို သတ်မယ်ဟုတ်လား....."

ယွမ်ဖန်ကျားက အသံစူးစူးနှင့်....

"ဒူးမထောက်ဘူးလား.. တကယ်လို့ ဒူးမထောက်ဘူးဆိုရင် နင့်သား ကျိန်းသေပေါက် သေလိမ့်မယ်...."

"မလိုပါဘူး...."

ရှီယန်က မဲ့ရွဲ့ပြီး ပြန် ပြောလိုက်သည်။

အကယ်၍ ချင်ယန်၏ ခွန်အားက ယခင် ခွန်အားသာ ရှိနေမည် ဆိုပါက သူမ အလွန် စိုးရိမ်မိလိမ့်မည်။ ယခုမူ ဘာကို စိုးရိမ် ရမည်နည်း.....။

သူမ ကိုယ်တိုင်ပင် ချီစုဆောင်းခြင်း အဆင့် (၁၀) ရောက်အောင် ပြန်လည် ကောင်းမွန် လာခဲ့ပြီ။

"အို၊ မယုံဘူးလား..... ဒီလိုဆိုရင် ရှီယန်၊ နင် ငါ့ဘေးမှာ လာထိုင်လေ....။ နင့်သား တကယ် သေသွားတဲ့ အချိန်ကျရင် နင့်အမူအရာ ဘယ်လို ဖြစ်သွားမလဲ ဆိုတာ ငါ ကြည့်ချင်သေးတယ်...."

ယွမ်ဖန်ကျားက အမှန်တကယ် ကြည့်ချင် နေမိသည်။

ယခုအခါ ယွမ်ဖန်ကျားက သူမ၏သား ချမ်ဖိန်ကို အရမ်း ယုံကြည်နေသည်။

ချမ်ဖိန်က မီးလျှံပြင်း ခြသေ့် သိုင်းဝိဥာဉ် ပိုင်ဆိုင်ထားပြီး ချီစုဆောင်းခြင်း အဆင့် (၆) ရောက်နေပြီ။ ထို့အပြင် ငွေတုံး အမြောက်အများ အကုန်ခံပြီး ဝယ်ပေးထားသည့် ရတနာ လက်နက်အဆင့် ဓါးတစ်ချောင်းလည်း ရှိသေးသည်။

"ရတယ်လေ...."

ရှီယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ချမ်ဖိန်နှင့် ချင်ယန်ကြားက ပြဿနာကို သူမ သိပြီးသားပင်...။ ယွမ်ဖန်ကျားက အလွန် ယုံကြည်နေသည့် အတွက် အချိန်တန်လျှင်

ဖြစ်လာမည့် ယွမ်ဖန်ကျား၏ အမူအရာကို သူမကလည်း မြင်ချင်သေးသည်။

"အရမ်း ကောင်းတယ်....."

ယွမ်ဖန်ကျားက ပြုံးလိုက်သည်။ အချိန်တန်လျှင် သူမရှေ့တွင် ဒူးထောက်ပြီး တောင်းပန်နေမည့် ရှီယန်ကို မျက်လုံးထဲ မြင်ယောင်နေသည်။

အမှန်တကယ်ဆို ရှီယန် တောင်းပန်လျှင်ပင် ယွမ်ဖန်ကျားက ချမ်ဖိန်ကို ချင်ယန်၏ အသက်အား လွှတ်ပေးခိုင်းမည် မဟုတ်ပေ။

'လူယုတ်မာ... ငါ့သားရဲ့ သိုင်းဝိညာဉ်ကို ဖျက်ဆီးရဲတယ် ဟုတ်လား...... အချိန်တန်ရင် နင် သေကိုသေရမယ်။ နင့်အမေလည်း နင့်နောက် လိုက်ရမယ်....'

ယွမ်ဖန်ကျား၏ သတ်ဖြတ်ချင်စိတ်က မြင့်တက်လာသည်။

နှစ်နာရီ ကြာပြီးနောက်...

မိုးကြိုးမီး ဓါးဂိုဏ်း တောင်ထိပ်ပေါ်တွင် သောင်းနှင့်ချီသော လူများ စုဝေးနေကြသည်။

ယခုလက်ရှိ အချိန်တွင် အခြား အင်အားစုများလည်း စတင် ရောက်ရှိလာ နေသည်။

သာမန် အခြေအနေဆိုလျှင် အပြင်စည်းတပည့် စာမေးပွဲအတွက် ဂိုဏ်းတစ်ရာ မဟာမိတ်အဖွဲ့က လူများ လာလျှင်ပင် ရာဂဏန်းမျှသာ လာတတ်ကြသည်။ ဒါသည်ပင် တော်တော်လေး ကြီးမားနေပြီဟု ဆိုရမည်။ ဂိုဏ်းလေး အချို့က နှစ်ယောက်၊ သုံးယောက် လာကြပြီး အချို့ ဂိုဏ်းများက တစ်ယောက်မျှပင် မလာကြချေ။

ဒီတစ်ကြိမ်တွင်တော့ ကွဲပြား ခြားနားနေသည်။

ပထမဦးဆုံး အနေနှင့် မိုးကြိုးမီး ဓါးဂိုဏ်းမှ မဟာအကြီးအကဲ လောလိန်းက မူလအစစ်အမှန် နယ်ပယ်ကို တက်လှမ်း သွားခဲ့သည်။

ဒုတိယ အချက်အနေနှင့် ဩဇာကြီးမားသော မဟာမိတ်ခေါင်းဆောင် ဖန်ယွမ်ဟွမ်က လူများ စေလွှတ်ရန် ဂိုဏ်းတိုင်းကို တောင်းဆိုခဲ့သည်။ သူ့မြေး၊ ဖန်ကျားကို ရှောင်ကျူဝမ်က ဓါးနှင့် ထိုးခဲ့သဖြင့် ဖန်ယွမ်ဟွမ်က ထိုကိစ္စကို ကိုင်တွယ် ဖြေရှင်းလိမ့်မည်။

"ဒီနှစ် မိုးကြိုးမီး ခါးဂိုဏ်းက တော်တော်လေး စည်ကားပြီး အသက်ဝင် နေတာပဲ....."

"တကယ် အသက်ဝင်တယ်.... ဒါပေမယ့် အကိုရှောင်ရဲ့ သမီးနှစ်ယောက် အတွက်တော့ တကယ် စိတ်မကောင်းဘူး.... ဒီနေ့ပြီးရင် ကျန်တဲ့လူတွေကလည်း မီးလောင်ရာ လေပင့် လုပ်ကြအုံးမှာ..... ဒီမိသားစု လက်ထဲမှာ အဖမ်းခံရရင် အသက်ရှင်နေတာထက် သေတာကမှ ပိုကောင်းအုံးမယ်...."

"တိတ်စမ်း.... မင်းအသံ တိုးထား.... မဟာမိတ် ခေါင်းဆောင်ဖန် စိတ်ကွက် သွားနိုင်တယ်ဆိုတာ မင်း မသိဘူးလား...."

ရှောင်မိသားစုနှင့် ရင်းနှီးသည့် တန်ခိုးရှင် တော်တော်များများက ကိုယ်ချင်းစာပြီး စိတ်မကောင်း ဖြစ်နေကြသည်။

ရှောင်မိသားစု၏ စီးပွားရေးက အင်အားစု များစွာနှင့် အလုပ် လုပ်ခဲ့ဖူးသည်။ ထို့အပြင် ရှောင်ကျူဝမ်၏ ဖခင် ရှောင်ဟန်က စီးပွား လုပ်ရာတွင် အလွန်ရက်ရောသည့် လူတစ်ယောက်

ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ပရဟိတ လုပ်ငန်းအတွက်လည်း ငွေကြေးများစွာ သုံးစွဲခဲ့သေးသည်။

လူများက ကိုယ်ချင်းစာ နေကြသော်လည်း အဖြစ်အပျက်က မပြောင်းလဲနိုင်ပေ။ ဖန်မိသားစု၏ လွှမ်းမိုးမှု၊ ဖန်ယွမ်ဟွမ်၏ လွှမ်းမိုးမှု၊ ဒါသည် အလကား နာမည်ကြီးနေခြင်း မဟုတ်ပေ။

မိုးကြိုးမီး ခါးဂိုဏ်းကပင် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို မကာကွယ်နိုင်ပေ။

## အခန်း(၅၀) - ဂိုဏ်းက ထုတ်တာလား....

"သံခါးဂိုဏ်းရဲ့ ဂိုဏ်းချုပ် ၊ မဟာအကြီးအကဲနဲ့ တခြားသူတွေ ရောက်လာပါပြီ........"

"မီးဝံပုလွေ ဂိုဏ်းရဲ့ ဂိုဏ်းချုပ်၊ ဒုဂိုဏ်းချုပ်နဲ့ တခြားလူတွေ ရောက်လာပါပြီ...."

"လမင်းပြာ တောင်ကြား အရှင်သခင် ရောက်လာပါပြီ...."

......

မိုးကြိုးမီး ခါးဂိုဏ်း၏ ပြင်ပရေးရာ အကြီးအကဲ ရမ်ချမ်ဟောင်က ကျယ်လောင်စွာ ကြေငြာနေပြီး ကျိုးပေါင်က ရောက်ရှိလာသည့် တန်ခိုးရှင်များကို နှုတ်ဆက်ရန် စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေသည်။

ထိုလူများက အစွမ်းကြီးသည်ဟု ပြောနိုင်သည်။

မိုးကြိုးမီး ခါးဂိုဏ်းကို ဤမျှ များပြားသော တန်ခိုးရှင်များ မရောက်ဖြစ်သည်မှာ တော်တော်လေး ကြာခဲ့ပြီ……

ဤသရုပ်ပြ ပွဲထဲတွင် ဖန်ယွမ်ဖန်၏ လွှမ်းမိုးမှု ပါဝင်သည် ဆိုသော်လည်း မိုးကြိုးမီး ခါးဂိုဏ်းသာ

အားမကောင်းပါက ဖန်ယွမ်ဟွမ်က မိုးကြိုးမီး ဓါးဂိုဏ်းတွင် သရုပ်ပြပွဲ ကျင်းပနေစရာ မလိုပေ။

"ဂိုဏ်းတစ်ရာ မဟာမိတ် ခေါင်းဆောင်၊ သံလက်သီး ဂိုဏ်းချုပ်၊ ဖန်မိသားစု ခေါင်းဆောင် ဆရာကြီး ဖန်ယွမ်ဟွမ် ရောက်လာပါပြီ......"

ကောင်းကင်ပေါ်တွင် အသံတစ်ခု ထွက်ပေါ်လာပြီးနောက် မိုးကြိုးမီး ဓါးဂိုဏ်းတစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။ လူတိုင်းက တီးတိုးတီးတိုး ပြောဆိုဆွေးနွေးနေကြသည်။

ဒါသည် အလွန် လွှမ်းမိုးလွန်းသော အဓိက ပုဂ္ဂိုလ်ကြီး ဖန်ယွမ်ဟွမ် ကြွရောက်လာခြင်း ဖြစ်သည်။

အခြား တစ်ဖက်တွင်မူ တိမ်ကင်းစင်မြို့၏ မြို့စားကြီးပင် အနည်းငယ် ငုပ်သွား၏။

“ ကျီး.....”

ကောင်းကင်ပေါ်တွင် လင်းယုန်ကြီး တစ်ကောင်က အလွန် လျင်မြန်စွာ ပျံသန်းလာနေသည်။ ခေါင်းတစ်လုံးတည်းပင် အလွန် ကြီးမားသည့် ငှက်ကြီး တစ်ကောင်ပင်။ ၎င်း၏

ခန္ဓာကိုယ်မှ မူလအစစ်အမှန် နယ်ပယ် အော်ရာများ ဖြာထွက်နေသည်။

လင်းယုန် ဌက်ကြီးပေါ်တွင် ဖန်ယွမ်ဟွမ်က ဂုဏ်ယူဝံ့ကြွားစွာ မတ်တပ် ရပ်နေသည်။

"ဖန်ယွမ်ဟွမ်ရဲ့ လင်းယုန်ကြီးက မူလ အစစ်အမှန် နယ်ပယ် ရောက်နေပြီလား...."

"ဖန်ယွမ်ဟွမ်က တကယ်ပဲ မူလ အစစ်အမှန် နယ်ပယ် အဆင့် (၄) ရောက်နေပြီကိုး...."

လောလိန်းက ရုတ်တရုတ် မျက်နှာပျက်သွားသည်။ ဖန်ယွမ်ဟွမ်က သူ့အော်ရာကို လုံးဝမထိန်းထားပေ။ သူနှင့် လင်းယုန်ကြီးထုတ်လွှတ်နေသည့် လွှမ်းမိုးလွန်းသောအော်ရာကြောင့် လူတိုင်း ကြောက်ရွံ့ ထိတ်လန့်နေကြသည်။

ဝုန်း ဝုန်း.....

လင်းယုန်ကြီးက အတောင်ပံများကို တဝုန်းဝုန်းခတ်၍ မြေပြင်သို့ ချဉ်းကပ်လာသောအခါ

ဖန်ယွမ်ဟွမ်နှင့် အခြားလူများက ၄ှက်ကြီး၏ ကျောပေါ်မှ ခုန်ချလာကြသည်။

ဖုန်း......

ဖန်ယွမ်ဟွမ်နှင့် အခြားလူများသည် မြေပြင်နှင့် ခြေထောက် ထိကပ်သွားသောအခါ မြေပြင်က တုန်ခါ သွားသည်။ ရုတ်တရက် ဆိုသလို လူပေါင်း တစ်သောင်းကျော် စုဝေးနေသော ကွင်းပြင်တစ်ခုလုံး လုံး၀ တိတ်ဆိတ်သွား၏။

"မဟာမိတ် ခေါင်းဆောင်ဖန် ပြန် ဆုံကြပြန်ပြီ...."

“မဟာမိတ် ခေါင်းဆောင် ဖန်....”

ကျီးပေါင်နှင့် လောလိန်းက နှုတ်ဆက်လိုက်ကြပြီး လူတိုင်းက ဖန်ယွမ်ဟွမ်ကို အရိုအသေ ပေးနေကြသည်။ လောလိန်းက အသက်ပိုကြီးသော်လည်း ဖန်ယွမ်ဟွမ်က ပို သန်မာသည်။

“မဟာမိတ် ခေါင်းဆောင် ဖန်.....”

“မဟာမိတ် ခေါင်းဆောင်ဖန်နဲ့ ဆုံဖူးပါတယ်...”

ကျီးပေါင်နှင့် အခြားလူများက ဦးဆောင်၍ အရိုအသေ ပေးကြပြီး ရောက်လာသည့် လူတော်တော်

များများကလည်း အရိုအသေ ပေးနေကြသည်။ တချို့လူများ၏ အဆင့်အတန်းက နိမ့်ကျသည်။ ရှေ့ထွက်လာရန်ပင် အရည်အချင်း မပြည့်မီကြပေ။

ဖန်ယွမ်ဟွမ်က လေးနက် တည်ကြည်သော အမူအရာနှင့်......

"မင်က အားနာနေပြန်ပြီ..... ဂိုဏ်းချုပ်ကျိုး၊ လောလိန်း၊ မဟာမိတ်ခေါင်းဆောင်က နောက်ကျ နေတယ် မဟုတ်လား....."

ကျိုးပေါင်းက လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး....

“မဟာမိတ် ခေါင်းဆောင် ရောက်လာတဲ့အချိန်က အချိန်မှန်ပါပဲ......”

ဖန်ယွမ်ဟွမ်က လွှမ်မိုးလွှန်းသော အမူအရာနှင့် ခေါင်းညိတ်လိုက်ပြီး.....

“ လူတွေလည်း စုံနေပြီ။ မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အပြင်စည်း တပည့် စာမေးပွဲကို စလိုက်တော့...... ဒီမဟာမိတ် ခေါင်းဆောင်က အချိန်အရမ်း ကျပ်တယ်။ ဒီနေရာမှာ အကြာကြီး အချိန် မပေးနိုင်ဘူး....”

ကျီးပေါင်က ကြိတ်ပြီး မျက်မှောင်ကြုတ်သွားသည်။

ဒါက မိုးကြိုးမီး ဓါးဂိုဏ်း....

ဖန်ယွမ်ဟွမ်က ဤကဲ့သို့ ပြောလိုက်ခြင်းသည် မိုးကြိုမီး ဓါးဂိုဏ်းကို မျက်လုံးထဲ မထည့်ခြင်း မဟုတ်ပါလော......

ခွန်အား ကွာခြားချက် တစ်ခုတည်းနှင့်ပင် ကျီးပေါင်က ဖန်ယွမ်ဟွမ်ကို မတိုက်ခိုက်ရဲပေ။

"မဟာမိတ် ခေါင်းဆောင်ဖန်၊ ကျေးဇူးပြုပြီး ထိုင်ပါ..... အပြင်စည်း တပည့် စာမေးပွဲ စပါတော့မယ်"

ကျီးပေါင်က ပြောလိုက်သည်။

ဖန်ယွမ်ဟွမ်က အလေးမထားသော အမူအရာနှင့် လမ်းလျှောက်သွားပြီး ပင်မ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ သူက မဟာမိတ် ခေါင်းဆောင် ဖြစ်နေလျှင်ပင် ပုံမှန်အားဖြင့် ယဉ်ကျေးမှုအရ လောလိန်းကို ထိုင်ခွင့် ပေးသင့်သည်။ အမှန်တကယ်ဆို လောလိန်းကလည်း မူလ

အစစ်အမှန် နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပင်.....။ ထိုအပြင် သူ့ထက်လည်း အများကြီး အသက်ပိုကြီးသည်။

“အပြင်စည်း တပည့် စာမေးပွဲမှာ ပါမယ့် တပည့်တွေအားလုံး ခန်းမထဲ ဝင်လာပြီး အဖွဲ့လိုက် ကိုယ်ခံပညာနဲ့ ဖျော်ဖြေကြပါ....”

ယခုလက်ရှိတွင် ကျန်းရှီကွမ်သည် အောင်အောင်မြင်မြင် အဆင့်တက်ထားသဖြင့် အလွန်ဂုဏ်ယူနေသည်။ ဒါသည် ကျန်းရှီကွမ်က

မိုးကြိုးမီးခါး ဂိုဏ်း၏ အကြီးကဲချုပ် ဖြစ်လာတော့မည်ဟု အချက်ပြလိုက်ခြင်း ဖြစ်သည်။

မိုးကြိုးမီး ခါးဂိုဏ်၏ အကြီးကဲချုပ် ရာထူးသည် ခွန်အားအပေါ် မူတည်သည်။

ယခုအခါ ကျန်းရှီကွမ်၏ ကျင့်ကြံခြင်း အဆင့်က ချီဖွဲ့စည်းခြင်း အဆင့် (၉) ရှိနေပြီး မူလ အကြီးအကဲချုပ်က ချီဖွဲ့စည်းခြင်း အဆင့် (၈) သာ ရှိသေးသည်။

ကျန်းရှီကွမ် အကြီးအကဲချုပ် ဖြစ်လာပါက ရှောင်ကျူဝမ်၏ ပထမဆရာ ကာကွယ်သူမိန်

ကလည်း အကြီးအကဲ ဖြစ်လာတော့မည်ကို သိထားရမည်။

"ချင်ယန်၊ အဖွဲ့လိုက် ဖျော်ဖြေမှုပြီးရင် မင်း စိတ်ပျက်ရမယ့် အချိန် ရောက်လာလိမ့်မယ်......"

ကွင်ပြင်ထဲသို့ အပြင်စည်းတပည့် သုံးထောင်နှင့် အတူတူ ဝင်လာသော ချမ်ဖိန်က ချင်ယန်အနား ကပ်လာပြီး ဒေါသတကြီး ပြောလိုက်သည်။ ယခုအခါ သူ့ဒဏ်ရာများက အရှင်း ပျောက်ကင်းသွားခဲ့ပြီ။

လူနှစ်သောင်းကျော်၏ အကြည့်အောက်တွင် ကွင်းပြင်ထဲ ဝင်လာသည့် အပြင်စည်း တပည့် သုံးထောင်က လျင်မြန်စွာ တန်းစီ လိုက်ကြသည်။

မိုးကြိုးမီး ဓါးဂိုဏ်း၏ အပြင်စည်း တပည့် စမ်းသပ်မှု ပထမအဆင့်သည် အဖွဲ့လိုက် သရုပ်ပြခြင်း ဖြစ်သည်။ ဤလုပ်ငန်း အတွင်း၌ ကျင့်ကြံခြင်း အောင်ရာကို ထုတ်လွှတ် ပြသရမည်ဖြစ်ပြီး သိုင်းကျင့်စဉ် ထိန်းချုပ် နိုင်စွမ်းကိုလည်း ပြသရမည်။

ကံဆိုးသူ မောင်ရှင်များက ပထမအဆင့် စမ်းသပ်မှုတွင် ဖယ်ရှား ခံရမည်။

ဒုတိယအဆင့်က လွတ်လွတ်လပ်လပ် စိန်ခေါ်ခြင်းပင်.....

အကြမ်းဖျင်း ပြောရမည် ဆိုလျှင် ဒုတိယ အဆင့်တွင် မိုးကြိုးမီး ဓါးဂိုဏ်းက သန်မာသော အပြင်စည်းတပည့် အချို့ကို ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်နိုင်အောင် စီစဉ်ပေးသည်။ ထို့ကြောင့် ပို ကြည့်ကောင်းသော အစီအစဉ် တစ်ခုပင်.....

ပထမအဆင့်တွင် ထုတ်ပယ် ခံရသော်လည်း လက်တွေ့ တိုက်ပွဲတွင် ပိုကောင်းအောင်

လုပ်နိုင်မည်ဟု ထင်ပါက ဒုတိယအဆင့်တွင် အခြားသူများကို စိန်ခေါ်နိုင်သည့် အခွင့်အရေး ရှိသည်။

တတိယအဆင့်က စာပေ စမ်းသပ်မှု ပင်။

စတုတ္ထအဆင့်တွင် အပြင်စည်း တပည့်များက အဖွဲ့ ဖွဲ့နိုင်ပြီး အဖွဲ့တစ်ဖွဲ့တွင် အများဆုံး ဆယ်ယောက်အထိ ပါဝင်နိုင်သည်။ စင်ပေါ်မှ ပြုတ်ကျသည့်လူက ဖယ်ရှားခြင်း ခံရမည်။

မိုးကြိုးမီး ဓါးဂိုဏ်း၏ ဤစမ်းသပ်မှု နည်းလမ်းသည် တစ်ရာ ရာခိုင်နှုန်း မျှတခြင်း

မရှိသော်လည်း ဒါသည် အပြင်စည်း တပည့် စမ်းသပ်မှု တစ်ခုမျှသာ ဖြစ်သဖြင့် မိုးကြိုးမီး ခါးဂိုဏ်းက တစ်ရာ ရာခိုင်နှုန်း တရားမျှမှု ရှိစေရန် အားစိုက်ချင်စိတ် မရှိပေ။

ထိုအပြင် လောကကြီးတွင် တစ်ရာ ရာခိုင်နှုန်း တရားမျှတသည်က မည်သည့် အရာ ရှိသနည်း.....

ရှီယန်သည် ယခုအချိန်တွင် ချင်ယန်က တော်တော် အားကောင်းနေသည်ကို သိသော်လည်း သူမ မျက်လုံးထဲတွင် စိတ်လှုပ်ရှား နေမှုများ

အတိုင်းသား ပေါ်နေသည်။ ထိုအပြင် ချင်ယန် အစွမ်းပြသည်ကို တစ်ခါမှ မမြင်ဖူးသေးပေ။

ရှီယန်သည် ချင်ယန်ကို မိုးကြိုးမီး ဓါးဂိုဏ်းသို့ သုံးနှစ်ကြာအောင် စေလွှတ်ခဲ့ပြီး ယခုအချိန်တွင် သူမသား၏ အစွမ်းပြမှုကို မျှော်လင့်ချက် ကြီးမားစွာ စောင့်မျှော်နေသည်။

"သခင်လေး... လာပြီ......"

ရှန်းယုလင်းက စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

"အပြင်စည်း တပည့် ချင်ယန်၊ အမှတ်စဉ် (၂,၅၆၇) ရှေ့ထွက်ပါ....."

ရုတ်တရုတ် ဆိုသလို ကျန်းရှီကွမ်က ကျယ်လောင်စွာ ကြေငြာလိုက်သည်။

အဖွဲ့ထဲတွင် ချင်ယန် မျက်မှောင်ကြုတ်သွားသည်။

လူပေါင်း နှစ်သောင်းကျော်ထဲမှ စောင့်ကြည့်နေကြသော ရှီယန်နှင့် ရှန်းယုလင်း တို့လည်း မျက်မှောင် ကြုတ်သွား၏။

ကျန်းရှီကွမ်က ကျယ်လောင်သော အသံနှင့်......

"သေသေချာချာ ကြည့်ထားပါ....။ ဒီတစ်ယောက်က အလုပ် မကြိုးစားတဲ့ နမူနာပဲ.....။ သူက မိုးကြိုးမီး ဓါးဂိုဏ်းကို သုံးနှစ်ကြာ ဝင်ရောက်ခဲ့တယ်။ သူ ဝင်လာတဲ့ အချိန်က ချီစုဆောင်းခြင်း အဆင့် (၁)၊ အခုလည်း ချီစုဆောင်းခြင်း အဆင့် (၁)ပဲ....."

"ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းကို တည်ထောင်ခဲ့တာ နှစ်ပေါင်းများစွာ ကြာနေပြီ ဒီလိုမျိုး အမှိုက်ကောင်ကို တစ်ခါမှ မမြင်ဖူးဘူး..."

"တစ်ချို့လူတွေက ပင်ကိုယ် အရည်အချင်း ညံ့ဖျင်းရင် အလုပ် ကြိုးစားကြသေးတယ်။ ဒီလို လူမျိုးဆိုရင်တော့ ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းက အစွမ်းကုန် ကြိုးစားပြီး ပျိုးထောင်ပေးတယ်။ ခု ချင်ယန်ကတော့ လူကလည်း ချာတူးလန်၊ ပျင်းတာကလည်း အရည်ထွက်တယ်...."

ရှီယန်၏ မျက်နှာ အမူအရာက အလွန် ရုပ်ဆိုးလာသည်။ ယခုအခါ လူအများကြီး စောင့်ကြည့် နေကြသည်။ ဤကဲ့သို့ လူမြင်ကွင်းကြီး ရှေ့တွင် မိုးကြိုးမီး ဓါးဂိုဏ်းက

သူမ၏သား ချင်ယန်ကို ဤမျှ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ရှုတ်ချလိမ့်မည်ဟု မည်သို့မှ မထင်မှတ်ထားခဲ့ပေ။

ချင်ယန်၏ မျက်လုံးထဲတွင် အေးစက်သော အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွား၏။ ကျန်းရှီကွမ်က ဤကဲ့သို့ ပွင့်ပွင့်လင်းလင်း ပြောရဲခြင်းသည် ကျီးပေါင်နှင့် လောလိန်းတို့ သဘောတူ၍ သာ......

"ဒါက မိုးကြိုးမီး ဓါးဂိုဏ်းပေါ့ ဟီးဟီး..."

ချင်ယန်က သရော်ပြုံး ပြုံးပြီး ကျန်းရှီကွမ်ကို စိုက်ကြည့်လိုက်သည်။

ကျန်းရှီကွမ်ကလည်း အကြည့် မလွဲဘဲ ချင်ယန်နှင့် အကြည့်ခြင်း ဆုံအောင် ပြန်စိုက်ကြည့်နေသည်။

'ချင်ယန်၊ ချင်ယန်၊ မင်းက ခေါင်းမငုံ့ချင်မှတော့.... ဒီအဘိုးကြီးကို မင် အပြစ်တင်လို့မရဘူး.... ဒီအဘိုးကြီးက မင်းကို ကာကွယ်ပေးဖို့အတွက်နဲ့ မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အခြေခံအုတ်မြစ်ကို ဖျက်ဆီးလို့ မရဘူး...'

လောလိန်းက စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

"ချင်ယန်...."

ထုံးစံအတိုင်း ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်လည်း ဒီနေရာတွင် ရှိနေကြသည်။ သူမတို့က လက်သီးတင်းတင်း ဆုပ်ထားကြသည်။ မိုးကြိုးမီး ခါးဂိုဏ်းက ဤမျှ အကျင့်မကောင်း လုပ်လိမ့်မည်ဟု မထင်မှတ် ထားခဲ့ကြပေ။

"ဒါက နှစ်အနည်းငယ် ကြာအောင် ငါနေခဲ့တဲ့ မိုးကြိုးမီး ခါးဂိုဏ်းလား..."

ရှောင်ကျူဝမ်၏ စိတ်ထဲတွင် ခါးသီးလာသည်။ မိုးကြိုးမီး ခါးဂိုဏ်းက တော်တော်လေး ကောင်းသည်ဟု ယခင်က ထင်ခဲ့ဖူးသည်။

မကြာခင်ကမှ လှုပခြင်း၏ အခြားတစ်ဖက်ကို သူမ ရှာတွေ့ခဲ့သည်။

"ချင်ယန်၊ မင်းက မိုးကြိုးမီး ဓါးဂိုဏ်းမှာ နေခဲ့တဲ့ သုံးနှစ်အတွင်း အရည်ကျအောင် ပျင်းခဲ့တယ်။ ဆရာသမားတွေကိုလည်း ရိုသေရ ကောင်းမှန်း မသိဘူး… အခု မင်းကို မိုးကြိုးမီး ဓါးဂိုဏ်းက ထုတ်ပယ်လိုက်မယ်… ဒါကို မင်း လက်ခံလား…."

ကျန်းရှီကွမ်က ဝမ်းသာ အားရနေသော အမူအရာနှင့် ကျယ်လောင်စွာ ကြေငြာလိုက်သည်။ သူက ဒီနေ့အထိ စောင့်နေခဲ့ခြင်းပင်…..

ဖန်ယွမ်ဟွမ်၏ မျက်လုံးထဲတွင် ကျေနပ်အားရသွားသော အရိပ်အယောင် ပေါ်လာသည်။ မိုးကြိုးမီး ဓါးဂိုဏ်းက တော်တော်လေး စိတ်ဝင်စားစရာ ကောင်းသည်။ ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို တိုက်ရိုက် ထုတ်ပယ်လိုက်သည်။

ချင်ယန်က ကျန်းရှီကွမ်ကို တစ်ချက် ကြည့်ပြီးနောက် ကျီးပေါင်နှင့် လောလိန်းတို့ကို ကြည့်လိုက်ကာ လျှောင်ပြောင်သော အမူအရာနှင့် ရယ်မောလိုက်သည်။

"ဂိုဏ်းချုပ်ကျီး၊ ငါ့ကို မိုးကြိုးမီး ဓါးဂိုဏ်းက နှင်ထုတ်တယ်ပေါ့။ ကျန်းရှီကွမ်က သူ့သဘောနဲ့သူ လုပ်လိုက်တာလား.... ဒါမှမဟုတ် ဂိုဏ်းချုပ်ကျီးက ခေါင်းညိတ် ခဲ့တာလား..."

ချင်ယန်က ဂရုမစိုက်သော အမူအရာနှင့် ပြောလိုက်သည်။

ချင်ယန်က ကျီးပေါင်တို့ ဆရာတပည့် အပေါ် နားလည်မှု လွဲသွားခြင်း မဟုတ်ပေ။

ကျီးပေါင်က လေးနက်သော အမူအရာနှင့်....

"အကြီးအကဲ ကျန်းက ငါတို့ မိုးကြိုးမီး ခါးဂိုဏ်းကို ကိုယ်စားပြုတယ်။ သူ့စကားက ငါ ဂိုဏ်းချုပ်ရဲ့စကားပဲ။ ဒါက ငါတို့ မိုးကြိုးမီး ခါးဂိုဏ်းရဲ့ နောက်ဆုံး ဆုံးဖြတ်ဆိုလည်း မမှားဘူး...."

"ချင်ယန်၊ အခုအချိန်က စပြီး မင်းက မိုးကြိုးမီး ခါးဂိုဏ်းရဲ့ အဖွဲ့ဝင် မဟုတ်တော့ဘူး...."

ချင်ယန်က ပြုံးလိုက်ပြီး သူ့မျက်နှာပေါ်တွင် အထင်သေး ရှုတ်ချသော အမူအရာ ပေါ်လာကာ.....

"ဂိုဏ်းချုပ်ကျီး၊ မင်း မှားနေပြီ.... အစက အဆုံးအထိ ငါက မိုးကြိုးမီး ဓါးဂိုဏ်းရဲ့လူ မဟုတ်ခဲ့ဘူး...."

"အခု ငါက အပြင်စည်း တပည့်တောင် ဟုတ်သေးလို့လား....."

"ဒီလိုမျိုး မိုးကြိုးမီး ဓါးဂိုဏ်းကို ငါ ချင်ယန်ကလည်း ဝင်ချင်စိတ် မရှိပါဘူး..."

## အခန်း(၅၁) - သေပန်းပွင့်ခြင်း....

ချင်ယန်နှင့် မိုးကြိုးမီး ဓါးဂိုဏ်းကို ကြည့်ပြီး မရေမတွက်နိုင်သော လူများ၏ မျက်လုံးထဲတွင် အံ့အောနေသော အရိပ်အယောင်များ ပေါ်လာသည်။

“ချင်ယန်၊ မင်းလိုအမှိုက်က ဂိုဏ်းထဲဝင်ဖို့ အထင်သေး နေတာလား....။ မင်းဆီမှာ မိုးကြိုးမီး ဓါးဂိုဏ်းထဲ ဝင်နိုင်တဲ့ အရည်အချင်းရော ရှိလို့လား....”

ချမ်ဖိန်က ကျယ်လောင်စွာ အော်ဟစ်ပြီး လှောင်ပြောင်လိုက်သည်။

“ဟုတ်ပါပြီ… မင်းက ဘာကောင်လဲ…..”

“အမှိုက်…. ငါတို့ထဲက လူတိုင်းက မင်းကို နှိပ်စက်နိုင်တယ်ကွ….”

မိုးကြိုးမီး ခါးဂိုဏ်းထဲရှိ အခြားလူများကလည်း အော်ဟစ်ပြီး လှောင်ပြောင် နေကြသည်။

ချမ်ဖိန်က ကျယ်လောင်စွာ အော်ဟစ်ပြီး…..

"ဂိုဏ်းချုပ်၊ မဟာအကြီးအကဲ၊ အရင်က ချင်ယန်နဲ့ ငါ့ကြားမှာ အလောင်းအစား လုပ်ထားတယ်။ ရှုံးတဲ့လူက ဒူးထောက်ပြီး အဘိုးလို့ သုံးကြိမ် ခေါ်ရမယ်။ တကယ်လို့ ငါရှုံးရင် ချင်ယန်ကို ငါက ငွေတုံးတစ်သောင်း ပေးရမယ်။ သူရှုံးရင် ငါ့ရဲ့ကျေးကျွန် ဖြစ်လာမယ်။ "

" အခု ဒီကောင်က ဒီလောက် မိုက်ရိုင်း ထွားကျိုးနေလို့ အဖွဲ့လိုက် သိုင်းသရုပ်ပြမှု မလုပ်ခင် ဒီကောင့်ကို လူသားတစ်ယောက် ဖြစ်လာအောင် သင်ကြား ပေးချင်ပါတယ်"

ကျန်းရှီကွမ်က ကျီးပေါင်ကို တစ်ချက် ကြည့်လိုက်ရာ ကျီးပေါင်က ငြင်းဆိုခြင်း လုံးဝ မရှိပေ။

"ချမ်ဖိန်၊ ဒီလိုဆိုမှတော့ မင်းတို့တွေ အရင် ပြိုင်ကြပါ။ လူတိုင်းပဲ အချိန်ကောင်းလေး ပိုင်ဆိုင်ကြပါစေ..."

ကျန်းရှီကွမ်က ပြောလိုက်သည်။

ချမ်ဖိန်က စိတ်လှုပ်ရှားသွားပြီး

"ဟုတ်ကဲ့ပါ.. အကြီးအကဲ ချုပ်...."

ထို အခိုက်အတန့်တွင် ချမ်ဖိန်သည် လူပေါင်းနှစ်သောင်းကျော် ရှေ့တွင် ချင်ယန်ကို ဆုံးမရမည်ဖြစ်၍ စိတ်ကြွဆေးများ စားထားသည့် အလားတက်ကြွနေသည်။

‘ငါ အမျိုးသမီးတွေနဲ့ လိင်ဆက်ဆံဖို့ ပန်တော်အိမ်သွားတဲ့ အချိန်ကတောင် ဒီလောက်စိတ်မလှုပ်ရှားမိဘူး....’

“ကျန်တဲ့လူတွေ အရင်ဆုံး နောက်ဆုတ်ကြ...”

ကျန်းရှီကွမ်က အမိန့် ပေးလိုက်သည်။

အပြင်စည်း တပည့်များ ချက်ချင်း နောက်ဆုတ်သွားကြပြီး အလယ်တွင် အချင်း မီတာနှစ်ဆယ်၊ သုံးဆယ်ခန့်ရှိသော စက်ဝိုင်းပုံစံ နေရာတစ်ခု ပေါ်လာသည်။

“ရှီယန်၊ နင် ဒူးထောက်မှာလား၊ မထောက်ဘူးလား.....”

“တကယ်လို့ နင် ဒူးထောက်ပြီး အရိုအသေ သုံးကြိမ်ပေးမယ် ဆိုရင် ငါသား ဖိန်အာက နည်းနည်းလေး ထိန်းထားအုံးမယ်။ မဟုတ်ရင်တော့

နင့်သား ချင်ယန်က ဒီနေ့ လုံးဝ သနားစရာ ကောင်းသွားလိမ့်မယ်...”

ယွမ်ဖန်ကျားက ဟန်မဆောင်နိုင်အောင် မောက်မာနေသည်။ သူမက ရှီယန်နှင့် အတူတူ ထိုင်နေခြင်း ဖြစ်သည်။ ချမ်မိသားစုက တော်တော်လေး အဆက်အသွယ် ကောင်းပြီး သူမတို့ ထိုင်နေသည့် ထိုင်ခုံက ရှေ့ဆုံးအတန်း ရောက်နေသည်။

“ဟွန့်....”

ရှီယန်က အေးအေးစက် နှာခေါင်း တစ်ချက်ရှုံ့ပြီး ယွမ်ဖန်ကျားကို လျစ်လျူရှု ထားလိုက်သည်။

"ချင်ယန်၊ ဒီနေ့ ကြည့်နေတဲ့လူတွေ အများကြီးပဲ... အရင် လောင်းကြေးက နည်းနည်းလေး ညံ့သေးတယ်။ ဒီနေ့ ငါတို့တွေ အသက်လုတိုက်ပွဲ တိုက်ခိုက်ကြမယ်။ ဘယ်လိုလဲ..."

ချမ်ဖိန်က ကောက်ကျစ်စွာ ပြုံးပြီး ပြောလိုက်သည်။

"ဒီနေ့ ငါတို့ နှစ်ယောက်မှာ တစ်ယောက်ပဲ အသက်ရှင်ရမယ်...."

ချမ်ဖိန် စကားပြောပြီးနောက် မိုးကြိုးမီး ခါးဂိုဏ်းက လူများနှင့် ချမ်မိသားစုမှ လူများက ကျယ်လောင်စွာ အော်ဟစ် နေကြသည်။

"အသက်လု တိုက်ပွဲ၊ အသက်လု တိုက်ပွဲ၊ အသက်လု တိုက်ပွဲ....."

ဒီလူများ အော်ဟစ်သောအခါ အခြား လူများကလည်း လိုက်အော်ကြသည်။

'ဒီလိုမျိုးပွဲကို ဘယ်သူက မကြည့်ချင်မှာလဲ....'

'အသက်လု တိုက်ပွဲမှာ တစ်ယောက် သေရမယ်... ဒါပေမယ့် သိုင်းပညာလောကမှာ သေတာက ပုံမှန်ပဲ မဟုတ်လား...'

သာမန် အမျိုးသမီး တစ်ယောက်ပင် ဤကိစ္စကို လုံးဝ လက်ခံနိုင်သည်။

"ချင်ယန်၊ ဘယ်လိုလဲ... မင်းက ယောကျ်ားလား...။ ဒါဆိုလည်း လုပ်လိုက်လေ"

"တကယ်လို့ မင်းမှာ ငွေးမပါရင် ငါလည်း မပြောတတ်ဘူး...."

ချမ်ဖိန်က ချင်ယန်ကို ပြောလိုက်သည်။

လူတစ်ယောက်က အော်ဟစ်၍.....

"ချင်ယန်၊ မင်းက မိုးကြိုးမီး ဓါးဂိုဏ်းထဲ ဝင်ရမှာ အထင်သေးတယ်လို့ မပြောခဲ့ဘူးလား...။ ဒီလိုမျိုး လေတစ်လုံး၊ မိုးတစ်လုံး ပြောပြီးတော့ ချမ်ဖိန်နဲ့တောင် မတိုက်ခိုက် ရဲဘူးလား...."

"ဟုတ်တယ်....."

"တကယ်လို့ မင်း လက်မခံရဲရင် မင်းအမေတော့ အမြီးကုတ်ပြီး မိုးကြိုးမီး ဓါးဂိုဏ်းထဲက ထွက်ပြေး သွားရလိမ့်မယ်...."

ရှီယန်က မျက်မှောင် ကြုတ်နေပြီး ယွမ်ဖန်ကျားက ပျော်ရွှင်စွာ ပြုံးနေသည်။

"နင် တော်တော် လွန်သွားပြီ....."

ရှီယန်က တင်းမာစွာ ပြောလိုက်သည်။

ယွမ်ဖန်ကျားက မဲ့ရွဲ့နေသော အမူအရာနှင့်......

"လွန်တယ်... ဟုတ်လား.... ချင်ယန်က ဖိန်အာရဲ့ သိုင်းဝိညာဉ်ကို ဖျက်ဆီးခဲ့တာဟဲ့..... ဒီနေ့ နင့်တို့သားအမိ နှစ်ယောက် ဒူးထောက်ပြီး အရိုအသေ ပေးရင်ပေး... မဟုတ်လို့ကတော့ အသက်ရှင်ဖို့ မစဉ်းစားနဲ့....."

ကွင်းအလယ်ထဲတွင်.

ချင်ယန်က ဂရုမစိုက်သော လေသံနှင့်.....

"ချမ်ဖိန်၊ မင်း တိုက်ခိုက်ချင်တာ သေချာလား...."

ကျန်သည့်လူများလည်း လျင်မြန်စွာ တိတ်ဆိတ်သွားသည်။

ချမ်ဖိန်က ခွက်ထိုးခွက်လန် အော်ရယ်ပြီး……

“ချင်ယန်၊ ဒီလို ပြောနေတာက ငါ့ကို ခြောက်နေတာလား….။ မင်းလို အမှိုက်ကို ငါက ကြောက်ပါ့မယ် အားကြီးကြီး….။ ငါက အသက်လုတိုက်ပွဲ တောင်းဆိုနေတာကွ…. ထုံးစံအတိုင်း ငါ့ဘက်က သေချာတယ်….”

ထိုစကား ပြောပြီးနောက် ချမ်ဖိန်က အံကြိတ်ပြီး သွားကြားထဲမှ လေသံနှင့်…..

"မင်းက ငါ့ရဲ့ သိုင်းဝိညာဉ်ကို ကောက်ကျစ်ယုတ်မာတဲ့နည်းနဲ့ ဖျက်ဆီးခဲ့တယ်။ အခု လူမြင်ကွင်းမှာ မင်းဘယ်လို လုပ်မလဲဆိုတာ ငါ ကြည့်ချင်သေးတယ်။ ငါနဲ့ တိုက်ခိုက်မှာလား၊ မတိုက်ခိုက်ဘူးလား...."

"ငါ လက်ခံတယ်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချမ်ဖိန် ကြက်သေ သေသွား၏။ ကျန်သည့်လူများလည်း အံ့အော မှင်သက်သွားပြီး တိတ်ဆိတ် သွားကြသည်။

'ချင်ယန်က အကြောက်လွန်ပြီး အသက်လုပွဲ တိုက်ခိုက်ဖို့ ယောင်ပြီး သဘောတူလိုက်တာလား...'

"ကောင်းတယ်..."

ချမ်ဖိန်က အရှက်မရှိ ရဲတင်းစွာ ပြုံးလိုက်ပြီး...

"ချင်ယန်၊ ဒီနေ့ မင်း လုံး၀ သနားစရာ ကောင်းအောင် သေရမယ်။ ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အရင်လိုပဲ ထင်နေတာလား.. အခု ချီစုဆောင်းခြင်း အဆင့် (၆) ကွ။ .....ဟားဟား... ဟားဟား...."

"အရည်မရ၊ အဖက်မရတွေ မပြောဘဲနဲ့ စလို့မရဘူးလား...."

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

"လာပြီ...."

ချမ်ဖိန်က သူ့ဓါးကို ဆွဲထုတ်လိုက်သည်။ သူ့ဓါးပညာက လက်သီးကျင့်စဉ်ထက် ပို၍ အစွမ်းထက်သည်။ ထို့အပြင် သူ့ဓါးက ရတနာလက်နက်အဆင့် ဖြစ်နေသဖြင့် အကျိုးသက်ရောက်မှု ပိုများသည်။

"ဖိန်အာ၊ ချင်ယန်ကို သတ်......"

ယွမ်ဖန်ကျားက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ချမ်ဖိန်က ယွမ်ဖန်ကျားကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။ ထိုစဉ် ချင်ယန်က လှုပ်ရှားလိုက်ပြီး တစ်ကိုယ်လုံး လှုပ်ရှားသွားကာ သူ့လက်သီး တစ်လုံးက ဒေါသထွက်နေသော အာဏာရှင် နဂါးတစ်ကောင်ကဲ့သို့ ချမ်ဖိန်၏ ခန္ဓာကိုယ်ကို ထိမှန်သွားသည်။

ချင်ယန်၏ အရှိန်က အလွန် မြန်သည်။ ချမ်ဖိန်က အာရုံပြောင်းနေသဖြင့် သူ့တွင် ခါးဆွဲထုတ်ရန် အချိန် မရလိုက်ပေ။

ဖူး.....

ချမ်ဖိန်သည် ဆယ်မီတာကျော် လွင့်ထွက်သွားပြီး လေထဲမှာပင် သွေး အတောက်လိုက် အန်ထွက်သွားသည်။ ထိုနေရာတွင်ပင် ခွေကျ ကျပြီး တစ်ကိုယ်လုံး အရိုးကျိုးသွားခဲ့သည်။ ကျိုးသွားသည့် အရိုးက အချောင်း နှစ်ဆယ်ထက် မနည်းပေ။

ပြင်းထန်သော နာကျင်မှုက ချမ်ဖိန်၏ ခေါင်းထဲ အရှုးအမူး တိုးဝင်လာပြီး ချမ်ဖိန်က ရှင်းရှင်းလင်းလင်း သတိမေ့သွားသည်။

ဖိန်အာ........

ယွမ်ဖန်ကျားသည် ချင်ယန်ကို မသတ်ခင် ဝအောင် နှိပ်စက်ဟု အော်ချင်သည့် စကားပင် မဆုံးလိုက်ဘဲ ဖိန်အာဟု အသည်းအသန် ပြောင်းအော်လိုက်သည်။

"မဟုတ်ဘူး.... မဟုတ်ဘူး... သူ့ကိုတား......."

"ချင်ယန်၊ ငါ့သားကို သတ်ရဲသတ်ကြည့်..... မင်းအမေကို ချက်ချင်း သတ်မယ်....."

ချင်ယန်က ချမ်ဖိန်ထံ လမ်းလျှောက် သွားနေစဉ် ယွမ်ဖန်ကျားက ကမန်းကတန်း ထရပ်ပြီး သွေးရူးသွေးတန်း အော်ဟစ်လိုက်သည်။

ချင်ယန်သည် မလှမ်းမကမ်းမှ ယွမ်ဖန်ကျား၏ အော်ဟစ်သံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။ ထို့အတူ ယွမ်ဖန်ကျား ဘေးက သူ့အမေ ရှီယန်နှင့် ရှန်းယုလင်းကိုလည်း တွေ့လိုက်ရသည်။

ထိုအချိန်တွင် ချမ်ဖိန်၏ အဖေကလည်း မတ်တပ်ထရပ်ပြီး အော်ဟစ်၍

“ချင်ယန်၊ မင်းကို ငွေတုံးတစ်သိန်း ပေးမယ်။ အခုချက်ချင်း ရပ်လိုက်.... ဒီလိုမှ မဟုတ်ရင် ဒီနေ့ မင်း အသက်မရှင်ဘူး....”

ချမ်ဟောင်ကလည်း မတ်တပ် ထရပ်ပြီး အထက်စီးဆန်သော အမူအရာနှင့်.....

“ ချင်ယန်၊ ဒီသခင်လေးက အင်ပါယာ မြို့တော်က လာတာ.....။ အခု မင်းက တားမြစ် နည်းစနစ် အသုံးပြုနေတယ်လို့ သံသယ ရှိတယ်။

မင်းရောက်နေတဲ့ နေရာမှာ ချက်ခြင်း ရပ်ပြီး အစစ်ဆေးခံဖို့ တစ်လက်မမှ မရွေ့နဲ့....။ နည်းနည်းလေး လှုပ်လိုက်တာနဲ့ ဒီသခင်လေးက ကွင်းထဲ ချက်ချင်းလာပြီး မင်းကို တစ်ခါတည်း သတ်ပစ်မယ်...."

ချင်ယန်က လမ်းလျှောက်နေဆဲပင်..... ချမ်ဖိန် ဘေးနား ရောက်သွားပြီး ချမ်ဖိန် လည်ပင်းပေါ် ခြေထောက် တစ်ဖက် တင်လိုက်သည်။

"ချင်ယန်၊ မင်း ရဲတင်းလှချည်လား..."

ချမ်ပေါင်က တင်းမာသော မျက်နှာ အမူအရာနှင့်....

"ချမ်ဖိန်က မီးလျှံပြင်း ခြသေ့် သိုင်းဝိညာဉ် နိုးထထားတယ်။ သူက အင်ပါယာ မြို့တော်က ချမ်မိသားစု အဖွဲ့ဝင် ဖြစ်နေပြီ။ မင်းသူ့ကို ထိရဲရင် ငါတို့ မြို့တော် ချမ်မိသားစုရဲ့ ရန်သူပဲ......"

ချမ်ဖိန်၏ အဖေကလည်း အော်ဟစ်ပြီး.....

"ချင်ယန်၊ အခုချက်ချင်း ဖယ်စမ်း... ဒီလိုမှ မဟုတ်ရင် မင်း သေချာပေါက် သေရမယ်...."

"ချင်ယန်၊ မင်းအမေက ဖျားနာနေတဲ့ ကြက်အို မကြီးနော်.... .ငါ့ရဲ့ ချီစုဆောင်းခြင်း အဆင့် (၃) ကျင့်ကြံခြင်း အဆင့်နဲ့ဆိုရင် လက်တစ်ဖက်တည်းနဲ့တောင် လည်ပင်း ညှစ်သတ်လို့ ရတယ်...."

ယွမ်ဖန်ကျားက အော်ဟစ်၍ ခြိမ်းခြောက်လိုက်သည်။

ချင်ယန်က ငေါ့တော့တော့ အမူအရာနှင့်.....

"ဒါက အသက်လု တိုက်ပွဲ၊ ငါ ရှုံးရင် ငါသေမယ်..."

"အခု ချမ်ဖိန် ရှုံးပြီ... မင်းတို့ တော်တော်များများ အော်ဟစ် ခုန်ပေါက်နေတာနဲ့ ချမ်ဖိန်က မသေရတော့ဘူးလား.... ဒါက အမှန်တရားလား...."

"အေး အမှန်တရား တစ်ခု ပြောလိုက်မယ်..... မင်းတို့ မိသားစု ဘယ်လောက် ချမ်းသာသာ၊ ဘယ်လောက် အာဏာရှိရှိ သာမန်လူတစ်ယောက်ပဲ။ အသက်လည်း တစ်ချောင်းပဲ ရှိတယ်...."

ချင်ယန်က စကားပြောရင်း ခြေထောက်ကို အေးအေးဆေးဆေး နင်းချလိုက်သည်။

ကချောက်......

ချင်ယန် နင်းလိုက်သောကြောင့် ချမ်ဖိန်၏ လည်ပင်းအရိုးများ ကျိုးသွားပြီး သွေးကြောပေါက်ကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခါလာသည်။

ချမ်ဖိန်တစ်ယောက် သေသွားခဲ့ပြီ.......

"ခွေးမသား... မင်း သေသင့်တယ်...."

"ချင်ယန်၊ မင်း သေပြီ....."

ချမ်မိသားစုမှ လူများသည် အလွန် ဒေါသထွက်သွားကြသည်။ ချမ်ဖိန်က မီးလျှံပြင်း ခြသေ့် သိုင်းဝိညာဉ် နိုးထထားသည်။ ဒါသည် သူတို့ မိသားစုကို အများကြီး အကျိုးရှိစေသည်။ ချမ်ဖိန်က ဤကဲ့သို့ သေဆုံးသွားလိမ့်မည်ဟု လုံးဝ မမျှော်လင့်ထားခဲ့ပေ။

“ဖိန်အာ......ငါရဲ့ ဖိန်အာ......”

“ချင်ယန်...... လူယုတ်မာ....... ဒီအဘွားကြီးက မင်းအမေကို သတ်မယ်.....”

ယွမ်ဖန်အာ၏ မျက်လုံးများ နီရဲလာပြီး သူ ခန္ဓာကိုယ်ထဲက ဓါးတိုးလေး တစ်ချောင်း ဆွဲထုတ်လိုက်သည်။ ဆွဲထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှီယန်၏ခေါင်းကို ထိုးစိုက်လိုက်သည်။

# အခန်း(၅၂) - အဝင်လှ၍ ခွေးကျ ကျသည်။

ရှန်းယုလင်းက ကျောက်စိမ်းကဲသို့ သွယ်လျ လှပသည့် သူမလက်ကို ဆန့်တန်း၍ တောက်ထုတ်လိုက်ရာ ယွမ်ဖန်ကျား လက်ထဲမှ ဓါးတိုလေးက ရုတ်တရက် လွင့်ထွက်သွားပြီး မြေပြင်ပေါ် ပြုတ်ကျသွားသည်။

"ဒါက အသက်လု တိုက်ပွဲပဲ... တောင်းဆိုခဲ့တဲ့ လူကလည်း ချမ်ဖိန်ပဲ...။ မင်းတို့ ချမ်မိသားစုက

စတင်ခဲ့တဲ့ အသက်လု တိုက်ပွဲပဲ... ဘာလဲ မင်းတို့ ချမ်မိသားစုက အရှုံးကို လက်မခံနိုင်ဘူးလား...”

ရှီယန်က ပါးစပ် ညင်သာစွာ ဖွင့်ဟ၍ ပြောလိုက်သည်။ ယွမ်ဖန်ကျား၏ ခါးတိုလေးကို လုံးဝ မကြောက်ပေ။ ယခုလက်ရှိတွင် သူမက ချီစုဆောင်းခြင်း အဆင့် (၁၀) ကျင့်ကြံခြင်းအဆင့် ရှိနေပြီ။

“မင်းသားက အမှိုက်ပဲ.....”

“ငါ့သားကို သတ်ရဲရင် မင်းတို့အားလုံး သေရမယ်....”

ယွမ်ဖန်ကျားသည် စူးစူးရှရှ အော်ဟစ်လိုက်သော်လည်း ယခု တစ်ကြိမ်တွင် ဘာမှမလုပ်ရဲပေ။ ရှန်းယုလင်းက သူမခါးကို အလွယ်တကူ တောက်ထုတ်ခဲ့သဖြင့် သူမထက် ပိုပြီး အစွမ်းထက်နေသည်။

ချမ်ပောင်က လူသတ်ချင်သည့် ပုံစံနှင့် ဒေါသတကြီး အော်ဟစ်ပြီး.....

“ချင်ယန်.......... ဒီသခင်လေး ပြောခဲ့တဲ့ စကားက မင်းနားထဲ ဝင်ပြီး ပြန်ထွက်သွားတာလား..... ဘယ်လို လုပ်ရဲတာလဲ......”

ယခုအချိန်တွင် ချမ်ဟောင်သည် လုံး၀ ဒေါသ ပေါက်ကွဲနေသည်။ ပထမအချက်မှာ ချင်ယန်ကို သူ တားခဲ့သော်လည်း ချင်ယန်က သူ့ကို မျက်နှာသာ မပေးဘဲ မရပ်တန့်ခဲ့ချေ။ ဒုတိယအချက်မှာ သူ ရောက်လာပြီးမှ ချမ်ဖိန် သေဆုံးသွား၍ ဖြစ်သည်။ မြို့တော် ချမ်မိသားစုက သူကို သေချာပေါက် အပြစ်ပေးတော့မည်။

"ဒီသခင်လေးက မင်းကို စစ်ဆေးဖို့ ရပ်ခိုင်းတယ်။ မင်း နားမပါဘူးလား.... မကြားဘူးလား....."

ချမ်ဟောင်က အော်ရင်း ပြောရင်း ကွင်းထဲ ပြေးဝင်လာသည်။

ကျီးပေါင်သည် မျက်မှောင် ကြုတ်သွားသော်လည်း

မတားခဲ့ပေ။

ချမ်ဟောင်က အင်ပါယာမြို့တော် ချမ်မိသားစုမှ...... အင်ပါယာ မြို့တော်တွင် ချမ်မိသားစုက ထိပ်တန်း မဟုတ်သော်လည်း လျှော့တွက်၍ ရသည့် အရာမျိုးတော့ မဟုတ်ပေ။

"ဒီနေ့ ၊ ဒီသခင်လေးက ငါတို့ အင်ပါယာမြို့တော် ချမ်မိသားစုကို စော်ကားရင် ဖြစ်လာမယ့် ကံကြမ္မာကို ပြောပြမယ်...."

ထိုစဉ် ချူယောင် မိသားစုမှ ရုတ်တရက် ထရပ်ပြီး အော်ဟစ်လိုက်သည်။

"ရှောင်ဟောင်၊ ချင်ယန်မှာ အစွမ်းထက်တဲ့ ခွန်အား ရှိရမယ်။ ဒါကြောင့်လည်း ချမ်ဖိန်က ပေါ့ပေါ့ပါးပါးလေး သတ်ပစ်လိုက်တာ....။ ရှောင်ဟောင်က ဒီလို အမှိုက်မျိုးကို ကိုင်တွယ်နေစရာ မလိုပါဘူး... ချင်ယန်၊

ချူယောင်ရှုက ငါ့အစ်ကို... ငါ မင်းနဲ့ တိုက်ခိုက်မယ်....."

"အခုလည်း အတူတူပဲ.... အသက်လု တိုက်ပွဲ....."

ချမ်ဟောင်က တားလိုက်ပြီး....

"ချူယောင်ရှု၊ မင်း ချင်ယန်နဲ့ တိုက်ခိုက်လို့ ရတယ်။ ဒါပေမယ့် ချက်ချင်း မသတ်ရဘူး..... မသတ်ခင် ဒီကောင့်ကို နှိပ်စက်ရမယ်....."

"ရှောင်ဟောင် စိတ်မပူနဲ့....."

ချူယောင်ခူက ချင်ယန်ထံ လမ်းလျှောက်သွားပြီး အေးစက်သော လေသံနှင့်......

“ချင်ယန်၊ မင်းက ဝန်မခံခဲ့ဘူး.... ငါ့အစ်ကိုက မင်းလက်ထဲမှာ သေခဲ့တာ သေချာတယ်။ ချမ်ဖိန်က ချီစုဆောင်းခြင်း (၆)၊ ငါက ချီစုဆောင်းခြင်း အဆင့် (၇) ပဲ ရှိတယ်။ မင်းက ချမ်ဖိန်ကို စက္ကန့်ပိုင်းလေးအတွင်း သတ်ခဲ့တယ် ဆိုတော့ စွမ်းပါတယ်။ ငါနဲ့ တိုက်ခိုက်ရဲလား.....”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“မင်း မိသားစုက သဘောတူလို့လား...”

"အချိန်တန်လို့ မင်း သေသွားရင် မင်းမိသားစုက အာရုံ လာနှောက်အုံးမယ်။ မင်းမိသားစုလည်း ချမ်မိသားစုလို အရှုံးကို လက်မခံနိုင်ပါဘူး....။ ဒါက အသက်လုတိုက်ပွဲ..... ပြီးမှ ဆောရီးပါ၊ မသတ်ပါနဲ့ အရှုံးကွက် လာနင်းလို့ မရဘူး..... ဒါက ရှက်စရာ ကောင်းလွန်းတယ်...."

ချူယောင်ခူ၏ အဖေက အေးစက်သော လေသံနှင့်....

"ချင်ယန်၊ ငါက ချူယောင်ခူရဲ့ အဖေပဲ... ဒီတိုက်ပွဲကို ငါ သဘောတူတယ်..."

“မင်းက မိုးကြိုးဓါးဂိုဏ်း အဖွဲ့ဝင် တစ်ယောက် ဖြစ်လို့သာ မဟုတ်ရင် ဒီနေ့အထိ မင်း အသက်ရှင်နေဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး....”

“ခူအာ.... ချင်ယန်ကို နှိပ်စက်ပြီးမှ သတ်.... ချင်ယန်က မင်းအစ်ကို သတ်ခဲ့တာ သေချာတယ်....”

ချူယောင်ခူက လေးနက်သော လေသံနှင့်....

“အဖေ၊ စိတ်မပူနဲ့....”

"ချင်ယန်၊ အခု ဘာပြောချင်သေးလဲ..... တိုက်ခိုက်ရင် မွေးကြမယ်။ တိုက်ခိုက်ရင်း သေဆုံးကြမယ်..."

ချင်ယန်က ပေါ့ ပေါ့ပါးပါး အမူအရာနှင့်....

"မင်းဘက်မှာ ပြောစရာ မရှိရင်... ငါ့ဘက်ကလည်း ပြောစရာ မရှိပါဘူး...."

"ဒါ ကောင်းတယ်...."

ချူယောင်ခူက သူ့သိုင်းဝိညာဉ်ကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။

တစ်မီတာ၊ နှစ်မိတာခန့် ရှည်သော အသူရာ ဝံပုလွေ တစ်ကောင်ပင်.....

ချူယောင်ခူက အကောင်းဆုံး လုပ်ဆောင် နေသည်။

"သတ်....."

ချူယောင်ခူက ဓါးကို ဆွဲထုတ်၍ အော်ဟစ်ရင်း သူ့သိုင်းဝိညာဉ် ဖြစ်သည့် အသူရာ ဝံပုံလွေနှင့်အတူ ချင်ယန်ထံ ပြေးဝင်သွားသည်။

ဆယ်မီတာ....

ငါး မီတာ......

သုံး မီတာ......

ရွှစ်......

တစ်မီတာ သာ လိုတော့သည့် အချိန်၌ ချင်ယန်က ဓါးတစ်ချက် ခုတ်ချလိုက်သည်။

ဓါးက ချမ်ဟောင်ဓါးပင်.....

ဓါးချက်က မိုးကြိုး ပစ်သကဲ့သို့ မြန်ဆန်လွန်းလှသည်။

ချီဖွဲ့စည်းခြင်း တန်ခိုးရှင်များစွာ ရှိသော်လည်း ထိုတန်ခိုးရှင်များက ဤမျှ မြန်ဆန်သော ဓါးချက်မျိုး မခုတ်နိုင်ကြပေ။

"မင်း...."

ချူယောင်ခူ ရပ်တန့်သွားပြီး လည်ပင်းကို ဆုပ်ကိုင်းရင် ချင်ယန်ကို မယုံကြည်နိုင်သော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

ချင်ယန်၏ ဓါးချက်က မြန်လွန်းသဖြင့် ချူယောင်ခူသည် တုံ့ပြန်ချိန် မရလိုက်ပေ။

သူ့လည်ပင်းထဲ ဓါးဖြတ်သွားသည့် အသိသာ ခံစား လိုက်ရသည်။

ဖောက်.....

ချူယောင်ခူ၏ သိုင်းဝိညာဉ်က အဆက်မပြတ် အော်ဟစ်ရင်း ပျောက်ကွယ် သွားသည်။

သိုင်းဝိညာဉ်၏ တည်ရှိမှုသည် ပိုင်ရှင်ထံမှ အထောက်အပံ လိုအပ်သည်။ ချူယောင်ခူက ဦးမှျ ဒဏ်ရာ ကြီးကြီးမားမား ရသွားသဖြင့် သူ့ သိုင်းဝိညာဉ်ကို မထောက်ပံ့ နိုင်တော့ချေ။

"ခူ....."

"အစ်ကို ခူ...."

ချူယောင် မိသားစုမှလူများ ချက်ချင်း လျှော့ရသွားကြသည်။ အခြေအနေများက ချက်ခြင်း ပြောင်းပြန် ဖြစ်သွားသည်။

"အဖေ၊ အမေ........ချင်ယန်ကို သတ်......."

ချူယောင်ခူသည် နောက်ဆုံး စကားပင် ဆုံးအောင် မပြောနိုင်ဘဲ မျက်လုံးကြီးပြူးပြီး မြေပြင်ပေါ် လဲကျသွားသည်။

သူ လုံးဝ လက်မခံနိုင်ပေ။ သူက ချီစုဆောင်းခြင်း အဆင့် (၇)၊ အနာဂါတ်တွင် ချူယောင် မိသားစု အမွေကို ဆက်ခံမည်။ ယခုမူ ဒီနေရာတွင် အမှန်တကယ် သေဆုံး သွားခဲ့သည်။

လူတကာက အမှိုက်ဟု သိကြသည့် ချင်ယန်၏ လက်ထဲတွင် သေခဲ့သည်။

"ချင်ယန်၊ မင်းက ချီစုဆောင်းခြင်း အဆင့် (၁) မဟုတ်ဘူး....."

"ဒီအမြန်နှုန်း... မင်းက ချီဖွဲ့စည်းခြင်း အဆင့်ပဲ...."

ချမ်ပေါင်က အလန့်တကြား ထအော်သည်။

ချင်ယန်က ချမ်ပေါင်ကို လှမ်းကြည့်ပြီး ပေါ့ပါးသော လေသံနှင့်....

“ငါက ချီစုဆောင်းခြင်း အဆင့်ပါလို့ တစ်ခါမှ မပြောခဲ့ဘူး... ပြောခဲ့လို့လား....။ မင်းပဲ ငါက ချီစုဆောင်းခြင်း အမှိုက်ပါလို့ တသွင်သွင် ပြောနေတာ မဟုတ်ဘူးလား....”

လူတိုင်း တုန်လှုပ်သွား၏။

အကယ်၍ ချင်ယန်က ချီစုဆောင်းခြင်း အဆင့် မဟုတ်ဘဲ ချီဖွဲ့စည်းခြင်း အဆင့် ဖြစ်နေပါက ဒါသည် အမှိုက် မဟုတ်ရုံသာမက ပါရမီရှင်ပင် ဖြစ်နေသေးသည်။

"မင်းပြောတာ မှန်တယ်။ ငါက ချီဖွဲ့စည်းခြင်း နယ်ပယ်မှာ ရှိတယ်...."

"မင်းလည်း ချီဖွဲ့စည်းခြင်း နယ်ပယ် မဟုတ်လား...... ဘယ်လိုလဲ ငါတို့တွေ အသက်လု တိုက်ပွဲ တိုက်ခိုက်ကြအုံးမှာလား...."

ချင်ယန် အပြုံးမပျက် ပြောလိုက်သည်။

ချမ်ပောင်၏ မျက်နှာ အမူအရာက မှုန်ကုတ်ကုတ် ဖြစ်သွား၏။ သူက ချီဖွဲ့စည်းခြင်း အဆင့် ရောက်နေသည်မှာ အမှန်ပင်...... ချီဖွဲ့စည်းခြင်း အဆင့် (၂) ရှိပြီး ချင်ယန်နှင့် အသက်လု တိုက်ပွဲ တိုက်ခိုက်နိုင်သည်။ သို့သော် အနည်းငယ် ကြောက်နေသည်။

ချင်ယန်၏ ဓါးချက်က မြန်လွန်းလှသည်။

အကယ်၍ ချင်ယန်၏ ဓါးပညာက အမြန်နှုန်း ဦးစားပေး သိုင်းကျင့်စဉ် ဖြစ်နေလျှင် တော်သေးသည်။ အကယ်၍ ချင်ယန်က အလွန်

မြန်ဆန်နေပါက ချင်ယန်က ပြိုင်ဘက် ဘယ်တော့မှ မဖြစ်နိုင်ကြောင်း သူ သိနေသည်။

"ချမ်ဟောင် သခင်လေး.. သဘောမတူနဲ့...."

ထိုအချိန်တွင် ကျီးပေါင်က ရုတ်တရုတ် ထ ပြောလိုက်သည်။ ချင်ယန်က ချီဖွဲ့စည်းခြင်း အဆင့်ကို အမှန်တကယ် ရောက်နေသည်။ ဒါသည် လောလိန်း၏ မျှော်မှန်းချက်ထက် တော်တော်လေး ကျော်လွန် သွားခဲ့ပြီ။

ထို့အပြင် ချင်ယန်က သိုင်းပညာကို ထိုက်ကျိ မဟာပြည့်စုံခြင်း အဆင့်အထိ ကျွမ်းကျင်နေသဖြင့် မည်သို့မျှ မဖြစ်နိုင်ပေ။

အကယ်၍ ထိုအချက်သာ သူ မသိခဲ့လျှင် ချင်ယန်၏ သိုင်းကျင့်စဉ်က တစ်မူထူးခြားနေသည်ဟု သူလည်း ထင်မိလိမ့်မည်။

ချင်ယန် သေလျှင် ပိုကောင်းသည်။ အကယ်၍ ချမ်ဖိန်သာ သူတို့ မိုးကြိုးမီး ဓါးဂိုဏ်းတွင် သေသွားခဲ့ပါက သူတို့အတွက် မကောင်းပေ။

ကျန်းရှီကွမ်က ဒေါသတကြီး အော်ဟစ်ပြီး....

"ချင်ယန်၊ မင်းက ချီဖွဲ့စည်းခြင်း အဆင့် ရောက်နေတာကို အမြဲတမ်း ဖုံးကွယ်ထားခဲ့တာ မရှက်ဘူးလား....။ ချူယောင်ရှူက မင်းလက်ထဲမှာ သေသွားတာပဲ ဖြစ်နိုင်တယ်။ ချမ်ဖိန်၊ ချူယောင်ခူ၊ တခြားလူတွေနဲ့ အသက်လုပွဲ တိုက်ခိုက်တာ မင်းအပိုင်း...... ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းနဲ့ ဘာမှ မဆိုင်ဘူး...။ ဒါပေမယ့် ချူယောင်ရှူက ငါ့ တပည့်...... သူ့ဆရာ တစ်ယောက်အနေနဲ့ ငါ တပည့်ရဲ့ သေဆုံးမှုကို ဂရုစိုက်တယ်ကွ......"

ကျန်းရှီကွမ်က ထိုကဲ့သို့ ပြောရင်း ချင်ယန်ထံ ပျံသန်းလာသည်။

ယခုအခါ ကျန်းရှီကွမ်က ချီဖွဲ့စည်းခြင်း အဆင့် (၉) ရောက်နေပြီ။ သူ့ လေ့ကျင့်သည့် ကျင့်စဉ်က အလေးချိန် ပေါ့ပါးစေသည့် ကျင့်စဉ်ဖြစ်ပြီး သူ့ကို မီတာ နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်အထိ ပျံသန်းစေနိုင်သည်။

ယခုအခါ သူက သူ၏ သိုင်းဝိညာဉ်ကိုလည်း အသုံးပြု ထားသေးသည်။

ကျန်းရှီကွမ်၏ သိုင်းဝိညာဉ်က သိမ်းဌက်ကြား ဖြစ်ပြီး ယခုအချိန်တွင် အခြားလူများက သူ့သိုင်းဝိညာဉ်ကို မမြင်နိုင်သော်လည်း ကျန်းရှီကွမ် ဘေးတွင် ချင်ယန်က တောင်ပံကြီး တစ်စုံ ရှိနေသည်ကို မြင်နေရသည်။

ကျန်းရှီကွမ်က သိုင်းဝိညာဉ် အသုံးပြုထားပါက မီတာ နှစ်ရာကျော်ခန့်ကို ပြဿနာ မရှိဘဲ ပျံသန်းနိုင်သည်။

"သေစမ်း....."

ကျန်းရှီကွမ်က ချင်ယန်ကို ရှင်းပြခွင့် မပေးဘဲ ချင်ယန်၏ လည်ပင်းအား တည့်တည့် ချိန်ရွယ်ကာ သူ့လက်ထဲမှ ဓါးကို အဆိပ်ပြင်းသော မြွေတစ်ကောင်ကဲ့သို့ ထိုးထုတ်လိုက်သည်။

ချမ်ဖိန် သေပြီ၊ ချူယောင်ခူ သေပြီ...

ထို့ကြောင့် ကျန်းရှီကွမ်က ချင်ယန်ကို နောက်ထပ် အခွင့်အရေး မပေးချင်တော့ပေ။

ဝေါင်း........

ကျန်းရှီကွမ်က ချင်ယန်ရှေ့သို့ ရောက်ရှိသာ ရှိသေးသည်။

ကြောက်စရာ ကောင်းသော နဂါး ဟိန်းဟောက်သံက ရုတ်တရက် ပေါ်လာသည်။

ချင်ယန်က သိုင်းဝိညာဉ် အသုံးပြုခဲ့သော်လည်း သူ့ သိုင်းဝိညာဉ်ကို လုံးဝ ထုတ်မပြခဲ့ပေ။

ယခုအခါ ချင်ယန်က ချီဖွဲ့စည်းခြင်း အဆင့် (၅) ရောက်နေပြီး သူ့ဝိညာဉ် အမှောင် နတ်ဆိုးနဂါးက ဆယ်မိတာ မကျော်သော်လည်း ထွက်ပေါ်လာသည့်

စွမ်းအား (၇၀) ရာခိုင်နှုန်းက ကျန်းရှီကွမ် တောင့်ခံနိုင်သည့် အရာမျိုး မဟုတ်ပေ။

ကြောက်စရာ ကောင်းသော နဂါး စွမ်းအားကြောင့် ကျန်းရှီကွမ်က မှိုက်ခနဲ တစ်ချက် ဖြစ်သွား၏။

ဤမျှ တိုးတောင်သော အချိန်လေးက အခြား တန်ခိုးရှင်များအတွက် အခွင့်အရေး ဖမ်းဆုပ်ရန် ခက်ခဲသော်လည်း ချင်ယန် အတွက်မူ လုံလောက်နေသည်။

ဖောင်း.......

ချင်ယန်က ဓါးပျော့ကို ရှောင်တိမ်းရင်း ကျန်းရှီကွမ်၏ ဝမ်းဗိုက်အောက်ပိုင်းကို လက်သီးခပ်ပြင်းပြင်း တစ်ချက် ထိုးလိုက်ရာ လွှမ်းမိုးအားကြီးသော စွမ်းအားတစ်ခုက ကျန်းရှီကွမ် ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားသည်။

ကျန်းရှီကွမ် ခန္ဓာကိုယ်ထဲတွင် အက်ကွဲကြောင်းတစ်ခု ထွက်ပေါ်လာပြီး ဒန်တယ် ကျိုးအက်သွားသည်။

ဖုတ်.....

ကျန်းရှီကွမ်က အရပ်ကြိုးပြတ် လဲကျသွားပြီး မျက်နှာက အလွန် ဖြူဖျော့နေကာ ပါးစပ်မှ သွေးများ အန်ထွက်နေသည်။

"ဘယ်လို ဖြစ်နိုင်မှာလဲ...."

"အကြီးအကဲ ကျန်း.... တကယ်ရှုံး သွားတာလား..."

"အကြီးအကဲ ကျန်းက အကြီးအကဲချုပ် ဖြစ်နေပြီလေ။ အခုဆို ချီဖွဲ့စည်းခြင်း အဆင့် (၉) တောင် ရောက်နေပြီ..."

"ခုနတုန်းက ဟိန်းဟောက်သံက ဘာလဲ...."

မရေမတွက်နိုင်သော လူများ အံ့အောမှင်သက်နေကြသည်။ ဤရလဒ်မျိုးက တကယ်ကို စပရိုက်ဖြစ်လွန်းသည်။

အထူးသဖြင့် မိုးကြိုးမီး ဓါးဂိုဏ်းမှ လူများပင်...... မျက်လုံးနှင့် မြင်နေရသော်လည်း မယုံကြည်နိုင် ဖြစ်နေသည်။

ယခုအချိန်ထိ ချင်ယန်က မိုးကြိုးမီး ဓါးဂိုဏ်း၏ အမှိုက်ပင်။

ကျန်းရှီကွမ်က အလွန် အစွမ်းထက်သော ပုဂ္ဂိုလ်ကြီး....

ဒါကို ကျန်းရှီကွမ်က ချင်ယန်ကို အမှန်တကယ် ရှုံးနိမ့်သွားသည်လော.....

## အခန်း(၅၃) - ရန်ပြိုး.....

"ငါရဲ့ ကျင့်ကြံခြင်း အခြေခံ.. ငါ့ရဲ့ ကျင့်ကြံခြင်း အခြေခံ...."

"ချင်ယန်၊ မင်းက ငါရဲ့ ကျင့်ကြံခြင်း အခြေခံကို တကယ် ဖျက်ဆီး လိုက်တာလား..."

ကျန်းရှီကွမ်က ကြောက်လန့်ပြီး အော်ဟစ်လိုက်သည်။ အကြိမ်ကြိမ် ကုန်းထနေသော်လည်း မထနိုင်ပေ။ ဒန်တယ် ဖျက်ဆီးခံရပြီး

သွေးကြောများလည်း ပျက်စီးသွားသဖြင့် အသုံးမဝင်သည့် လူတစ်ယောက် ဖြစ်သွားခဲ့ပြီ.....

ချင်ယန်က ဂရုမစိုက်သော အမူအရာနှင့်.....

"အကြီးအကဲ ကျန်း၊ မင်းက ငါ့ကို သနားစရာကောင်းအောင် သေရမယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ အဲ့အထဲမှာ ငါ့ မိသားစုလည်း ပါသေးတယ်..."

"ဘာပါလိမ့်.... မိသားစု တစ်စုရဲ့ မိသားစုဝင်ငါးယောက်ကို သုံးရက်သုံးည နှိပ်စက်ပြီး သူတို့အားလုံး မင်းလက်ထဲမှာ သေသွားတယ်လို့ ပြောခဲ့တာ ငါ မှတ်မိသေးတယ်။ ဒီကမ္ဘာကြီးက

ငါ့လို လူငယ်တစ်ယောက် ထင်ထားတာထက် ပိုပြီး မှောင်မိုက်တယ်လို့ ပြောခဲ့တယ်။ ငါပြောတာ ဟုတ်တယ် မဟုတ်လား....”

“အခု မင်းလည်း ဒီကမ္ဘာကြီးရဲ့ အမှောင်ဘက်ခြမ်းကို ဖြည်းဖြည်းခြင်း ခံစားကြည့်ပေါ့....”

“အခု မင်းက ကျင့်ကြံခြင်း အခြေခံ မရှိတော့တဲ့ ဆန်ကုန်မြေလေး တစ်ကောင် ဖြစ်သွားပြီ။ အချိန်တန်လို့ ငါတို့တွေ ပြန်ဆုံကြရင် အတွေ့အကြုံတွေ ပြန်ပြောကြတာပေါ့.... လူတွေက

မင်းကို အလွယ်တကူ မသတ်ကြဖို့ ငါ မျှော်လင့်မိတယ်....”

ကျန်းရှီကွမ် လုံးဝ ဓိတ်ဓါတ် ကျသွား၏။ ကျင့်ကြံခြင်း အခြေခံ မရှိပါက မိုးကြိုးမီး ဓါးဂိုဏ်းတွင် မနေနိုင်တော့ပေ။ အချိန်တန်ပါက သနားစရာကောင်းသည့် ဘဝနှင့် သေရလိမ့်မည်။

“ချင်ယန်၊ မင်းက ငယ်ငယ်လေးပဲ ရှိသေးတယ် အရမ်း ရက်စက်နေပြီ.....”

“ဂိုဏ်းချုပ်၊ ချင်ယန်ကို သတ်။ ချင်ယန်ကို သတ်ကို သတ်မှရမယ်။ ဒီလိုမှ မဟုတ်လို့ကတော့

အချိန်တန်ရင် မိုးကြိုးမီး ဓါးဂိုဏ်း တစ်ခုလုံး သူ့ကြောင့် ပျက်စီး သွားလိမ့်မယ်.....”

ကျန်းရှီကွမ်က အော်ဟစ်လိုက်သည်။

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး လှောင်ပြောင်နေသည်။ သူက လောလိန်းကို အဆင့်တက်နိုင်အောင် ကူညီ ပေးထားသည်။ အကယ်၍ လောလိန်းနှင့် ကျီးပေါင်တို့က သူ့အပေါ် ရက်စက်ပြီး သတ်ဖြတ်ရန် ကြိုးစားလာပါက မိုးကြိုးမီး ဓါးဂိုဏ်းက ဆက်လက် တည်ရှိနေစရာ မလိုတော့ပေ။

လောလိန်းက အသက်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်ပြီး....

"လာကြစမ်း... အကြီးအကဲကျန်းကို ခေါ်ထုတ် သွားကြ....."

"ချင်ယန်၊ အကြီးအကဲကျန်းက မင်းကို ရန်ငြိုးထားလို့ မင်းက သူ့ကို ဖျက်ဆီး ပစ်လိုက်တယ်။ ဒီကိစ္စနဲ့ ပက်သက်ပြီး ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းက ဘာမှ အရေးမယူဘူး။ ဒါပေမယ့် အခုအချိန်က စပြီးတော့ မင်းက ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းနဲ့ ဘာမှ မပက်သက်တော့ဘူး..."

ယခုလက်ရှိ အခိုက်အတန့်တွင် ကျိုးပေါင်သည့် အနည်းငယ် နှောင်တ ရနေသည်။ သူက ချင်ယန်ကို ကာကွယ် ပေးခဲ့သင့်သည်။

ထိုသို့ဆိုလျှင် ချင်ယန်က မိုးကြိုးမီး ဓါးဂိုဏ်းထဲ ဝင်ခဲ့ပြီး မိုးကြိုးမီး ဓါးဂိုဏ်း၏ အနာဂါတ်က ပိုမို အားကောင်းလာနိုင်ဖွယ် ရှိသည်။ ယခုမူ အခြေအနေတွေက ပြန်လည် ကုစားရန် ခက်ခဲ သွားခဲ့ပြီ။ ဒါက မဖြစ်နိုင်တော့ပေ။

“မဟုတ်ဘူး... မဟုတ်ဘူး.... ဂိုဏ်းချုပ် သူ့ကို မလွှတ်ပေးနဲ့....”

“ဂိုဏ်းချုပ် မလွှတ်နဲ့.....”

ကျန်းရှီကွမ်က အော်ဟစ်နေသည်။ သို့သော် ယခုလက်ရှိတွင် သူ့စကားက အရေး မပါတော့ပေ။

ဖြောင်း ဖြောင်း.......

လက်ခုပ် တဖြောင်းဖြောင်း တီးလိုက်သည့် အသံ ထွက်ပေါ်လာသဖြင့် လူတိုင်းက လှည့်ကြည့်လိုက်ရာ လက်ခုပ် တီးလိုက်သည့်လူက ဖန်ယွမ်ဟွမ် ဖြစ်နေသည်။

ဖန်ယွမ်ဟွမ်က ပြုံးနေသော မျက်နှာ အမူအရာနှင့် မတ်တပ်ထရပ်လိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံဖြင့်....

"ချင်ယန်၊ မင်းကို သဘောကျတယ်။ ငယ်ငယ်လေးနဲ့ ချီဖွဲ့စည်းခြင်း အဆင့် ရောက်နေပြီ..... ပြီးတော့ မင်းက နည်းနည်းလေးမှ သည်းခံစိတ် မရှိဘူး..... တကယ်လို့ မင်းက ပုံရိပ်မြင့်ပြီး နေလိုက်မယ်ဆိုရင် သူက မင်းခွန်အားကို သိပြီးတော့ မင်းလက်ထဲ ကျသွားမှာ မဟုတ်ဘူး..."

ကျန်းရှီကွမ်က သိုင်းဝိညာဉ် သုံးခဲ့သော်လည်း သူက လုံးဝ မသုံးခဲ့ပေ။

“မင်းက ထက်မြတ်တဲ့ လူတစ်ယောက်ပဲ။ ထက်မြတ်တဲ့လူက ထက်မြတ်တဲ့ ရွေးချယ်မှု လုပ်သင့်တယ်....”

“ရှောင်ကျူဝမ်နဲ့ ရှောင်ကျူယင် တို့ကို သတ်လိုက်.... ပြီးတော့ ဒူးထောက် အရိုအသေ ပေးပြီး ငါ့ကို ဆရာအဖြစ် ကိုးကွယ်လိုက်...။ ဒီနေရာကနေ မင်းကို တိုက်ရိုက် တပည့်အဖြစ် လက်ခံလိုက်မယ်။ တကယ်လို့ ရှောင်ကျူဝမ်နဲ့

ရှောင်ကျူယင်တို့ကို ရွေးချယ်မယ်ဆိုရင် ဒီနေ့၊ ဒီနေရာမှာ သေရမယ်....”

ကျန်းရှီကွမ်က လှောင်ပြုံး ပြုံးလိုက်ပြီး.....

“ချင်ယန်၊ မင်းငါ့ကို အနိုင်ရခဲ့ပေမယ့် ဒူးထောက်ပြီး ဦးညွှတ် နေရတုန်းပဲ...”

“မင်းက ရှောင်ကျူဝမ်တို့ ညီအစ်မကို ကာကွယ်ချင်ပေမယ့် မင်း မလုပ်နိုင်ပါဘူး....”

ချမ်ဟောင်က လေးနက်သော အမူအရာနှင့်.....

"မဟာမိတ် ခေါင်းဆောင်ဖန်.... ချင်ယန်က ငါတို့ ချမ်မိသားစုကို သတ်ထားလို့ ငါတို့ ချမ်မိသားစုနဲ့ ရန်သူ ဖြစ်နေပြီ..... ဒါကိုတောင် မဟာမိတ် ခေါင်းဆောင်ဖန်က တပည့်အဖြစ် လက်ခံဖို့ ဆုံးဖြတ် ထားသေးတာလား......"

"တကယ်လို့ မဟာမိတ် ခေါင်းဆောင်ဖန်ဆီမှာ ဒီလိုအတွေး ရှိရင် ချက်ချင်း မောင်းထုတ်လိုက်ပါ.... ငါတို့ ချမ်မိသားစုနဲ့ ဖန်မိသားစုတွေက အနာဂါတ်မှာ တွေ့နေကြအုံးမှာပါ။ မဟာမိတ်

ခေါင်းဆောင်နဲ့လည်း ပူပေါင်း ဆောင်ရွက်ရမယ့် ကိစ္စတွေ အများကြီး ရှိသေးတယ်....”

ဖန်ယွမ်ဟွမ်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။ အမှန်တကယ်ဆို ချင်ယန်ကို တပည့်အဖြစ် လက်ခံရန် ရည်ရွယ်ချက် မရှိပေ။ သူ ပြောစေချင်သည့် စကားကို ချမ်ဟောင်က ထုတ်ပြောခဲ့ပြီ......

“သခင်လေး ချမ်ဟောင်..... မင်းက ချမ်မိသားစုကို ကိုယ်စားပြုလို့လား....”

ဖန်ယွမ်ဟွမ်၏ ပုံစံက ပြောင်းလဲသွားသည်။

ချမ်ဟောင်က ဂုဏ်ယူ ဝံ့ကြွားသော အမူအရာနှင့်......

" ဒီနေရာမှာ ငါ ရှိနေကတည်းက ထုံးစံအတိုင်းပဲ ငါက ကိုယ်စားပြုနိုင်တယ်...."

ဖန်ယွမ်ဟွမ်က ပြုံးလိုက်ပြီး......

"ဒါဆိုလည်း သခင်လေး ချမ်ဟောင် ပြောသလိုပဲပေါ့။ ငါက သခင်လေး ချမ်ဟောင်ကို မျက်နှာသာ ပေးလိုက်မယ်။ အင်ပါယာ မြို့တော်က ချမ်မိသားစုကို မျက်နှာသာ ပေးလိုက်မယ်...."

"ချင်ယန်၊ စိတ် မကောင်းစရာဘဲ....ငါက မင်းကို သဘောကျပေမယ့် ဒီနေ့ မင်း သေရတော့မယ်...."

ယခုလက်ရှိ အချိန်တွင် ကျန်းရှီကွမ်က အဝေး မရောက်သေးပေ။ သူက စိတ်ပါလက်ပါ အော်ရယ်လိုက်ပြီး.....

"ချင်ယန်.. ချင်ယန် ဒီအဘိုးကြီးကို မသတ်ခဲ့တာ အခုတော့ နောင်တ ရနေပြီလား.... ဒီအဘိုးကြီးက အသက်ရှင်နေပေမယ့် မင်းကတော့ မကြာခင် သေရတော့မှာ သေချာနေပြီ.....။

ဒီအဘိုးကြီးက မင်းအလေလောင်းကို ကြာပွတ်နဲ့ ရိုက်နိုင်သေးတယ် ကွ…”

“မဟာမိတ် ခေါင်းဆောင် ဖန်၊ ဒီနှစ်အတွင်းမှာ ငါစုဆောင်းထားတဲ့ ငွေတွေ ရှိတယ်။ နောက်ပိုင်းမှာ မဟာမိတ် ခေါင်းဆောင်က ချင်ယန်ကို ပြင်းပြင်းထန်ထန် နှိပ်စက် ပေးမယ်ဆိုရင် ဒီနှစ်အတွင်း ငါစုဆောင်းထားတဲ့ ငွေအားလုံးကို မဟာမိတ် ခေါင်းဆောင်ဆီ ပေးအပ်သွားပါမယ်…”

ဖန်ယွမ်ဟွမ်က ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်……

ကျန်းရှီကွမ်၏ နှစ်ပေါင်း တလျှောက် စုဆောင်းခဲ့သော ငွေများက ဖန်ယွမ်ဟွမ်အတွက် အနည်းငယ် ဆွဲဆောင်မှု ရှိနေသည်။

"ဒီလူကြီးက မင်း စိတ်ကျေနပ်အောင် မင်းဆန္ဒကို ဖြည့်ဆည်းပေးမယ်......"

"ကျေးဇူး အများကြီးတင်ပါတယ်။ မဟာမိတ် ခေါင်းဆောင်...."

"ငါ့ကို မြန်မြန်လွှတ်စမ်း...။ ချင်ယန် အရိုက် ခံရတာ ငါ ကြည့်ချင်သေးတယ်။ ဟားဟား... ဟားဟား...."

ကျန်းရှီကွမ်က စိတ်လွတ်ကိုယ်လွတ် အော်ရယ်နေသည်။

ယွမ်ဖန်ကျားက နာကျည်းနေသော အမူအရာနှင့်.....

"ရှီယန်က နင့်သားက ပင်ကိုယ် ပါရမီကောင်းပါတယ်။ ဒါပေမယ့် ကံဆိုးတာက မကြာခင် သေရတော့မယ်။ အခု မင်း စိတ်အခြေအနေက ဘယ်လိုလဲဆိုတာ ငါ မသိဘူး...."

လက်ရှိ ရောက်နေသော လူ နှစ်သောင်းကျော်ထဲတွင် လူအနည်းငယ် လောက်ကသာ ဤကဲ့သို့

အခြေအနေ၌ ချင်ယန်အတွက် အခွင့်အရေး အနည်းငယ် ရှိနေသေးသည်ဟု ထင်နေကြသည်။

ကျန်းရှီကွမ်က ချီဖွဲ့စည်းခြင်း အဆင့် (၉) သာ ရှိပြီး ဖန်ယွမ်ဟွမ်က မူလ အစစ်အမှန် နယ်ပယ် ကျွမ်းကျင်သူ ဖြစ်သည်။ ထို့အပြင် သူက မူလအစစ်အမှန် နယ်ပယ်ကိုမှ အဆင့် (၄) ရောက်နေပြီး သံလက်သီး ဂိုဏ်းချုပ်၊ ဖန်မိသားစု ခေါင်းဆောင်၊ ဂိုဏ်းတစ်ရာ မဟာမိတ် ခေါင်းဆောင် ဖြစ်နေသေးသဖြင့် ဒီနေရာကို

ယခုလက်ရှိ ရောက်နေသော ချီဖွဲ့စည်းခြင်း တန်ခိုးရှင်အားလုံးက သူ့လူများဟု ပြောနိုင်သည်။

“ထူပ၊ မင်းလက်ထဲ လွှဲလိုက်မယ်…”

ဖန်ယွမ်ဟွမ်က တိတ်တဆိတ် ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ.. ဆရာ…”

သူက ဖန်ယွမ်ဟွမ်ကို ဘုရားတစ်ဆူ၊ ဂူတစ်လုံးကဲ့သို့ ကိုးကွယ်သူဖြစ်ပြီး သူ့နာမည်ကို ထူပရှုဟု ခေါ်သည်။ သူ့နာမည်က အနည်းငယ် ပြေပြစ်သော်လည်း ဖန်ယွမ်ဟွမ်၏ လက်အောက်

ငယ်သားထဲတွင် နံပါတ်တစ် လက်မရွံ့ လူသတ်သမား ဖြစ်သည်။

ဖန်ယွမ်ဟွမ်၏ အမိန့်ကို အကောင်အထည် ဖော်ရန် အမြစ်ပြတ် သုတ်သင်ခဲ့သည်မှာ တစ်ကြိမ်၊ နှစ်ကြိမ် မကတော့ပေ။

ထူပရှူက ပြုံးပြီး ကွင်းပြင်ထဲ လမ်းလျှောက် ဝင်လာသည်။

သူ့ကို မြင်လိုက်သောအခါ လူတော်တော် များများက တိတ်တဆိတ် ခေါင်းခါ လိုက်ကြသည်။

မကြာမီ ချန်ယန် ရှုံးတော့မည်ဟု ခန့်မှန်းနေကြသည်။

ကျန်းရှီကွမ် ကဲ့သို့ ထူပရှုကလည်း ချီဖွဲ့စည်းခြင်း အဆင့် (၉) ဖြစ်သည်။ ထို့ပြင် သူက ချီဖွဲ့စည်းခြင်း အဆင့် (၉) ကို ရောက်နေသည်မှာ နှစ်ပေါင်း အတော် ကြာနေခဲ့ပြီ။

ပို အရေးကြီးသည်မှာ ထူပရှုက ဂိုဏ်းများကို ဂရုမစိုက်ဘဲ မကြာခဏ လူသတ်လေ့ ရှိခြင်းပင်။ တိုက်ပွဲ အတွေ့အကြုံပိုင်းတွင် ကျန်းရှီကွမ်ထက် အများကြီး သာလွန်နေသည်။

ထူပရှုတွင် လက်မရွံ့ဟူသော နာမည်ပြောင် ရှိသည်။

"ရှီယန်၊ လက်မရွံ့လက်ထဲမှာ သေသွားတဲ့ လူတွေက သုံး၊ လေးရာ မကတော့ဘူး..။ သူက ကျန်းရှီကွမ် အဆင့်လောက်ကို ခေါင်းထဲမထည့်တာ သေချာတယ်"

ယွမ်ဖန်ကျားက လှောင်ပြောင် ခနဲ့ပြီး ပြောဆိုလိုက်သည်။

"ချင်ယန်က မကြာခင် နှိပ်စက် ခံရတော့မယ်။ အဲ့ဒီအစား သေသွားတာကမှ ပိုကောင်းအုံးမယ်...."

ရှီယန်၏ မျက်နှာက အေးစက်သွားသည်။

ယွမ်ဖန်ကျားက ပြုံးလိုက်ပြီး

"ဒါပေမယ့် နင် စိုးရိမ်နေစရာ မလိုဘူး.....။ ချင်ယန် သေပြီးသွားရင် နင်လည်း လိုက်သွားရမှာ...."

"ချင်ယန်၊ နင် အနားယူလိုက်.... ငါ လုပ်လိုက်မယ်..."

ပွဲကြည့်စင် အောက်တွင် ရှောင်ကျူဝမ်က မတ်တပ်ထရပ်ပြီး ပြောလိုက်သည်။

မိုးကြိုးမီး ဓါးဂိုဏ်းမှ လူတော်တော် များများသည် မမျှော်လင့်ထားသဖြင့် အံ့အော သင့်သွားသည်။ သူတို့ သိသလောက် ဆိုလျှင် ရှောင်ကျူဝမ်က ချီစုဆောင်းခြင်း အဆင့် (၉)သာ ရှိသေးသည်။ ယခုအခါ သူမက ထူပရှူနှင့် တိုက်ခိုက်ရန် ရှေ့ထွက်လာနေသည်။ ဒါသည် သေချင်၍ ဖင်ထယားခြင်း မဟုတ်ပါလော......

ဖန်ယွမ်ဟွမ် ဘေးနားတွင် ရှိနေသော ဖန်ကျားက ပြေးရိုက်ချင်စရာ ကောင်းသော မျက်နှာ အမူအရာနှင့်......

"ရှောင်ကျူဝမ်၊ မင်း ရှေ့ထွက်ပြီး သေသွားရင် ချင်ယန် အဆင်ပြေ သွားမယ်လို့ ထင်နေတာလား။ သူက မင်းတို့နှစ်ယောက်ကို ကာကွယ်ဖို့ သတ္တိရှိလို့ သေရမယ်...."

"ငါတို့ ဖန်မိသားစုကို ဆန့်ကျင်ရင် အဆုံးသတ် တစ်ခုပဲ ရှိတယ်..."

ဖန်ယွမ်ဟွမ်က ကျီးပေါင်ကို လှမ်းကြည့်လိုက်ပြီး ပေါ့ပေါ်ပေါ်ပါး အမူအရာနှင့်......

"ဂိုဏ်းချုပ် ကျီး၊ မင်းတို့ မိုးကြိုးမီး ခါးဂိုဏ်းကို မျက်နှာသာ ပေးပြီးပြီ။ ဒါကြောင့်လည်း

ရှောင်ကျူဝမ်က အခုချိန်အထိ အသက်ရှင်နေသေးတာ... အခု မင်း ဘာပြောချင်သေးလဲ....... ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က မင်းတို့ မိုးကြိုးမီး ဓါးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေ ဖြစ်နေသေးတာလား....."

ကျီးပေါင်က လေးနက်သော အမူအရာနှင့်.......

"မဟာမိတ် ခေါင်းဆောင် ဖန်၊ ရှောင်ကျူဝမ်က ငါတို့ ဂိုဏ်းသား မဟုတ်တော့ပါဘူး... ရှောင်ကျူယင်လည်း အတူတူပဲ.... သူတို့

နှစ်ယောက်လုံးက ငါတို့ မိုးကြိုးမီး ဓါးဂိုဏ်းနဲ့ ဘာမှ မဆိုင်တော့ဘူး....”

ဖန်ယွမ်ဟွမ်က အနည်းငယ် ပြုံးလိုက်ပြီး....

“အရမ်း ကောင်းတယ်။ အချိန်တန်ရင် သူတို့ကို ခေါ်သွားရမယ်။ ရှောင်ကျူုယင်က ငါ့မြေးကို နာကျင်အောင် လုပ်ခဲ့တယ် ဆိုတော့ ငါ့မြေးနဲ့ အတူတူထားပြီး ရက် နည်းနည်းလောက် စောင့်ရှောက် ခိုင်းရမယ်...”

ထိုစကားကို ကြားလျှင် လူတော်တော် များများက ကြိတ်ပြီး ခေါင်းခါ လိုက်ကြသည်။

ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်သာ ဖန်ယွမ်ဟွမ်နှင့် ပါသွားမည်ဆိုလျှင် မည်မျှ နှိပ်စက်ခံရမလဲ ဆိုသည်ကို ဘုရားမှသာ သိလိမ့်မည်။ နောက်ဆုံး ရလဒ်က သေခြင်းတရားပင်.....

ထို့ပြင် ဖန်ယွမ်ဟွမ်က သန်မာပြီး ဖန်မိသားစုက အာဏာကြီးသည်။ တစ်စုံ တစ်ယောက်က ဖန်ယွမ်ဟွမ် နိုင်လိုမင်းထက် လုပ်နေသည်ဟု ခံစားမိလျှင်ပင် မည်သူက ပြောဝံ့မည်နည်း.....

“ဒီမှာ ဖန်ယွမ်ဟွမ်၊ ဖန်ကျားက ဓါးဆွဲထုတ်ပြီး ငါ့ကို အဝတ်အစား ချွတ်ခိုင်းခဲ့တယ်။ ငါက သူ့ဓါး

ဆွဲယူပြီး သူ့ခါးနဲ့သူ့ကို ပြန်ထိုးလိုက်လို့ ဒဏ်ရာရသွားတာ....။ နင့်ရဲ့ ဖန်မိသားစုက ငါတို့ ရှောင်မိသားစု လူသုံးဆယ်ကို သတ်ခဲ့တယ်။ ငါတို့ သေရင်တောင် နင့်ရဲ့ ဖန်မိသားစုကို သေချာပေါက် လက်စား ပြန်ချေမှာ.....”

ထိုအချိန်တွင် ရှောင်ကျူယင်လည်း ထွက်လာပြီး ဒေါသတကြီး အော်ပြောလိုက်သည်။

ဖန်ယွမ်ဟွမ်၏ မျက်နှာက ရုတ်တရက် ပုပ်သိုးသွားသည်။

ဖန်ကျား၏ မျက်နှာ အမူအရာက ပို၍ပင် ရုပ်ဆိုး နေသေးသည်။

## အခန်း(၅၄) - စမူ တစ်ခုမှ စ အဘိုးပါသေ....

ဖန်ကျားက.....

"အရည်မရ၊ အဖက်မရ စကားတွေ မပြောနဲ့....။ မင်းတို့ ရှောင်မိသားစုဝင် သုံးဆယ် သေတဲ့ကိစ္စလား.... ဘယ်သူ သတ်လဲဆိုတာ ကောင်းကင်ဘုံပဲ သိတယ်..."

"ငါတို့ ဖန်မိသားစုက စည်းမျဉ်း စည်းကမ်းနဲ့ ဥပဒေ လိုက်နာတဲ့ လူကောင်းတွေပဲ....."

"ငါ့ခါးကို မင်းက လုယူပြီး ငါ့ကို ခါးနဲ့ပြန်ထိုးတယ်.... ဟုတ်လား... ယုတ္တိရှိအောင်လည်း ပြောစမ်းပါအုံး..... မင်းက ချီစုဆောင်းခြင်း အဆင့် (၇)၊ ငါက ချီစုဆောင်းခြင်း အဆင့် (၉)၊ ဒါတောင် ငါ့ခါးကို မင်း ဘယ်လို လုယူမှာလဲ...."

ဖန်ကျားက စကားပြောနေရင်း ချီစုဆောင်းခြင်း အဆင့် (၉) အငွေ့အသက်ကို ထုတ်လွှတ်လိုက်သည်။

ဖန်ကျား၏ မျက်လုံးထဲတွင် ကျေနပ်အားရသွားသော အမူအရာ ပေါ်လာသည်။ အမှန်တကယ်ဆို ရှောင်ကျူုယင် သူ့ခါးကို လုယုစဉ်က သူ၏ ကျင့်ကြံခြင်းအဆင့် ချီစုဆောင်းခြင်း အဆင့် (၇) သာ ရှိသေးသည်။ နောက်ပိုင်းတွင် ဖန်ယွမ်ဟွမ်က သူ့ကို ချီစုဆောင်းခြင်း အဆင့် (၉) ရောက်အောင် စိတ်ဝိညာဉ် ဆေးလုံး ပေးခဲ့ခြင်း ဖြစ်သည်။

"ရှောင်ကျူုယင်၊ လူတိုင်းမှာ မျက်လုံးပါတယ်။ ဒီသခင်လေးက ချီစုဆောင်းခြင်း အဆင့် (၉) ၊

တကယ်လို့ ငါသာ မင်းနဲ့ အတင်းအဓမ္မ လိင်ဆက်ဆံချင်တယ် ဆိုရင် ခါးတောင် မလိုဘူး....”

“ဟုတ်တယ်။ ဟုတ်တယ်.... ရှောင်ကျား သဘောကောင်းတာကို မင်းက အခွင့်ကောင်းယူပြီး ခါးနဲ့ထိုးခဲ့တာပဲ ဖြစ်ရမယ်...”

“ရှောင်ကျားက ဒီရက်ပိုင်း မအားလို့ မင်းနဲ့ လိင်မဆက်ဆံလို့ ဒေါသထွက်ပြီး ထိုးလိုက်တာ မဟုတ်လား.....”

ဖန်ကျား ပြောပြီးသောအခါ ကျန်သည့်လူများက ထိုစကား လမ်းကြောင်းကို နင်းပြီး လိုက်ပြောကြသည်။

ရှောင်ကျူးယင်က ဖန်ကျားကို မီးဝင်းဝင်း တောက်နေသော မျက်လုံးများနှင့် ကြည့်နေသည်။

ဖန်ကျားက ပြုံးလိုက်ပြီး.......

"ရှောင်ကျူးယင်၊ တကယ်လို့ မင်း လက်မခံနိုင်ရင် ငါတို့တွေ တစ်ပွဲလောက် ကစားကြတာပေါ့.... ငါက လက်တစ်ဘက်ပဲ သုံးမယ်။ ဒီလို တိုက်ခိုက်လို့မှ မနိုင်ရင်

မင်းစကားကို ဘယ်သူမှ နားထောင်မှာ မဟုတ်ဘူး။ တိုက်ခိုက် ပြီးသွားရင်တော့ မင်းက နာခံမှုရှိရှိနဲ့ ဒူးထောက် အရိုအသေ ပေးရုံပဲ။ ဒီသခင်လေးက မင်းကို ခွင့်လွှတ် ပေးလိုက်မယ်...”

ပုံမှန်ဆိုလျှင် ချီစုဆောင်းခြင်း အဆင့် (၉) က ချီစုဆောင်းခြင်း အဆင့် (၇ )ကို လက်တစ်ဖက်တည်းနှင့် အနိုင် မယူနိုင်ပေ။

ဖန်ကျားက ကောင်းကောင်း ပြင်ဆင်ထားခြင်းသာ ဖြစ်ရမည်။

ရှောင်ကျူးယင်က အံကြိတ်လိုက်ပြီး...

"ငါတို့ တိုက်ခိုက်မယ်.... တကယ်လို့ မင်းက ငါ့ကို မနိုင်ခဲ့ရင် ဘယ်လို လုပ်မလဲ...."

ဖန်ကျားက....

"ငါမင်းကို မနိုင်ရင် ငါ့ကို သတ်လိုက် အဆင်ပြေလား....။ ဒီလောကဆိုရင် ငါ့ ရိုးသားမှုက ဘယ်လိုလဲ....။ ဒီလို ငါပြောခဲ့လို့ မင်းငါ့ကို သတ်လိုက်ရင် အစိုးရက မင်းကို ဒုက္ခပေးမှာ မဟုတ်ဘူး..."

ရှောင်ကျူဝမ်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"ကျူယင်.... မလုပ်..."

"ကောင်းပြီ...."

ရှောင်ကျူဝမ် စကား မဆုံးသေးခင် ရှောင်ကျူယင်က လက်ခံလိုက်သည်။

ဖန်ကျားက ပြုံးရွှင်နေသော အမူအရာနှင့် ကွင်းထဲ ဝင်လာပြီး....

"ရှောင်ကျူယင် ၊ ငါတို့ တိုက်ခိုက်တဲ့ အခါကျရင် ဟိုထိ၊ ဒီထိ ဖြစ်နိုင်တယ်။ စိတ်ထဲ မထားဘူး မဟုတ်လား.... "

"ဦးလေး ထူပ ၊ အရင် ဘေးဖယ်ပေးပါလား... ငါ အရင် တိုက်ခိုက်လိုက်မယ်...."

ထူပရှူက ခေါင်းညိတ်ပြပြီး ဘေးဘက်သို့ လျှောက်သွားလိုက်သည်။

"ရှောင်ကျူးယင်၊ လာ အပျော်လေးတွေ လုပ်လိုက်ရအောင်..."

ဖန်ကျားက ရိသဲ့သဲ့ ပြောလိုက်သည်။

ရှောင်ကျူးယင် အံကြိတ်လိုက်ပြီး......

"အစ်မ၊ ငါ့ကို မဖျောင်းဖျနဲ့..... ငါ့ မိဘတွေအတွက် လက်စားချေဖို့ ဒီလူယုတ်မာကို သတ်ပစ်ရမယ်။ ဘာပဲဖြစ်ဖြစ် ငါတို့ အသက်ရှင်နိုင်မှာ မဟုတ်ဘူး..... ဘာဖြစ်လို့ ဒီ အခွင့်အရေးကို မယူရမှာလဲ...."

ရှောင်ကျူဝမ်က အသက် ပြင်းပြင်းလေး ရှူလိုက်ပြီး.....

"ညီမလေး.... လုပ်မယ်လို့ ဆုံးဖြတ်ထားရင် အစွမ်းကုန်သာ လုပ်"

"ဟုတ်.."

ရှောင်ကျူယင်က ခပ်သွက်သွက်လေး ခေါင်းညိတ်လိုက်သည်။

ဖန်ယွမ်ဟွမ်က ရှောင်ကျူယင်ကို စိုက်ကြည့်နေသည်။ သူ့ မျက်လုံးထဲတွင် ရှောင်ကျူယင်၏ ကျင့်ကြံခြင်း အဆင့်က ချီစုဆောင်းခြင်း အဆင့် (၇) သာ ရှိသေးသည်။

ချင်ယန်က ရှောင်ကျူဝမ်တို့ ညီအစ်မနှစ်ယောက်၏ ကျင့်ကြံခြင်းအဆင့် အစစ်အမှန်ကို ဖုံးကွယ်ထားနိုင်ရန် ပြုလုပ် ပေးထားသည်ကို ဖန်ယွမ်ဟွမ်က မည်ကဲ့သို သိနိုင်မည်နည်း.........

“မင်းက ငါ့ကို သတ်နိုင်မယ်လို့ ထင်နေတာလား..... မြန်မြန်လေး လာစမ်းပါ..... ဒီသခင်လေးက မင်းကို ကောင်းကောင်းလေး ချစ်ပါရစေ.....”

ဖန်ကျားက တဏှာအကြည့်နှင့် ကြည့်ပြီး ပြောလိုက်သည်။

ယခုလက်ရှိ အချိန်တွင် ဖန်ကျားက လုံးဝ မကြောက်ပေ။ သူက ရွှေချည်မျှင် ချပ်ဝတ်တန်ဆာနှင့် အဖိုးတန် ကျောက်စိမ်း အကာအကွယ် အဆောင်ကို ဝတ်ဆင်ထားသည်။

အရေးကြီးသည့် အခိုက်အတန့်တွင် ကျောက်စိမ်းအဆောင်ကို ဆွဲဖြုတ်ရန်သာ လိုအပ်သည်။ ချီဖွဲ့စည်းခြင်း အဆင့် (၂) ရှိသည့် တန်ခိုးရှင်များက ကျောက်စိမ်း အဆောင်မှ ထွက်ပေါ်လာသည့် ကာကွယ်ရေး အလွှာကို အချိန်တိုလေး အတွင်း ချိုးဖြတ်ရန် မဖြစ်နိုင်ပေ။

"သေစမ်း...."

ရှောင်ကျူဝမ်က ဓါး ကိုင်ဆွဲ၍ ဖန်ကျားထံ ပြေးဝင်သွားသည်။ သူမ၏ ဓါး ဆွဲထုတ်မှုနှုန်းနှင့်

ပြေးတက်သွားသော အမြန်နှုန်းသည် ချီစုဆောင်းခြင်း အဆင့် (၇) မှာသာ ရှိနေသည်။

ရှောင်ကျူဝမ်၏ အမြန်နှုန်းက သူ့ထက် အများကြီး နှေးနေသည်ကို မြင်လျှင် ဖန်ကျားက ပြုံးလိုက်သည်။ ဒီတစ်ချက်နှင့်ပင် သူက မရှုံးနိုင်တော့ပေ။

“ ဒီကုတ်ချက်ကို ကြည့်စမ်း....”

ဖန်ကျားက ကျယ်လောင်စွာ ရယ်မောရင်း ရှောင်ကျူယင်၏ ခါးချက်ကို ရှောင်လိုက်သည်။ တစ်ချိန်တည်းမှာပင် ညာဘက်လက်နှင့်

ရှောင်ကျူယင်၏ ရင်ဘက်ကို လှမ်းကုတ်လိုက်သည်။

ရှောင်ကျူယင်က အသက် (၁၅) နှစ်သာ ရှိသေးသော်လည်း သူမ ရင်ဘက်က အတိုင်းအတာ တစ်ခုအထိ ထင်ပေါ်နေပြီ......

"သေစမ်း..."

ရှောင်ကျူဝမ်က ဒေါသတကြီး အော်ဟစ်လိုက်လျှင် သူမ၏ အမြန်နှုန်းက တဟုန်ထိုး မြင့်တက်သွားပြီး သူမ၏

ဓါးခုတ်ချက်ကလည်း ရုတ်တရုတ် မြန်ဆန်သွားခဲ့သည်။

ဖောက်......

ဖန်ကျားက ကျောက်စိမ်းဆောင်ကို ဆွဲဖြုတ်ရန် အချိန် မရလိုက်ပေ။

ယခုလက်ရှိတွင် ရှောင်ကျူယင်က ချီဖွဲ့စည်းခြင်း အဆင့် (၃) တွင် ရှိနေသည်။

ဖန်ကျားက ချီစုဆောင်းခြင်း အဆင့် (၁၀) ရှိသော်လည်း ချီဖွဲ့စည်းခြင်း အဆင့် (၃) ထက် သိသိသာသာ နိမ့်ကျ နေသေးသည်။

"မဟုတ်ဘူး…."

ဖန်ကျားက မျက်လုံး ပြူးနေသည်။ ရှောင်ကျူယင်၏ ဓါးက သူ့ရင်ဘက်မှ တစ်ဆင့် နှလုံးကို ထိုးဖောက်ကာ နောက်ကျောအထိ ထုတ်ချင်း ပေါက်နေသည်။

ရတနာ လက်နက်အဆင့် ရွှေချည်မျှင် ချပ်ဝတ်တန်ဆာက ရှောင်ကျူးယင်၏ ဓါးကို လုံးဝ မတားဆီးနိုင်ခဲ့ပေ။

မရေမတွက်နိုင်သော လူများ၏ မျက်လုံးထဲတွင် တုန်လှုပ်နေမှုများ အတိုင်းသား ပေါ်လွင်နေသည်။

"ကျွားအာ……"

ဖန်ယွမ်ဟွမ်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"သေချင် နေတာပဲ…"

ဖန်ယွမ်ဟွမ်က နီးသည့် လူတစ်ယောက်ကို ပိတ်ကန်လိုက်ရာ ထိုလူသည် အခြောက်မှ ပစ်လွှတ်လိုက်သော ကျည်ဆံကဲ့သို့ ရှောင်ကျူးယင်ထံ အရှိန်အဟုန် ပြင်းထန်စွာ လွင့်ထွက်သွားသည်။

ထို့နောက် ဖန်ယွမ်ဟွမ်က ရှောင်ကျူးယင်၏ ဦးခေါင်းကို ချိန်ရွယ်၍ လက်ဝါးတစ်ဖက်နှင့် လှမ်း ရိုက်လိုက်သည်။

"ညီမလေး နောက်ဆုတ်..."

ရှောက်ကျူးဝမ်က ဖန်ယွမ်ဟွမ်၏ လက်ဝါး ရိုက်ချက်ကို ဆီးကြို တားဆီးလိုက်သည်။

ရှောင်ကျူဝမ်က သိုင်းဝိညာဉ်ကို အသုံးပြု ထားသည်။ သို့သော် သိုင်ဝိညာဉ်ကို ထုတ်ဖော် ပြသထားခြင်း မရှိဘဲ သိုင်းဝိညာဉ် စွမ်းအား၏ (၇၀) ရာခိုင်နှုန်းကိုသာ အသုံးပြု ထားခဲ့သည်။

ဖန်ယွမ်ဟွမ်ကမူ သူ့ သိုင်းဝိညာဉ် စွမ်းအား အနည်းငယ်ကိုသာ အသုံးပြု ထားခဲ့သည်။ ချက်ချင်းပင် ရှောင်ကျူဝမ် အနားသို့ ရောက်သောအခါ သိုင်းဝိညာဉ် စွမ်အား၏ (၃၀) ရာခိုင်နှုန်းကို အသုံးပြုလိုက်သည်။

ထို့ပြင် ပြင်းထန်သော ခြိမ်းခြောက်မှုကို ခံစားလိုက်ရသည်။ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော တိုက်ပွဲ အတွေ့အကြုံကြောင့် အချိန်တိုလေး အတွင်း အတင်းအကြပ် မြှင့်တင်ကာ သိုင်းဝိညာဉ် စွမ်းအားကို (၆၀) ၊ (၇၀) ရာခိုင်နှုန်းအထိ အသုံးပြုလိုက်သည်။

ဒေါင်......

ရှောင်ကျူဝမ်နှင့် ဖန်ယွမ်ဟွမ်တို့ လက်ဝါး အချင်းချင်း ထိပ်တိုက် တွေ့ဆုံသွားသောအခါ လက်ဝါး လက်နှစ်ဖက်လုံး ကျုံ့ဝင်သွားသည်။ ထိုစဉ်

စန္ဒယားတီး သံကဲ့သို့ ကြည်လင် ပြတ်သားသော အသံတစ်ခု ထွက်ပေါ်လာသည်။

ဤ စန္ဒယားအသံက အခြားလူများ နားထဲတွင် ပုံမှန်သာ ဖြစ်သော်လည်း ဖန်ယွမ်ဟွမ်၏ နားထဲသို့ ရောက်သောအခါ တစ်ခေါင်းလုံး နာကျင် ကိုက်ခဲသွားသည်။ ပြင်းထန်သော နာကျင်မှုကြောင့် ခန္ဓာကိုယ်ထဲမှ ချီစွမ်အား ထိန်းချုပ်မှု လွတ်ကင်းသွားသည်။ သူ လက်ဖဝါး ရိုက်ချက်၏ ပြင်းထန်မှုကလည်း (၄၀/၅၀) ရာခိုင်နှုန်းအထိ ချက်ခြင်း လျော့ကျသွားသည်။

ဘန်း.....

လက်ဖဝါး နှစ်ခု အပြိုင်အဆိုင် ဖိနှိပ်နေကြသည်။

ထိုအချိန်တွင် ဖန်ယွမ်ဟွမ်၏ ချီစီဆင်းမှုက အထိန်းအကွပ် မဲ့နေသဖြင့် ချီစွမ်းအား ပြင်းထန်မှုက ရုတ်တရက် လျော့ကျနေသည်။

ထို့နောက် နှစ်ယောက်လုံး လွင့်ထွက်သွားသည်။

ရှောင်ကျူဝမ်က ခြေလှမ်း လေး၊ ငါးလှမ်းခန့် နောက်ပြန် တရွတ်တိုက် ပါသွားသည်။

ဖန်ယွမ်ဟွမ်ကမူ ငါးမီတာ၊ ခြောက်မီတာခန့် လွင့်ထွက်သွားပြီး မြေပေါ်သို့ ဆင်းသက်လိုက်သောအခါ မျက်နှာ တစ်ခုလုံး ဖြူဖျော့နေသည်။

ယခုအခါ ရှောင်ကျူဝမ်က ဖန်ယွမ်ဟွမ်ထက် ပိုမို အားကောင်းနေပြီး ရေးဟောင်း ကုချင်း အသုံးပြု၍ တိုက်ခိုက်လိုက်သော ရှန်းယုလင်း၏ တိုက်ခိုက်မှုကလည်း ဖန်ယွမ်ဟွမ်ထက် အားမနည်းပေ။ သူမတို့ နှစ်ယောက်၏ ပူးပေါင်း

တိုက်ခိုက်မှုက ဖန်ယွမ်ဟွမ်ကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့ပြီး အတွင်းဒဏ်ရာ ရသွားစေသည်။

"သေစမ်း....."

ရှောင်ကျူဝမ်က ဖန်ယွမ်ဟွမ်ထံ ချက်ခြင်း ပြေးလိုက် သွားသည်။ ဖန်ယွမ်ဟွမ်က နောက်လှည့်ပြီး ထူပရှူဘက်သို့ ထွက်ပြေးသည်။ သို့သော်လည်း သူ့အမြန်နှုန်းက ပုံမှန် အချိန်ထက် သိသိသာသာ နှေးကွေးနေသည်။

ရှောင်ကျူယင်က ရေခဲ သိဒ္ဓိကျင့်စဉ်ကို ကျင့်ကြံထားသည်။ လက်ဝါး ရိုက်ချက် တစ်ခုထဲတွင်

အေးစက်သော ရေခဲချီ အမြောက်အများ ပါဝင်ပြီး ဖန်ယွမ်ဟွမ်၏ ခန္ဓာကိုယ်ထဲ စီးဝင် သွားခဲ့သည်။

ယခုလက်ရှိတွင် ဖန်ယွမ်ဟွမ်သည် သူ့ ခန္ဓာကိုယ်ထဲက ချီအစစ်အမှန်ကို မထိန်းချုပ်နိုင် ဖြစ်နေသည်။ ထုံးစံအတိုင်း ရှောင်ကျူဝမ်၏ အေးစက်သော ရေခဲချီကို ခံခံနိုင်စွမ်း အလွန် နည်းနေခဲ့သည်။ ခန္ဓာကိုယ် တစ်ခုလုံး အေးခဲလုနီးပါး ဖြစ်နေသဖြင့် မည်ကဲ့သို့ မြန်မြန် ပြေးနိုင်မည်နည်း.....

"ဆရာ...."

ထူပရှုက သူ့ဓါးကို ကမန်းကတမ်း ဆွဲထုတ်လိုက်သည်။ ချင်ချင်းပင် စန္ဒယားသံ တစ်ချက် မြည်လာပြီး ထူပရှု တစ်ကိုယ်လုံး တောင့်တင်း သွားသည်။ ရှန်းယုလင်း၏ ပဥ္စလက်သံစဉ် တိုက်ခိုက်မှုကို မည်ကဲ့သို့ ခုံခံ နိုင်မည်နည်း.....

"မင်းပြိုင်ဘက်က ဒီမှာ ရှိတယ်လေ....."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောဆိုရင်း လက်ထဲမှ ဓါးနှင့် ထူပရှု လည်ပင်းကို လှမ်းထိုးလိုက်သည်။

ထို့နောက် ရှောင်ကျူယင် ရှိနေသည့်ဘက်သို့ ကန်ထုတ် ပေးလိုက်သည်။

ထူပရှူက ရှောင်မိသားစုများကို သတ်ဖြတ်ခဲ့သည့် လူများထဲမှ တစ်ယောက်ပင်.......

"သေလိုက်...."

ရှောင်ကျူယင် ဒေါသတကြီး အော်ဟစ်ရင်း ဓါးနှင့် ခုတ်ချလိုက်သည်။

ထို အခိုက်အတန့်တွင် ထူပရှူက မသေသေးပေ။ အသိ အနည်းငယ် ရှိနေသော်လည်း ရှောင်ကျူယင်၏ ဓါးချက်ကို မရှောင်နိုင်ခဲ့ပေ။

ရွှစ်......

ရှောင်ကျူယင်၏ ဓါးက ထူပရှူ၏ လည်ပင်းကို ခုတ်ဖြတ်သွားသည်။ ထူပရှူ၏ လည်ပင်းက လုံးဝ ပြတ်ထွက်ပြီး သွေးများ ပန်းထွက်နေသည်။

ကချောက်....

ထိုအချိန်တွင် ရှောင်ကျူဝမ်က ဖန်ယွမ်ဟွမ်ကို လိုက်မီသွားပြီး ပါးဖြတ်ရိုက် လိုက်သည်။ ရှောင်ကျူဝမ်၏ လက်ချက်ကြောင့် ဖန်ယွမ်ဟွမ်၏ ခေါင်းက မကျိုးသွားဘဲ (၁၈၀) ဒီဂရီ လည်ထွက်သွားပြီး အရိုးကျိုးသံ ပီပီသသ ထွက်ပေါ်လာသည်။

"သေစမ်း...."

ရှောင်ကျူဝမ်က ဖန်ယွမ်ဟွမ် မသေမည်ကို စိုးရိမ်ပြီး သူ့မလက်ထဲတွင် ဓါးမြှောင် တစ်ချောင်း

ပေါ်လာကာ ဖန်ယွမ်ဟွမ်၏ ဘယ်ဘက်မျက်လုံးထဲ ထိုးစိုက်လိုက်သည်။

ဖောက်......

ဓာတ်လမ်း က ရှည်သော်လည်း အမှန်တကယ်တွင် ဖန်ကျားကို သတ်ဖြတ်ခြင်းမှ စ၍ ဖန်ယွမ်ဟွမ် သေဆုံးသွားသည့်အထိ အချိန်က ဆယ်စက္ကန့်ပင် မပြည့်လိုက်ချေ။

စက္ကန့် ပိုင်းလေးအတွင်း ဖန်ကျား သေသည်။ ထူပရှူ သေသည်။ နောက်ဆုံးတွင် ဖန်ယွမ်ဟွမ် သေဆုံး သွားခဲ့သည်။

## အခန်း(၅၅) - ကြီးစိုးခြင်း.....

“အဖေ..........”

“ဆရာ.........”

“ဂိုဏ်းချုပ်..........”

အချိန်တိုလေးအတွင်း လူသုံးယောက် သေသွားသည်။ ဖန်ယွမ်ဟွမ်ပါ သေဆုံးသွားသဖြင့် လူတိုင်း တုန်လှုပ် သွားကြသည်။

သူတို့ အသိစိတ် ပြန်မကပ်ခင် ဖန်ယွမ်ဟွမ်နှင့် ပက်သက်နေသော တန်ခိုးရှင်အချို့၏ တုံ့ပြန်မှုက အလွန် လျင်မြန်လှသည်။

အချိန်တိုလေး အတွင်း လူအယောက် နှစ်ဆယ်ကျော်က ချန်ယန်တို့ထံ ပြေးဝင်လာကြသည်။ သူတို့အားလုံးက ချီဖွဲ့စည်းခြင်း နယ်ပယ် ရောက်နေကြသည်။

“သူတို့ကို သတ်.... ဆရာ့အတွက် လက်စားချေကြ.....”

“လွှတ်မပေးနဲ့ သတ်.....”

ဒီတန်ခိုးရှင်များက လူသတ်ချင်စိတ်နှင့် အသည်းအသန် ပြေးဝင်လာကြပြီး လက်နက်များ တစ်ခုပြီးတစ်ခု ထုတ်ယူ၍ လှမ်း ပစ်နေကြသည်။

ချင်ယန်က ခနဲ့တဲ့တဲ့ မျက်နှာ အမူအရာနှင့်....

"ဒီကောင်တွေက သေချင်နေတယ် ဆိုမှတော့ မင်းတို့ဆန္ဒကို ပြည့်ဝအောင် ဖြည့်ဆည်းပေးရမှာပေါ့....။ ကောင်းကင်ဘုံ နတ်ဆိုး မင်းတို့ကို ပေးမယ်. သေသေချာချာ နားထောင်ကြ..."

ချင်ယန်က ပြောလိုက်လျှင် ရှန်းယုလင်းက ရှေးဟောင်း ကုချင်းကို ရုတ်တရက်

တီးခတ်လိုက်သဖြင့် ကုချင်း သံစဉ်တစ်ခု ထွက်ပေါ်လာသည်။ ချင်ယန်ထံ ပြေးဝင်လာကြသော တန်ခိုးရှင်များသည် ချင်ယန်ထံ မရောက်ခင် ပဥ္စလက်သံစဉ်၏ သက်ရောက်မှုကို ခံစားလိုက်ရသည်။

“သတ်....”

“ငရဲသွားစမ်း......”

ထိုလူများသည် ပဥ္စလက် သံစဉ်ကြောင့် စိတ်ဖောက်သွားပြီး ဓါးများကို ဆွဲထုတ်ပြီး မည်းမည်းမြင်သမျှ လိုက်ခုတ် ကြတော့သည်။

ဖောက်.. ရှစ်....

အား......

ထိုလူများသည် ခုခံ ကာကွယ်ရမှန်း မသိဘဲ မည်းမည်းမြင်ရာ လည်ပတ် ခုတ်နေကြသဖြင့် အော်ဟာစ်သံများ၊ ခြေပြတ် လက်ပြတ်များ၊ သွေးရဲရဲ မြင်းကွင်းများ ပေါ်လာပြီး လောကငရဲကြီး တစ်ခု ဖြစ်သွားခဲ့သည်။

အချို့လူများသည် ဓါးခုတ်ခံရပြီး အသိစိတ် ပြန်ဝင်လာကြသော်လည်း နောက်ကျ သွားခဲ့ပြီ။

အသိစိတ် ပြန်ဝင်လာသည့် အချိန်တွင် သေခြင်းတရားက အသင့် စောင့်ကြိုနေခဲ့ပြီ.....

ရှန်းယုလင်းကို ချင်ယန် သင်ပေးခဲ့သော ပဥ္စလက် သံစဥ်သည် ပစ်မှတ် တစ်ခုတည်းအပေါ် ပိုထိရောက်သော်လည်း အဆင့်နိမ့်သည့် ပစ်မှတ်များကိုမူ အကောင်းဆုံး အကျိုးသက်ရောက်မှု ရှိနေသည်။

ကောင်ကင်ဘုံ နတ်ဆိုး စိတ်ကစဥ့်ကလျား သီချင်းများသည် (၃) မိနစ်သာ ကြာခဲ့သော်လည်း

(၂၀/၃၀) ခန့်ရှိသော တန်ခိုးရှင်များ ကြားထဲတွင် လူ (၂၀)ကျော် သေဆုံးသွားခဲ့ပြီ…

"သေစမ်း…."

"ငါ့အတွက် သေစမ်း…."

အသက်လျက် ကျန်ခဲ့သည့် လူများက ဆယ်ယောက်ပင် မပြည့်တော့ချေ။ အခြေခံအားဖြင့် သူတို့အားလုံးက ဒဏ်ရာ ပြင်းပြင်းထန်ထန် ရနေသော်လည်း မရပ်တန့် နိုင်သေးပေ။ မျက်လုံး နီနီကြီးများနှင့် သူတို့အနားက အသက်ရှင်နေသည့် လူတိုင်းကို လှည့်ပတ် ခုတ်ထစ် နေကြသည်။

နောက်ထပ် မိနစ်ဝက်ခန့် ကြာသောအခါ ကောင်းကင်ဘုံ နတ်ဆိုး သီချင်းက တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွား၏။ ပြေးတက်လာခဲ့သော တန်ခိုးရှင်များ ထဲတွင် တစ်ယောက်တည်းသာ အသက်ရှင်တော့သည်။ မြေပြင်တွင် သွေးများ အိုင်ထွန်းပြီး ခြေပြတ်၊ လက်ပြတ် အလောင်းများ ပြည့်နှက်နေသည်။

ဖူး....

နောက်ဆုံး ကျန်ခဲ့သည့် ချီဖွဲ့စည်းခြင်း အဆင့် (၉) တန်ခိုးရှင်သည် ဒူးထောက် ကျသွားပြီး

ဓါးကိုင်ထားသော လက်က တဆတ်ဆတ် တုန်နေသည်။ အဆုံးတွင် သူလည်း သေဆုံးသွားသည်။

ထိုလူ သေဆုံးသွားသည်နှင့် ရှန်းယုလင်းက ကုချင်ပေါ်မှ လက်ကို အောက်ပြန် ချလိုက်သည်။ သူမ၏ အသက်ရှူသံက တိုးနေသည်။ လူနှစ်ဆယ်ကျော် သုံးဆယ်ကြားကို တပြိုင်နက်တည်း သတ်လိုက်ရသဖြင့် ရှန်းယုလင်း၏ စိတ်ထဲတွင် သက်ရောက်မှု ကြီးမား နေခြင်းပင်။

ရှန်းယုလင်းနှင့် ရှီယန်တို့ ဘေးနားတွင် ရှိနေသော ယွမ်ဖန်ကျား၏ ခန္ဓာကိုယ်က ဓါတ်လိုက်သလို တဆတ်ဆတ် တုန်ယင်နေသည်။ သူမက ရှန်းယုလင်းကို အရေးမပါ အရာမရောက်သည့် အိမ်ဖော်မလေး တစ်ယောက်ဟု ထင်နေခဲ့မိသည်။ ဤ အိမ်ဖော်မလေးက ချီဖွဲ့စည်းခြင်း အဆင့် (၉) တန်ခိုးရှင် နှစ်ဆယ်ကျော် သုံးဆယ်ကြားကို သတ်နိုင်စွမ်းသည်ဟု ယောင်၍ပင် မထင်ထားခဲ့မိချေ။

"မင်းမှာ တကယ်ပျော်ဖို့ အခွင့်အရေး မရှိသေးဘူး....။ ကောင်းကင်ဘုံ နတ်ဆိုး စိတ်ကစဉ့်ကလျား သီချင်း တစ်ဝက်မှာတင် မင်း ပြိုလဲနေပြီ...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"သံလက်သီးဂိုဏ်း.... ဖန်မိသားစုနဲ့ တန်ခိုးရှင်တွေ၊ မင်းတို့ အားလုံး ဒီသီချင်းကို နားထောင် ချင်သေးလား....။ ဒါမှမဟုတ် ငါတို့က ဖန်ယွမ်ဟွမ်နဲ့ ဆက်ဆံရေး အရမ်း ကောင်းပါတယ်။

ဒီသီချင်းကို နားထောင်ချင် သေးပါတယ်ဆိုရင် စာရင်း လာပေးကြ….”

ယခုလက်ရှိ ရှိနေသော လူနှစ်သောင်းကျော်လုံးလုံး၀ တိတ်ဆိတ် နေကြသည်။

တစ်ဝက်တစ်ပျက်သာ တီးခတ်ခဲ့သော ကောင်းကင်ဘုံ နတ်ဆိုး စိတ်ကစဉ့်ကလျား သီချင်းက ချီဖွဲ့စည်းခြင်း နယ်ပယ် တန်ခိုးရှင် နှစ်ဆယ်ကျော် သုံးဆယ်ကြားကို အလွယ်တကူ သတ်ဖြတ်ခဲ့သည်။

"ဘယ်သူမှ သီချင်း နားမထောင်ချင်တော့ဘူးလား..."

"ဒီလိုဆိုရင် စကား နည်းနည်းလေး ပြောမယ်....."

ချင်ယန်က ပေါ့ပါး သွက်လက်နေသော အမူအရာနှင့်....

"ဖန် မိသားစု၊ သံလက်သီး ဂိုဏ်းက... ရှောင်မိသားစုကို သတ်ခဲ့တဲ့ လူစာရင်း အခု ချက်ချင်း ထုတ်ပေး။ လူတွေ အများကြီး ပါတယ်။ စာရင်းထဲမှာ အဲ့ဒီ လူအားလုံး ပါရမယ်။ တစ်ယောက်ယောက် လျှော့နေတာ သိလိုက်တာနဲ့

အံ့အောစရာ ကောင်းတဲ့ ဒီသီချင်းကို သံလက်သီး ဂိုဏ်းနဲ့ဖန်မိသားစု အိမ်တော်မှာ အခမဲ့ လာဖျော်ဖြေ ပေးမယ်.....”

အသက်ရှင် နေသေးသည့် သံလက်သီး ဂိုဏ်းမှလူများနှင့် ဖန်မိသားစုမှ လူများသည် ရုတ်တရတ် ကြောက်လန့် သွားကြသည်။ အကယ်၍ သူတို့ထံ ဒီသီချင်း လာတီးမည်ဆိုလျှင် မည်မျှ အသေအပျောက် များမလဲ ဆိုသည်ကို ဘုရားမှသာ သိလိမ့်မည်။

"ဒုတိယ အချက်နေနဲ့ ပြင်းပြင်းထန်ထန် သတိပေးချင်တယ်။ ငါက ထပ်ပြီး လူမသတ်တော့ဘူးလို့ ထင်နေတာလား..... စပြီး ဖော်ကောင်လုပ်ပါ.... ဒါဆိုရင် မင်းတို့ အသက်ရှင်လိမ့်မယ်...."

"ပြီးတော့ ငါ့ကို သတ်ချင်နေတဲ့ လူတွေလည်း ရှိသေးတယ်....."

ချမ် မိသားစုဝင်၊ ချူယောင် မိသားစုဝင်၊ ဖန်မိသားစု ဝင်၊ သံလက်သီး ဂိုဏ်းသားတွေ၊

မိုးကြိုးမီးခါး ဂိုဏ်းက ဂိုဏ်းသားတွေနဲ့ လူတော်တော်များများ မျက်နှာ ပျက်သွားကြသည်။

ရုပ်ဆိုးပြီးသား သူတို့ မျက်နှာများက ပို၍ပင် ရုပ်ဆိုး သွားကြသည်။

“ဒါက ဘယ်လို ဖြစ်တာလဲ.. ဘယ်လို ဖြစ်တာလဲ.....”

ချမ်ဟောင်၏ မျက်နှာအမူအရာ အလွန် ရုပ်ဆိုးနေသည်။ ဤအဆုံးသတ်ကို လုံးဝ မမျှော်လင့်ထားခဲ့ပေ။ ယခုလက်ရှိတွင် ဖန်ယွမ်ဟွမ်က

ရှောင်ကျူဝမ် လက်ချက်နှင့် အမှန်တကယ် သေဆုံးသွားခဲ့ပြီ။

သီချင်း တစ်ပုဒ်နှင့် ဖန်မိသားစုနှင့် သံလက်သီးဂိုဏ်းမှ ချီဖွဲ့စည်းခြင်း အဆင့် (၉) တန်ခိုးရှင် နှစ်ဆယ်ကျော် သုံးဆယ်ကြား သေဆုံး သွားခဲ့သည်။

ဒီနေ့ ပြီးပါက သံလက်သီး ဂိုဏ်းနှင့် ဖန်မိသားစုက မသေခဲ့ဘူး ဆိုလျှင်ပင် ယခင်ကလောက် အင်အား ရှိတော့မည် မဟုတ်ပေ။

"ရှီယန်၊ အစ်မကြီး... ငါ့ကို ခွင့်လွှတ်ပါ.... ငါ့အသက်လေးကို ချင်ယန်က ချမ်းသာပေးအောင် ပြောပေးပါ....."

ယွမ်ဖန်ကျားက ပြောသာ ပြောနေရသော်လည်း ချင်ယန်က သူမကို ချမ်းသာ ပေးလိမ့်မည်ဟု မထင်ပေ။

"ရှူအာ သေပြီ၊ ခူအာ သေပြီ... အခု ငါတို့ ချူယောင် မိသားစုလည်း အဆုံးသတ်ပြီ...."

ချူယောင်ရှူ၏ အဖေက လုံး၀ စိတ်ဓါတ် ကျနေသည်။

"ငါတို့ သိပ်မှားသွားပြီ...."

လောလိန်း၏ စိတ်ထဲတွင် အလွန်ခါးသီးနေသည်။ ဖန်ယွမ်ဟွမ်ကို မပြစ်မှားမိစေရန် ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ ညီအစ်မနှစ်ယောက်ကို စွန့်ပစ်ခဲ့သည်။ ယခုမူ ဖန်ယွမ်ဟွမ်နှင့် အခြားလူများက ချင်ယန်လက်ထဲတွင် သေဆုံး သွားခဲ့ပြီ......

အကယ်၍ ချင်ယန်ကို ကောင်းကောင်း မွန်မွန်ဆက်ဆံခဲ့ပြီး မိုးကြိုးမီး ဓါးဂိုဏ်းတွင်

ဆွဲထားနိုင်ခဲ့မည် ဆိုပါက မိုးကြိုးမီး ဓါးဂိုဏ်း၏ အနာဂါတ်က တွက်ချက် ကြည့်၍ပင် မရချေ။

“ဘယ်လို ဖြစ်နိုင်မှာလဲ....”

ရှောင်ကျူဝမ်၏ ယခင်ဆရာ အကြီးအကဲ မိန်၏ မျက်နှာ အမူအရာသည် အလွန်ရုပ်ဆိုးနေပြီး ကြောက်လန့်နေသည်။ ယခင်က ရှောင်ကျူဝမ်ကို နှင်ထုတ်ခဲ့ရုံ သာမက ကျင့်ကြံခြင်း ပျက်စီးစေရန် ကုန်းမင် ဆေးမှုန်းလည်း တိုက်ခဲ့သေးသည်။

ယခုအခါ အကြီးအကဲ မိန်သည် ရင်ထဲတွင် နောင်တတွေ တသီးကြီး ရနေမိသည်။

သံလက်သီး ဂိုဏ်းထဲမှ အကြီးအကဲ တစ်ယောက်သည် တုန်တုန်ယင်ယင် အမူအရာနှင့် ရှေ့ထွက်လာသည်။ သူက ချီဖွဲ့စည်းခြင်း အဆင့် (၈) ရှိပြီး ဖန်ယွမ်ဟွမ်နှင့် ဆက်ဆံရေး ကောင်းသည်ဆိုရုံမျှသာ ရှိခဲ့သည်။ ထို့ကြောင့် ဦးစားပေးခံရသည့် စာရင်းထဲ မပါခဲ့ပေ။

ချင်ယန်က ထိုအကြီးအကဲ ပေးသည့် စာရွက် အပိုင်းအစကို လှမ်းယူလိုက်သည်။ ထိုအပေါ်တွင် နာမည် (၁၃) ခု ရှိနေပြီး တော်တော်များများ သေသွားခဲ့ပြီ....

"သခင်လေး ချင်၊ ကြက်ခြေခတ်ထားတဲ့ လူတွေက သေသွားပါပြီ။ ကျန်တဲ့လူတွေက အသက်ရှင် နေသေးပါတယ်...."

ချင်ယန်က အလေးမထားသော အမူအရာနှင့်.....

"အခုအချိန်က စပြီး မင်းက သံလက်သီးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ။ ဂိုဏ်းချုပ်၊ သံလက်သီး ဂိုဏ်းထဲက လူဆိုးတွေကို မင်း ကိုင်တွယ်နိုင်မယ်လို့ ငါထင်တယ်။ ငါ ယုံကြည်လို့ ရမလား...."

သံလက်သီး ဂိုဏ်းမှ ထိုအကြီးအကဲ၏ မျက်လုံးက ချက်ချင်း တောက်ပလာပြီး ဒူးထောက် ချလိုက်ကာ.....

“သခင်လေး ချင်၊ စိတ်ချပါ။ သူတို့က ဒီလို အမှားမျိုး ကျူးလွန်း ထားတယ်။ ဂိုဏ်းရဲ့စည်းမျဉ်းအရ ဘယ်လိုမှ ခွင့်လွှတ်လို့ မရပါဘူး.....”

သံလက်သီး ဂိုဏ်းဘက်မှ ပိုမို အစွမ်းထက်သည့် တန်ခိုးရှင်များသည် စိတ်ထဲမှ နောင်တ ရသွားသည်။

‘တောက်စ်.. အရင်ဆုံး ထွက်လိုက်သင့်တာ....’

"သခင်လေး ချင်က အရမ်း အစွမ်းထက်ပြီး အနာဂါတ်က နေလိုမီးလို တောက်ပနေပါတယ်။ အဲ့ဒါကို ငါတို့ ချူယောင်မိသားစုက အသိအမှတ်ပြုပါတယ်။"

ချူယောင် မိသားစုမှ လူတော်တော်များများလည်း ထွက်လာကြသည်။

ချမ်မိသားစု၊ သံလက်သီး ဂိုဏ်း၊ ဖန်မိသားစုနှင့် မိုးကြိုးမီး ဓါးဂိုဏ်းမှ လူများလည်း ထွက်လာကြပြီး မိုးကြိုးမီး ဓါးဂိုဏ်းမှ လူအများဆုံး ပါဝင်နေသည်။

ထိုအထဲမှ လူတော်တော် များများသည် ယခင်က ချင်ယန်ကို လျှောင်ပြောင်လေ့ ရှိခဲ့ကြသည်။ ယခုလက်ရှိ အချိန်တွင် ချင်ယန်က သူတို့ကို မြင်သွားမည် စိုးရိမ်ပြီး ခေါင်းကြီး အတင်းငုံ့ထားကာ နာခံမှုရှိရှိ မတ်တပ်ရပ်နေကြသည်။

ချမ်ဟောင်နှင့် အကြီးအကဲ မိန်တို့လည်း ပါဝင်သည်။

"အခုအချိန်ကစပြီး ချူယောင် မိသားစုက မိသားစု ခေါင်းဆောင် ပြောင်းလိုက်ပါ။

နောင်တစ်ချိန်မှာ ပြဿနာ ထပ်ရှာရင် ဖြစ်လာမယ့် အကျိုးဆက်ကို မင်းတို့ သိပါတယ်......”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချူယောင်ရှု မိဘနှင့် ရင်းနှီးကြသည့် လူများက မျက်နှာ ပျက်သွားကြပြီး အခြားလူများက မျက်လုံးများ တောက်ပလာကြသည်။

“ဟုတ်ကဲ့ပါ.. သခင်လေး ချင်”

ချူယောင်ရှု အဖေက စိတ်ပျက် အားငယ်စွာ ပြောလိုက်သည်။ သူ၏ မိသားစု

ခေါင်းဆောင်နေရာက ပျောက်ဆုံးသွားခဲ့ပြီ။ ဒါသည် အကျိုးစီးပွား အမျိုးမျိုး ပျက်စီးခြင်းဟု အဓိပ္ပါယ်ရသည်။

"သံလက်သီး ဂိုဏ်း၊ ဖန်မိသားစုနဲ့ သံလက်သီး ဂိုဏ်းချုပ် အသစ်... စနစ်တကျ ရှင်းလင်းကြပါ..."

"သခင်လေးချင် စိတ်မပူပါနဲ့..."

ချင်ယန်က ကျီးပေါင်နှင့် လောလိန်းတို့ဘက်ကိုလည်း လှမ်းကြည့်လိုက်သည်။

"ဂိုဏ်းချုပ်ကျီး၊ မိုးကြိုးမီး ဓါးဂိုဏ်းက ငါနဲ့ လက်တွဲသင့်တယ်လို့ မင်းထင်လား...."

ချင်ယန်က စိတ်ပါလက်ပါ ပြုံးပြီး မေးလိုက်သည်။

ကျီးပေါင်က ခါးညွတ်၍ လေးလေးနက်နက် အရိုအသေ ပေးကာ ခါးသီးနေသော လေသံနှင့်......

"မိုးကြိုးမီး ဓါးဂိုဏ်းက ဂိုဏ်းသေးသေးလေး တစ်ခုပါ။ ငါက ဂိုဏ်းချုပ်တစ်ယောက် ဖြစ်ပြီး မျက်လုံးပါပေမယ့် မမြင်နိုင်ခဲ့ဘူး.... .သခင်လေးချင်နဲ့ ပူးပေါင်းဖို့ မထိုက်တန်ပါဘူး...."

ချင်ယန်က အလေး မထားသော ဟန်အမူအရာနှင့်....

“အခု ဖန်ယွမ်ဟွမ်က သေသွားပြီ... ဂိုဏ်းတစ်ရာ မဟာမိတ် အဖွဲ့ထဲမှာ မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်ဆိုလို့ မိုးကြိုးမီး ခါးဂိုဏ်းထဲမှာပဲ ရှိတယ်။ သဘောတရား အရတော့ လောလိန်းက မဟာမိတ်ခေါင်းဆောင် ဖြစ်သင့်တယ်။ ဒါပေမယ့် မိုးကြိုးမီး ခါးဂိုဏ်းက ကိစ္စ ကြီးကြီးမားမားတွေ မကိုင်တွယ်နိုင်ဘူးလို့

ငါထင်တယ်။ ဒါကြောင့် တောင်တံခါးကို ပိတ်ပြီး နှစ်အနည်းငယ်ကြာမှ ပြန် ထွက်လာသင့်တယ်”

“ဟုတ်ကဲ့ပါ....”

ကျီးပေါင်သည် စိတ်ဓါတ် ကျသွားသော်လည်း မငြင်းရဲပေ။ ဖန်ယွမ်ဟွမ်နှင့် ကျန်သည့်လူအားလုံး သေသွားခဲ့ပြီ.... မိုးကြိုးမီး ဓါးဂိုဏ်းက ချင်ယန် မျက်လုံးထဲတွင် ဘာဆိုဘာမှ မဟုတ်ပေ။

ချင်ယန်က အကြီးအကဲမိန်ကို ကြည့်လိုက်သည်။

“အကြီးအကဲ မိန်၊ နောက်တစ်ခါ ကုန်းမင်ဆေးမှုန့် သုံးတော့မယ်ဆိုရင် ပစ်မှတ်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို အရင်ဆုံး စုံစမ်း... ကြားလား...”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

အကြီးအကဲ မိန်၏ မျက်နှာက လုံးဝ ဖြူဖျော့သွား၏။ ချင်ယန်က ဒီစကားမျှသာ ပြောခဲ့ပြီး အပြစ်မပေး ခဲ့သော်လည်း မိုးကြိုးမီး ဓါးဂိုဏ်းတွင် သူမ အနာဂါတ်က အဆုံး သတ်သွားခဲ့ပြီ........

## အခန်း(၅၆) - တရား ဥပဒေ....

ချင်ယန်၏ အကြည့်က ချမ်မိသားစုရှိ လူတိုင်းထံ ဖြတ်သန်း သွားသည်။

ချမ်မိသားစုရှိ လူတိုင်း၏ မျက်နှာ အမူအရာက ရုပ်ဆိုး နေကြသည်။

နောက်ဆုံးတော့ ချင်ယန်က သူ့တို့ကို ကြည့်လာခဲ့ပြီ...... သူတို့ကလည်း ချင်ယန်ကို

အလွန် ဒေါသထွက်နိုင်မည့် အပြုအမူမျိုး ပြုလုပ်ထားသည် မဟုတ်ပါလော.....

ယခုမူ ချင်ယန်၏ဒေါသ သူတို့အပေါ် ရောက်လာမည်ကို ကြောက်နေကြသည်။

ချမ်ဟောင်က လေးနက်သော အမူအရာနှင့်.....

"ချင်ယန်၊ မင်းနဲ့ ချမ်ဖိန်တို့က အသက်လုတိုက်ပွဲ တိုက်ခိုက်ခဲ့ကြတယ်။ ငါတို့ ချမ်မိသားစုက ဒီကိစ္စကို အရေးမယူဘူး။ မင်းနဲ့ ချမ်မိသားစုရဲ့ ရန်ငြိုးကို တစ်ခါတည်း သင်ပုန်း ချေလိုက်ကြမယ်.... ဘယ်လိုလဲ...."

ချင်ယန်က ပြုံးလိုက်ပြီး......

"ခုနက ချမ်ဖိန်ကို ငါ သတ်လိုက်တုန်းက မင်းတို့ ချမ်မိသားစုတွေ ငါ့ကိုသတ်ဖို့ တစ်ယောက်ပြီး တစ်ယောက် ပြေးလာကြတာ မဟုတ်လား...."

"တစ်ယောက်ဆို ငါ့အမေကို သတ်ဖို့ ဓါးနဲ့တောင် ထိုးသေးတာ..."

"ရန်ငြိုးကို ဒီလိုမျိုး သင်ပုန်းချေတာ သင့်တော်လို့လား..."

ချမ်ဖိန်က အေးစက်သော လေသံနှင့်.......

"ချင်ယန်၊ မင်း ဘာလိုချင်တာလဲ..။ ငါက အင်ပါယာမြို့တော် ချမ်မိသားစုက လာတာ.... အင်ပါယာ မြို့တော်မှာတောင် ငါတို့ ချမ်မိသားစုက ကြီးကျယ် ခမ်းနားတဲ့ မိသားစုပဲ...."

"မင်းက ငါတို့ ချမ်မိသားစုနဲ့ ရန်သူ ဖြစ်ချင်တာလား...."

ချင်ယန်က စိတ်မပါသလို ပြုံးလိုက်ပြီး....

"ချမ်ဟောင်.. ငါ မင်းကို ရွေးချယ်စရာ နှစ်ခု ပေးမယ်...။ ပထမတစ်ခုက မင်းကို ငါသတ်မယ်.....။

ဒုတိယ တစ်ခုက ငါ့အမေကို သတ်ဖို့လုပ်ခဲ့တဲ့ တစ်ယောက်ကို အခု သတ်လိုက်......"

ယွမ်ဖန်ကျားက အသံသေး အသံကြောင်နှင့်....

"ချင်ယန်၊ မင်း ငါ့ကို သတ်ရဲလား..... ငါတို့ ချမ်မိသားစုနဲ့ မင်း မကျေနိုင်တဲ့ ရန်ငြိုးတွေ ဖြစ်သွားမယ်..."

ချင်ယန်က မျက်လုံး မှေးလိုက်ပြီး....

"မကျေနိုင်တဲ့ ရန်ငြိုး ဟုတ်လား...."

"ဒီလိုဆိုမှတော့ မင်းတို့ ချမ်မိသားစု အားလုံး ဒီမှာ သေရမယ်။ မကျေနိုင်တဲ့ ရန်ငြိုးက ဘယ်လိုလဲ ဆိုတာ မင်းတို့ကို ပြောပြမယ်..."

ချမ်မိသားစုဝင် အားလုံး နောက်ကျောများ အေးစက် သွားကြသည်။

အကယ်၍ ယခင်က ချင်ယန်သာ ဒီစကားကို ပြောခဲ့လျှင် ရယ်စရာတစ်ခုဟု ပြောလိုက်မည်။

ယခုမူ ကွင်းပြင်ထဲတွင် အလောင်း သုံးဆယ်ကျော် ရှိနေပြီး နေရာတိုင်း၌ သွေးများ

အိုင်ထွန်းနေသည်။ ခြေပြတ်၊ လက်ပြတ်များဆိုလျှင် မြင်၍ပင် မကောင်းချေ။

ချမ်ဟောင်၏ မျက်နှာ အမူအရာက အမုန်တကယ် မည်းမှောင်လာပြီး….

"ချင်ယန်၊ မင်းက ပါးနပ်တဲ့ လူတစ်ယောက်ပါ ။ ဒီလို ရွေးချယ်မှုကို ပါးနပ်တဲ့ လူတစ်ယောက်က ရွေးချယ်မှာ မဟုတ်ဘူး…."

ချင်ယန်က လှောင်ပြောင်သလို ပြုံးလိုက်ပြီး….

"ချမ်ဟောင်၊ ငါ မင်းကို ရွေးချယ်စရာ ပေးနေတာ...။ ဒါက မင်းတို့ အင်ပါယာ ချမ်မိသားစုကို မျက်နှာသာ ပေးနေတာပဲ.... ရှောင်ကျူဝမ်နဲ့ ငါက ခလုတ်တိုက်ပြီး ခွန်အားကြီးလာတယ် ထင်နေတာလား... ငါတို့နောက်မှာ တစ်ယောက်ယောက် မရှိနိုင်တော့ဘူးလား...."

ချမ်ဟောင်နှင့် ကျန်သည့်လူများ မျက်နှာ ပျက်သွားကြသည်။

ဒါမှ တကယ့် ပြဿနာကြီး....

ချင်ယန်တို့၏ ခွန်အားက အမှန်တကယ် သန်မာ လာခဲ့သည်။ ပုံမှန်ဆိုလျှင် ပုံမှန် လူတစ်ယောက်က ဒီလောက် အချိန်တိုလေး အတွင်း၌ ဤမျှ ခွန်အားကြီးလာရန် မည်သို့မှ မဖြစ်နိုင်ပေ။ အင်အား တောင့်တင်းသော ပုဂ္ဂိုလ်ကြီး တစ်ယောက်က ထောက်ပံ့ပေး ထားရမည်။

သာမန် မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် တစ်ယောက်က ချင်ယန်တို့ ခွန်အားကို ဤမျှ ကြီးမားလာအောင် မလုပ်ပေးနိုင်မှာဘဲ

ကြောက်မိသည်။ ထို့အပြင် ချင်ယန်တို့က ဖန်ယွမ်ဟွမ်ကိုပင် သတ်နိုင်စွမ်း ရှိနေကြသေးသည်။

အလွန် အစွမ်းထက်သော မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင် ဟုတ်လျှင်ဟုတ် ထိုကဲ့သို့ မဟုတ်ပါက ယွမ်ဟူ ရေကန်နယ်ပယ် တန်ခိုးရှင်သာ ဖြစ်နိုင်သည်။ အင်ပါယာမှ ချမ်မိသားစုပင် ကြောက်သေး ထွက်ကျအောင် ကြောက်ရွံ့ကြလိမ့်မည်။

"ချမ်ပောင်၊ ချမ်ဖိန် သေပြီ။ ငါက အင်ပါယာ ချမ်မိသားစုနဲ့ ဆက်ဆံရေး အရမ်း ဆိုးရွားသွားတာမျိုး မဖြစ်ချင်ဘူး...."

"ဒါကြောင့် မင်း အကောင်းဆုံး ဖြစ်မယ်ထင်တာ ရွေး....."

ချင်ယန်က ဂရုမစိုက်သော အမူအရာနှင့်.....

"မင်းကို စဉ်းစားဖို့ မိနစ်ဝက် အချိန်ပေးမယ်..... မိနစ်ဝက် ကျော်လို့မှ ယွမ်ဖန်ကျား အသက်ရှင်နေသေးရင် မင်းကို ငါသတ်မယ်။ မင်းတို့ အင်ပါယာ ချမ်မိသားစုက လက်စားချေချင်တယ်

ဆိုရင် တန်ထန် အင်ပါယာထဲက ထွက်သွားပြီး ယွမ်ဟူ ရေကန် နယ်ပယ်ရောက်မှ မင်းတို့ ချမ်မိသားစုကို ပြန်လာရှာမယ်....”

ချမ်ဟောင်၏ မျက်နှာ အမူအရာက ဖင်ထဲ လက်ထိုးထည့် ခံလိုက်ရသလို ရှုံ့မဲ့သွားသည်။

ယခုအခါမှာပင် ချင်ယန်တို့ အဖွဲ့ကို ကိုင်တွယ်နိုင်ရန် တော်တော်လေး ခက်ခဲနေခဲ့ပြီ။ ထို့အပြင် သူတို့က ငယ်ရွယ် ကြသေးသည်။ နောက်ပိုင်းတွင် ယွမ်ဟူ ရေကန်အဆင့်ကို ရောက်သွားနိုင်ချေ များနေသည်။

အကယ်၍ သူသာ ပြဿနာ ထပ်ရှာပါက အချိန်တန်လျှင် အင်ပါယာမြို့တော်ရှိ ချမ်မိသားစုက ဒီအကျိုးဆက်ကို ခံစားရလိမ့်မည်။ အကျိုးဆက်ကလည်း ပြင်းထန် ပေလိမ့်မည်။

တစ်နည်း ပြောရမည်ဆိုလျှင် ချင်ယန်က အင်ပါယာမြို့တော် ချမ်မိသားစုကို အလွန်အကျူး ကြောက်လန့်နေခြင်း မရှိပေ။ အကယ်၍ သူသာ ယွမ်ဖန်ကျားကို မသတ်ခဲ့လျှင် ချင်ယန်က သူ့ကို သတ်လိမ့်မည်။

"ရှောင်ပေါင်.. သူ့ကိုမယုံနဲ့.... ငါတို့က ဆွေးမျိုးတွေနော်....."

"သူက ငါ့တို့ကြား ဆက်ဆံရေးကို တမင်သက်သက် သွေးခွဲနေတာ...."

"ယောကျ်ား.. ပြောပါအုံး......"

ယွမ်ဖန်ကျားက အသည်းအသန် အော်ဟစ်နေသည်။

ချမ်ဖိန် အဖေ၏ မျက်နှာ အမူအရာက ရုပ်ဆိုးနေပြီး သူလည်း ဘာဝင်ပြော၍ ပြောရမှန်း မသိတော့ပေ။

ယွမ်ဖန်ကျားကလည်း ချင်ယန်၏ အမေကို သတ်ပစ်ချင်ခဲ့သည်။ ကြိုးလည်း ကြိုးစား ခဲ့ဖူးသည်။ သူ ဝင်ပြောလျှင်ပင် ယွမ်ဖန်ကျားက လွတ်မြောက် နိုင်မည်လော....။

"တောင်းပန်ပါတယ်...."

ချမ်ဟောင်က ပါးစပ်မှ ထုတ်ပြောပြီး ဓါးကို လျင်မြန်စွာ ဆွဲထုတ်လိုက်ရာ အေးစက်သော

ဓါးရှည်က ယွမ်ဖန်ကျား၏ လည်ချောင်းကို ထိုးဖောက် သွားသည်။

ဖောက်....

"မင်း.. မင်း....."

ယွမ်ဖန်ကျားက သွေးများ ပန်းထွက်နေသော လည်ပင်းကိုအုပ်၍ ကြောက်ရွံ့ ထိတ်လန့်နေသော မျက်လုံးပြူးကြီးများနှင့် စိုက်ကြည့်နေသည်။

ထို့နောက် သူမ ကံကြမ္မာကို လက်မခံနိုင်သော အမူရာနှင့် လဲကျ သေဆုံးသွားသည်။

"ချမ်ဖိန်၊ မင်းက ပညာရှိရှိ ရွေးချယ်လိုက်တာပဲ....."

"မင်း လုပ်သင့်တာ လုပ်ပြီးပြီ ဆိုတော့ သွားလို့ရပြီ..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ယခုအခါ သူ့ခွန်အားနှင့် ချမ်ဟောင်ကို သတ်နိုင်သော်လည်း ဒီခွန်အားမျှနှင့် အင်ပါယာမြို့တော်မှ ချမ်မိသားစုကို စော်ကားရန် မဖြစ်နိုင်သေးပေ။

"ချင်ယန်... နောက်တစ်ကြိမ် ပြန်တွေ့မယ်....."

ချမ်ပောင်က အေးစက်စွာ ပြောလိုက်သည်။ သူ့အမူအရာ မာနကြီး တခွဲသား ရှိနေသည်။

သူက အင်ပါယာမြို့တော်မှ သခင်လေး... ဒီနေရာကို ရောက်နေခြင်းသာ.... ဖိအားပေး ခံရ၍ သူ့အမျိုးကို ပြန် သတ်လိုက်ရသော်လည်း သွေးဝေးသော အမျိုးသာ....

"အင်း.."

ချင်ယန်က သာမန်ကာ လျှံကာ ပြန် ပြောလိုက်သည်။ အင်ပါယာ မြို့တော်ကို သူလည်း သွားရအုံးမည်။

အချိန်တန်ပါက ချမ်ဟောင်နှင့် နောက်တစ်ကြိမ် ပြန်ဆုံကြအုံးမည်။

အကယ်၍ ချမ်ဟောင်က ဘဝ၏ ပျော်စရာကို မသိလျှင် ထိုအချိန်မှသတ်ပါက နောက်ကျမည် မဟုတ်ပေ။

ချမ်ဟောင်က ချမ်ဖိန်၏ အဖေကို တစ်ချက်ကြည့်ပြီး အမြန် ထွက်ခွာ သွားသည်။ မည်သည့်စကား ပြောခဲ့ရမှန်း မသိတော့ပေ။ သူက ချမ်ဖိန်၏အမေကို သတ်ခဲ့ပြီးပြီ ဖြစ်၍ မည်သည့် စကား ပြောရမည်နည်း....

"ချမ်မိသားစု ခေါင်းဆောင်၊ ချမ်ဖိန်နဲ့ ငါက အသက်လုတိုက်ပွဲ တိုက်ခိုက်ခဲ့ကြတယ်။ အခု ချမ်မိသားစု လူတွေက ငါ့ကို သတ်နိုင်မယ်လို့ ထင်နေသေးတာလား.... မင်း ဘာ ဆက်လုပ်ချင်သေးလဲ......"

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချမ်ဖိန်၏ အဖေက အံကြိတ်လိုက်ပြီး....

"ချင်ယန်၊ ငါ့သားလည်း သေပြီ.. ငါ့မိန်းမလည်း သေပြီ.... မလုံလောက် သေးဘူးလား.... မင်း ဘာလိုချင် သေးတာလဲ...."

ချင်ယန်က စိတ်မကောင်းသော အမူအရာနှင့် သက်ပြင်း ပါးပါးလေး ချလိုက်ပြီး…

"သားသေ၊ မယားသေနဲ့ ဒီလောကမှာ မင်း တစ်ယောက်တည်း အထီးကျန် ကျန်ရစ်ခဲ့ရတာ.. သနားစရာကောင်းတာ အမှန်ပဲ….."

"ဒီလိုဆိုလည်း.. မင်းတို့ မိသားစုတွေ တစ်စု တစ်စည်းထဲ ပြန်ဆုံနိုင်အောင် မင်းကိုလည်း လွှတ်လိုက်မယ်…."

ချမ်ဖိန်အဖေ၏ မျက်နှာ အမူအရာက သိသိသာသာ ပျက်ယွင်းသွားသည်။

"ချင်ယန်၊ မင်းငါ့ကို သတ်လို့မရဘူး... ဒါက အသက်လုတိုက်ပွဲ မဟုတ်ဘူး...... အရင်က မင်းသတ်ခဲ့တဲ့ လူတွေက မင်းကို သတ်ဖို့ ပြေးလာတဲ့လူတွေ။ ငါ မပါဘူး... အခု ငါ့ကိုသတ်ရင် ဒါက ဥပဒေ ချိုးဖောက်နေတာနော်....။"

ချမ်ဖိန်၏ အဖေက ကမန်းကတန်း အော်ဟစ်လိုက်သည်။

ချင်ယန်က ရယ်မောလိုက်ပြီး.....

"ချမ်မိသားစု ခေါင်းဆောင် ဥပဒေ တကယ် သိတာပဲ...."

"အရမ်း ကောင်းတယ်...."

"ငါ ချင်ယန်ကလည်း တရားဥပဒေ လိုက်နာတဲ့ လူပါ......"

"ဒီလိုဆိုမှတော့ ငါ မင်းကို မသတ်တော့ပါဘူး.. ဒါပေမယ့် ဒီနေရာမှာ လူတွေ အများကြီးပဲ တစ်ယောက်ယောက်က မင်းကို သတ်ချင်နေရင်တော့ ငါနဲ့ ဘာမှ မဆိုင်ဘူးနော်....."

ချင်ယန်က စကားပြောနေရင်း သံလက်သီး ဂိုဏ်း၏ ယခုလက်ရှိ ဂိုဏ်းချုပ်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

“သွားစမ်း.....”

သံလက်သီးဂိုဏ်း၏ လက်ရှိ ဂိုဏ်းချုပ်က ဆယ်မီတာအကွာမှ ဓါးကို ပစ်ပေါက်လိုက်ရာ ဓါး ပျံသန်းသွားပြီး မျက်စိတစ်မှိတ် အတွင်းမှာပင် ချမ်ဖိန်အဖေ၏ ရင်ဘက်ထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

ချမ်ဖိန်၏ အဖေက ချမ်းသာသော်လည်း သူ့ခွန်အားက သာမန်သာ ဖြစ်ကာ ချီဖွဲ့စည်းခြင်း အဆင့်ပင် မရောက်သေးချေ။

"ဘာဖြစ်လို့လဲ...."

'ငါသာ ချမ်ဖိန်ကို လက်စားချေဖို့ ခွင့်မပြုခဲ့ရင်.....'

'ချင်ယန်နဲ့ အသက်လုတိုက်ပွဲ တိုက်ခိုက်ခွင့် မပြုခဲ့ရင်....'

ချမ်ဖိန်အဖေ၏ မျက်လုံးထဲတွင် နှောင်တများ ပြည့်နှက်နေသည်။ သို့သော် နှောင်တ ဆိုသည်မှာ နှောင်မှ တသော အရာပင်......

"ဟွန့်... မျက်လုံးထဲမှာ ဒီကောင် ထောက်မကျိုး ဖြစ်နေတာ ကြာပြီ... ဒီနေ့ ဒီကောင့်ကို သတ်လိုက်ရမှ စိတ်ထဲ နေလို့ ကောင်းသွားတယ်..."

သံလက်သီး ဂိုဏ်းချုပ်အသစ်က ပါးစပ်မှ ထုတ်ပြောလိုက်သည်။

ချင်ယန်က တစ်ချက် လှမ်းကြည့်ပြီး.....

“အဆင့်အတန်း ခွဲခြားလို့ လူသတ်တာ မှန်တဲ့ကိစ္စ မဟုတ်ဘူး... ငါက မင်းကို သံလက်သီးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခဲ့တယ်။ နောင် ဒီလို ကိစ္စမျိုး ထပ်မလုပ်နဲ့....”

“ဟုတ်ကဲ့ပါ... သခင်လေးချင်.....”

ချင်ယန်က.....

“ဖန်ယွမ်ဟွမ်ရဲ့ လုပ်ငန်းတွေကို မင်း ယူနိုင်တယ်။ ဒါပေမယ့် တခြားလူတွေရဲ့ ပိုင်ဆိုင်မှုကိုတော့ ငါ့ဆီ မြန်မြန်လွှဲပေး. ဒါတွေက ငါရဲ့တိုက်ပွဲ ရိတ်သိမ်းမှုတွေပဲ....”

"ဟုတ်ကဲ့ပါ... သခင်လေး ချင်....."

ချင်ယန်က ကျီးပေါင်ကို ကြည့်လိုက်ပြီး....

"ဂိုဏ်းချုပ် ကျီး..... ငါမှာ ဘာမှ လုပ်စရာ မရှိတော့ဘူး... မင်း လုပ်စရာရှိတာ လုပ်ပါ.... မင်းရဲ့ မိုးကြိုးမီး ဓါးဂိုဏ်း အပြင်စည်းတပည့် စာမေးပွဲ အချိန်မနှောင့်နှေးစေနဲ့....."

ကျီးပေါင်သည် စိတ်ထဲမှ မချိပြုံးသာ ပြုံးလိုက်ရသည်။ ဒီတစ်ကြိမ် မိုးကြိုးမီး ဓါးဂိုဏ်း၏ အပြင်စည်းတပည့် စာမေးပွဲက ဟာသလုံးလုံး ဖြစ်သွားခဲ့ပြီ.......

"သွားရအောင်....."

ချင်ယန်က ဦးဆောင်ပြီး ထွက်ခွာသွားသည်။

"သခင်လေးချင်ကို နှုတ်ဆက်ပါတယ်...."

ကျီးပေါင်နှင့် ကျန်သည့် လူများက တညီတညွတ်တည်း အော်ဟစ်၍ နှုတ်ဆက်လိုက်ကြသည်။

"သခင်လေး ချင်ကို လေးစားစွာ နှုတ်ဆက်ပါတယ်..."

ကျန်သည့် လူများကလည်း ကြောင်တောင်တောင် အမူအရာနှင့် တညီတညွတ်တည်း နှုတ်ဆက် လိုက်ကြသည်။

ကောင်းကင်ကြီးပင် တုန်ခါသွားသည်။

## အခန်း(၅၇) - ကလေးမလေး.....

မနက်ခင်း အလင်းရောင်က ကမ္ဘာမြေပေါ်သို့ ဖြာကျလာသည်။

အလယ်အလတ် တန်းစား ခရီးသည်သင်္ဘောပေါ်တွင် ချင်ယန်တို့အဖွဲ့က ပုံရိပ်နှိမ့်ချပြီး လိုက်ပါ လာကြသည်။

ခရီးသည်တင် သင်္ဘောက တိမ်ကင်စင်မြို့မှ ထွက်ခွာပြီး အောက်ဘက်သို့ စုန်ဆင်းနေသည်။

တိမ်ကင်းစင်မြို့တွင် ကြာကြာ ဆက်နေရန် မသင့်တော်တော့ပေ။

တစ်ချက်မှာ အရင်းအမြစ်ပင်..... ပိုကောင်းသော ဆေးများဖော်စပ်ရန် လိုအပ်သော ဆေးပင်များ ရှာဖွေရန် ပိုခက်ခဲလာသည်။

ဒုတိယ အချက်မှာ အစွမ်းထက်လာသည့် သူ့အကြောင်းကို ရှီမိသားစုက သတင်း ရသွားနိုင်ပြီး မကျေမနပ်မှုများ ပိုမို ဖြစ်လာကြလိမ့်မည်။ ထိုအခါ လုပ်ကြံ သတ်ဖြတ်သူကို စေလွှတ် လာနိုင်သည်။

တိမ်ကင်းစင်မြို့ အနားတွင် ချင်ယန်နှင့် ကျန်သည့်လူများက ဖန်ယွမ်ဟွမ်ကို ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့သော်လည်း ရှီမိသားစုကဲ့သို့ အာဏာ ကြီးမားသော မိသားစုနှင့် အလှမ်း ဝေးကွာ နေသေးသည်။

"ချင်ယန်၊ ကျေးဇူးတင်ပါတယ်....."

ရှောင်ကျူဝမ်က ဦးညွတ်ရင်း တိုးတိုးလေး ပြောလိုက်သည်။

"စီနီယာ အစ်မ၊ ဘာလို့ ကျေးဇူးတင်နေတာလဲ..."

ရှောင်ကျူဝမ်၏ မျက်နှာပေါ်တွင် စိတ်သက်ရာ ရသွားသော အပြုံးတစ်ခု ပေါ်လာပြီး......

"ငါ့ကို လက်စားချေခွင့် ပေးတဲ့အတွက် ကျေးဇူးတင်တာပါ။ နင့်ကြောင့်သာ မဟုတ်ရင် ငါ့အဖေက သေသွားတာတောင် မျက်လုံးမှိတ်နိုင်မှာ မဟုတ်ဘူး..."

"ငါ့ညီမလေး ဘဝကလည်း အရမ်း သနားစရာ ကောင်းသွားလိမ့်မယ်...."

ချင်ယန်က ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"စီနီယာ အစ်မ၊ မင်းတို့ အသက်ရှင်နေတာကို မင်းတို့မိဘတွေသာ သိသွားရင် အရမ်း ပျော်နေမှာ သေချာတယ်....."

"အင်း....."

ရှောင်ကျူဝမ်က ခေါင်းညိတ်လိုက်သည်။

"ချင်ယန်၊ ငါတို့ ဘယ်သွားမှာလဲ..."

ရှောင်ကျူဝမ်တို့သည် ထွက်သာ ထွက်လာကြသော်လည်း မည်သည့်နေရာ သွားမည်ကို မသိကြသေးပေ။

"ကျန်းဂျင်မြို့....."

ချင်ယန်က ပြောလိုက်ပြီး သူ့မျက်လုံးထဲတွင် တစ်ခုခုကို ပြန်သတိရသွားသော အမူအရာမျိုး ပေါ်လာသည်။ ကျန်းဂျင်မြို့တွင် သူ့အတွက် အလွန် အရေးကြီးသည့် တစ်ဦးတည်းသော အစ်ကို တစ်ယောက် ရှိနေသည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က ခြေလှမ်းတစ်ဝက် အုပ်စိုးသူ အဆင့်အထိ ရောက်ရှိခဲ့သည်။ သူသည် ကြယ်တရာ ကောင်းကင်ကြီးကို ဖြတ်ကျော်ပြီး မိတ်ဆွေပေါင်း

များစွာ ရရှိခဲ့သည်။ ယခုမူ သူ့အတွက် ညီအစ်ကိုဟု မှတ်ယူထားခဲ့သည့် လူက တစ်ယောက်တည်းသာ ရှိသည်။

'ချူရန်.. အခုလက်ရှိ မင်းဘာတွေ လုပ်နေမလဲ ....'

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး ရေရွတ်လိုက်သည်။

သူ ပြန်လည် မမွေးဖွားသေးခင် အတိတ်ဘဝ၌ ယနေ့မှစ၍ သုံးနှစ်အကြာတွင် ချူရန်နှင့် တွေ့ဆုံခဲ့သည်။ ထိုစဉ်က သူ့ဘဝသည် အလွန်

ဒုက္ခများပြီး သောင်ပြင်လွှတ်သော ခွေးတစ်ကောင်ကဲ့သို့ လျှောက် ပြေးနေခဲ့ရသည်။

တိမ်ကင်းစင်မြို့က လူများကို စော်ကားမိပြီး သူ့အမေနှင့်အတူ ကျန်းဂျင်မြို့သို့ ထွက်ပြေးခဲ့ကြရသည်။

ထိုအချိန်တွင် ချူရန်၏ အခြေအနေက အလွန်ကောင်းမွန်ပြီး ဆိုင်ကလေး တစ်ခု ဖွင့်လှစ်ထားသည်။ ထို့အပြင် သူက စည်းသခင် လေ့ကျင့်သား ဖြစ်နေပြီး ရိုးရှင်းသော စည်းများကို သန့်စင်နိုင်နေခဲ့ပြီ……

ချင်ယန်တို့ သားသမီးက ကံဆိုးမ သွားလေရော မိုးလိုက်လို့ရွာ ဆိုသကဲ့သို့ ကျန်းဂျင်မြို့သို့ ရောက်သည်နှင့် ဓါးပြ အတိုက်ခံခဲ့ရပြီး ရှိစုမဲ့စု ငွေလေးများ ပါသွားခဲ့သည်။ ထိုအချိန်တွင် သူ့အမေ ရှီယန်ကလည်း အပြင်းအထန် ဖျားနေခဲ့သည်။

ထိုအချိန်၌ ချူရန်က သူတို့ မြင်သွားခဲ့သည်။ ချင်ယန်တို့ သားအမိကို ဆေးကုသနိုင်ရန် ငွေများ ထုတ်ချေးခဲ့ရုံသာမက ချင်ယန်တို့ သားအမိ ယာယီ အခြေချ နေထိုင်နိုင်ရန်လည်း ကူညီပေးခဲ့သည်။

ထိုအချိန်တွင် ချင်ယန်သည် ချူရန်၏ အကူအညီသာ မရခဲ့ပါက ဒုက္ခိတ ပျားတုပ်သကဲ့သို့ ဘာလုပ်၍ ဘာကိုင်းမှန်းမသိ ဖြစ်နေခဲ့လိမ့်မည်။

နောက်ပိုင်းတွင် ချူရန်၏ သွေးမျိုးဆက် နိုးထလာခဲ့ပြီး လျင်လျင်မြန်မြန် တိုးတက်လာကာ (၂)နှစ်အကြာတွင် ကြယ်သုံးပွင့် စည်းသခင် တစ်ယောက် ဖြစ်လာခဲ့သည်။ သို့သော်လည်း နိမ့်ကျသည့် ချင်ယန်ကို အထင်သေး ရှုတ်ချခြင်း လုံးဝ မရှိခဲ့ဘဲ သူ့ညီမလေး ချူယုနှင့်ပင် လက်ထပ်စေချင်ခဲ့သည်။

ချင်ယန်သည် ထိုအကြောင်းကို တွေးနေရင်း သူမျက်လုံးထဲ၌ အေးစက်သော အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွား၏။

သာမန်ဆိုလျှင် ချူရှန်၏ အနာဂါတ်က တောက်ပ နေသင့်သည်။ သို့သော် မချစ်သင့်သည့် အမျိုးသမီး တစ်ယောက်ကို ချစ်မိသွားခဲ့ပြီး ကျင့်ကြံခြင်းအခြေခံ ဖျက်ဆီးခံရကာ သူ့ညီမလေး ချူယုကလည်း အဆိပ်ခတ် ခံခဲ့ရသည်။

"ကျန်းနန် ဘုရင်ရဲ့ အမွေဆက်ခံသူ..."

"ဟန်ရှန်..."

ချင်ယန်က လက်သီးတင်းတင်း ဆုပ်ထားသည်။

ထိုအချိန်က ချူရန်ကို ဘဝပျက်အောင် လုပ်ခဲ့သည့်လူက ကျန်းနန်ဘုရင်၏ အမွေဆက်ခံသူ ဟာန်ရွှန်ဖြစ်ကြောင်း ချင်ယန် သိခဲ့သည်။ သို့ရာတွင် ချူရန်ကို ကူညီပေးနိုင်မည့် ခွန်အားမျိုးက သူထံတွင် မရှိခဲ့ပေ။

ကျန်းနန်ဘုရင်က ယွမ်ဟူရေကန် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်ပြီး သူတို့၏ အင်အားစုက ရှီမိသားစုနှင့် အတူတူသာ ဖြစ်သော်လည်း ကွာခြားမှုအချို့ ရှိခဲ့ပြီး သူတို့က

တန်ထန်အင်ပါယာ တောင်ပိုင်းတွင် ပထမတန်းစား ရောမ ဘီလူးကြီး ဖြစ်နေသည်။

'ကျန်းနန်ဘုရင် ဟန်ရှန်... ငါက ယွမ်ဟူ နယ်ပယ်ရောက်ပြီး ပြန်လာတဲ့အချိန်မှာ မင်းက တန်ခိုးရှင်တွေကို စော်ကားပြီး တန်ထန် အင်ပါယာက ထွက်ပြေး သွားခဲ့ပြီ။ တစ်နှစ်ခွဲလောက် လိုက်ရှာတာတောင် မင်းကို ရှာမတွေ့ခဲ့ဘူး....။ နှစ်အနည်းငယ် ကြာလို့ သတင်းရတဲ့ အချိန်မှာ မင်းကသေနေပြီ....... ငါ့ ညီအစ်ကိုရဲ့ အမုန်း ရန်ကြွေးကို ငါ

ပြန်မဆပ်နိုင်ခဲ့ဘူး.... အဲ့ဘဝမှာ ငါ နောင်တ အရဆုံး ကိစ္စပဲ....."

"အခု ကောင်းကင်မှာ မျက်လုံးတွေ ရှိတယ်။ ငါ ချင်ယန် ပြန်မွေးလာပြီ.."

"မင်း ထိုက်သင့်တဲ့ တန်ခိုးတစ်ခု ပေးဆပ်စေရမယ်......"

ချင်ယန်၏ ခံစားချက်များက ပေါက်ကွဲ ထွက်လာသည်။

"သခင်လေး.... အဆင်ပြေရဲ့လား..."

ရှန်းယုလင်းက အနည်းငယ် စိုးရိမ်နေသည်။ သူမက သူမမိသားစုထံ အရိုအသေ သွားပေးပြီး ပြန် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ပဥ္စလက် သိဒ္ဓိကျင့်စဉ်ကို ကျင့်ကြံပြီးနောက် ခံစားချက်များ အပေါ်၌ အလွန် အကဲဆတ်လာခဲ့သည်။

"အဆင်ပြေတယ်...."

ချင်ယန်က အသက်ပြင်းပြင်းလေး ရှူရင်း ခေါင်းခါ ပြလိုက်သည်။

"ယုလင်း.. မင်း ပြန်သွားတော့ ဘယ်လိုလဲ....."

ချင်ယန်က မေးလိုက်သည်။

မိုးကြိုးမီး ခါးဂိုဏ်း တောင်ပေါ်မှ ပြန်ဆင်းလာသည့် အချိန်တွင် ရှန်းယုလင်းက တစ်ချိန်လုံး ပျို့အန်နေခဲ့သည်။ မနေ့ညက ချင်ယန်နှင့် အခြားသူများက ထွက်လာခဲ့ကြပြီး သူမက အခြေအနေ မကောင်းသဖြင့် ကျန်ရစ်ခဲ့ခြင်းပင်။

"သခင်လေး... ငါ အဆင်ပြေပါတယ်..."

ရှန်ယုလင်းက ခေါင်းခါလိုက်ပြီး......

"ဒီလူတွေက မကောင်းဘူး.....၊ သူတို့က အရှက်မဲ့တယ်.... ဒါကြောင့် သူတို့ကို ငါ သတ်လိုက်တယ်... ဒီလူတွေကို ငါ သတ်ခဲ့တာ....."

ရှောင်ကျူဝမ်က ရှန်းယုလင်း၏ လက်ကို ကိုင်လိုက်ပြီး......

"ညီမလေး ယုလင်း.... အရမ်း ကျေးဇူးတင်ပါတယ်။ အဲ့ထဲက တချို့လူတွေက ငါတို့ ရှောင်မိသားစုကို သတ်ခဲ့တဲ့ လူသတ်သမားတွေပဲ...."

"အစ်မကြီး ကျူဝမ်၊ အားနာစရာ မလိုပါဘူး....။ ဟုတ်တယ်မှတ်လား သခင်လေး...."

ရှောင်ကျူယင်က ပြုံးပြီး ပြောလိုက်သည်။

ချင်ယန်က ရယ်မောလိုက်ပြီး.....

"အမှန်ပဲ... သွားရမယ့်ခရီးက အဝေးကြီး လိုသေးတယ်။ တစ်ယောက်နဲ့ တစ်ယောက် ကူညီဖေးမရတဲ့ အခြေအနေက ပိုနည်းလာမှာ မဟုတ်ဘူး...."

"အစ်မကြီး.. မင်းတို့အားလုံး အပြင်မှာလား..."

ထိုအချိန်တွင် ရှောင်ကျူယင်ကလည်း အခန်းထဲမှ ထွက်လာပြီး အပျင်းကြော တစ်ချက် ဆန့်လိုက်ရာ လှပသော ခန္ဓာကိုယ် ကောက်ကြောင်းက ရုတ်တရုတ် ထွက်ပေါ်လာသည်။

ရှောင်ကျူယင်နှင့် ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်က အလွန် လှသည်။ ယခုအခါ ချီဖွဲ့စည်းခြင်း အဆင့်ကို ရောက်ရှိသွားပြီ ဖြစ်သဖြင့် သူမတို့ ကျင့်ကြံခြင်း၊ အသွင်အပြင်နှင့် စိတ်နေ စိတ်ထားတို့က အတိုင်းအတာတစ်ခု အထိ တိုးတက်လာ၍ ဆွဲဆောင်မှု ပိုရှိ လာကြသည်။

"ချင်ယန်၊ ငါလည်း ယုလင်းလိုမျိုး နင့်ရဲ့ အိမ်အကူ ဖြစ်နေပြီ၊ နင့်ကို သခင်လေးလို့ ခေါ်မယ်... အဆင်ပြေလား...."

ရှောင်ကျူယင်က ချင်ယန်၏ လက်မောင်းကို ဖက်ပြီး နန့်တန့်တန့် အမူအရာနှင့် ပြောလိုက်သည်။

ရှောင်ကျူယင်သည် ယခင်က ချင်ယန်ကို အနည်းငယ် အထင်သေးခဲ့ဖူးသော်လည်း ယခုအခါ ထိုအတွေးမျိုး မရှိတော့သည်မှာ သဘာဝပင်။

ချင်ယန်က သူမတို့ ညီအစ်မ နှစ်ယောက်ကို အများကြီး ကူညီပေးခဲ့သည်။ ယခု သူမ၏

နှလုံးသားထဲတွင် ချင်ယန်က အလွန် အရေးကြီးသော အနေအထားတစ်ခု ဖြစ်လာခဲ့ပြီ။

'ဒါပေမယ့် ချင်ယန်ရဲ့ စိတ်ထဲမှာ ငါ့ရဲ့ ရပ်တည်မှုက အဆင်မပြေသေးဘူး...'

ယခုအခါ ရှောင်ကျူဝမ်က ချင်ယန်၏ သက်တော်စောင့် ဖြစ်နေပြီး ရှန်းယုလင်းက အိမ်အကူ ဖြစ်နေသည်ကို သူမသိနေသည်။ သူမက ရှောင်ကျူဝမ်၏ ညီမမှလွဲ၍ မည်သည့်အရာမှ မဟုတ်ပေ။

ထို့ကြောင့် အချိန်တန်လျှင် ချင်ယန်က သူမအား စွန့်ပစ်သွားမည်ကို ရှောင်ကျူးယင်က အနည်းငယ် ကြောက်လန့် နေမိခြင်းပင်။

ချင်ယန်က ရယ်မောလိုက်ပြီး…

"ငါ့ရဲ့ အိမ်အကူလုပ်ဖို့ မင်း အရည်အချင်းက နည်းနည်းလေး လိုသေးတယ်။ မင်းကိုကြည့် ဘာမှ မထူးချွန်သေးဘူး…။ ကျင့်ကြံခြင်း အဆင့်၊ သိုင်းဝိဇ္ဇာ အားလုံးက သာမန်ပဲ…"

ရှောက်ကျူးယင်၏ မျက်လုံးထဲတွင် ဝမ်းနည်းသွားသော အရိပ်အယောင်များ

ပေါ်လာသည်။ သူမသည် ရှန်းယုလင်းနှင့် ယှဉ်လိုက်ပါက ကျင့်ကြံခြင်း အဆင့် ဖြစ်စေ၊ တတ်ကျွမ်းမှု ဖြစ်စေ၊ မိသားစု နောက်ခံဖြစ်စေ အရာအားလုံး နိမ့်ကျနေသည်မှာ အမှန်ပင်.......

“ဘာဖြစ်လို့ အရင်ကလို ကလေးမလေး မလုပ်တာလဲ......”

ချင်ယန်က စနောက်လိုက်သည်။

ရှောင်ကျူယင်က အပြုံး မျက်နှာလေးနှင့် တောက်ပစွာ ပြုံးလိုက်ပြီး.....

"ကလေးမလေးက ကလေးမလေးပဲ....။ ငါ့ကို မထားခဲ့ပါနဲ့.... ပြန်စရာအိမ်လည်း မရှိတော့ဘူး..."

ထိုစကားကို ပြောနေရင်း ရှောက်ကျူယင်၏ မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။

ချင်ယန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"စိတ်မပူနဲ့... မင်းကိုမထားခဲ့ဘူး... တကယ်လို့ မင်းကိုထားခဲ့ရင် မင်းအစ်မ ငါ့သက်တော်စောင့်က ဓါးနဲ့ခုတ်မှာပေါ့... မဟုတ်ဘူးလား...."

"စီနီယာ အစ်မ၊ ငါ စကားပြောင်းရတော့မယ်... မြင်းကုန်းနှီးလေး ဓာတ်လမ်းက နည်းနည်းလေး ပြောင်းသွားပြီ..."

ရှောင်ကျူဝမ်က ချင်ယန်ကို မျက်စောင်းထိုးပြီး ရှောင်ကျူယင်ကို အမြန် ဆွဲထုတ်လိုက်သည်။

"အစ်မကြီး.... မြင်းကုန်းနှီးလေး ဓာတ်လမ်းက ဘာလဲ...."

ရှောင်ကျူယင်က အူကြောင်ကြောင် အမူအရာလေးနှင့် မေးလိုက်သည်။

"နောက်မှ ပြောပြမယ်...."

ရှောင်ကျူဝမ်က ဤကဲ့သို့ ပြောနေရင်း ချင်ယန်ကို နောက်တစ်ကြိမ် မျက်စောင်း ထပ်ထိုးလိုက်သည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး.....

"လေ့ကျင့်ဖို့ အခန်းထဲ ပြန်ကြပါ။ ကျန်းဂျင်မြို့ကို ရောက်ဖို့ သုံး၊ လေးရက်လောက် လိုသေးတယ်။ ကျင့်ကြံခြင်းအဆင့် အခြေခိုင်အောင် လုပ်ဖို့ အချိန်လုံလောက်တယ်...."

"ကျူယင်... သိပ်စိတ်မပူနဲ့.... အခု မင်းက ဒီသခင်လေးရဲ့ ကလေးမလေး ဖြစ်လာပြီဆိုတော့ ဒီသခင်လေးက မင်းရဲ့ ပင်ကိုယ် အရည်အချင်းကို မြှင့်တင်ပေးဖို့ နည်းလမ်း ရှာပေးမယ်...."

ရှောင်ကျူယင်၏ မျက်နှာပေါ်တွင် ပျော်ရွှင်သွားသော အရိပ်အယောင် ပေါ်လာပြီး...

"ကျေးဇူး တင်ပါတယ်။ သခင်လေး... ဟီးဟီး..."

ရှောက်ကျူယင်က အရိုအသေ ပေးလိုက်သည်။

ရှောင်ကျူဝမ်က စကား အများကြီး မပြောဘဲ လှပသော မျက်လုံးရွဲကြီးများနှင့် ချင်ယန်ကို စိုက်ကြည့်လိုက်သည်။ ချင်ယန်က သူမတို့ကို အများကြီး ကူညီပေးခဲ့သဖြင့် ကျေးဇူးတင်ပါတယ် ဟူသော စကားလုံးမျှနှင့် မလုံလောက်တော့ပေ။

“သိုင်းဝိညာဉ်၊ သွေးမျိုးဆက်၊ အရိုးဉာဏ်အလင်း၊ နတ်ရတနာ အားလုံး သာမန်ပဲ....”

ချင်ယန်က စိတ်ထဲမှ ရေရွတ်လိုက်သည်။

“အခုလက်ရှိ ငါ့ သိုင်းဝိညာဉ်ကလည်း အကောင်းကြီး မဟုတ်သေးဘူး.. ခွန်အားကလည်း

မလုံလောက်သေးဘူး.... ရှောင်ကျူယင်ရဲ့ နတ်ရတနာ ပြောင်းလဲနိုင်အောင် အကူအညီ ရဖို့ သွေးမျိုးဆက်နဲ့ အရိုးဉာဏ်အလင်း တစ်ခုခုပဲ စဉ်းစား ရတော့မယ်...."

## အခန်း(၅၈) - ကျန်းဂျင်မြို့.....

အင်ပါယာ မြို့တော်၊ ချမ် မိသားစု...

ချမ်ဟောင် အမြန် ပြန်လာခဲ့သည်။ သူ့မိသားစုထံ ပြန်ရောက်သည်နှင့် သူ့အဘိုး၊ ချမ် မိသားစု ခေါင်းဆောင် ချမ်ယွမ်ထောင်နှင့် တွေ့ချင်သည်ဟု အကြောင်းကြား လိုက်သည်။

"ရှောင်ပောင်... တစ်ယောက်တည်း ပြန်လာတာလား..... သိုင်းဝိညာဉ် နိုးထတဲ့ ချမ်ဖိန် မပါဘူးလား...."

ချမ်ယွမ်ထောင်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

ချမ်ပောင်က ဗုန်းခနဲမြည်အောင် ဒူးထောက် ချလိုက်ပြီး....

"အဘိုး.. ဒီမြေးက အဘိုးအတွက် ဝန်ထုပ်ဝန်ပိုး တစ်ယောက်ပါပဲ။ မီးလျှံပြင်း ခြသေ့် သိုင်းဝိညာဉ်

နိုးထခဲ့တဲ့ ချမ်ဖိန် သေသွားပါပြီ။ သူ့မိဘတွေလည်း သေသွားပါပြီ....”

“ဘာ......”

ချမ်ယွမ်ထောင်၏ မျက်နှာ အမူအရာက ကြီးကြီးမားမား ပြောင်းလဲ သွားသည်။ ချမ်ဖိန်နှင့် အခြားသူများက အင်ပါယာမြို့တော် ချမ်မိသားစု၏ သွေးဝေးသော ဆွေမျိုးများသာ ဖြစ်သော်လည်း ချမ်မိသားစု ဖြစ်နေသေးသည်။ သူတို့ တပြုင်နက်တည်း သေသွားခြင်းက မည်သို့မှ ပုံမှန် မဖြစ်နိုင်ပေ။

"ဘာဖြစ်တာလဲ... စကားကို သေချာအောင်ပြောစမ်း...."

ချမ်ဟောင်က အသက်ပြင်းပြင်းလေး ရှူပြီး အခြေအနေကို ပြန် ပြောပြလိုက်သည်။

ချမ်ယွမ်ထောင်က တော်တော်လေး မျက်မှောင်ကြုတ်နေပြီး....

"အသက် နှစ်ဆယ်အရွယ် ကောင်မလေးက မူလ အစစ်အမှန် နယ်ပယ် အဆင့် (၄) ရောက်နေတဲ့ ဖန်ယွမ်ဟွမ်ကို သတ်ပစ်လိုက်တယ်။ ပြီးတော့ အသက် (၁၆) နှစ်အရွယ် ကောင်လေးက

ချီဖွဲ့စည်းခြင်းအဆင့် (၉) ရောက်နေတဲ့ လူတစ်ယောက်ကို သတ်ပစ်ခဲ့တယ်။ အသက် (၁၅) နှစ်အရွယ် ကောင်မလေးက ကောင်းကင်ဘုံ နတ်ဆိုး စိတ်ကစဉ့်ကလျား သီချင်း တီးခတ်ပြီးတော့ ချီဖွဲ့စည်းခြင်းအဆင့် တန်ခိုးရှင် နှစ်ဆယ်ကျော် သုံးဆယ်ကြားကို သတ်ပစ်ခဲ့တယ်။ ရှောင်ပေါင် မင်းငါ့ကို ယုံတမ်းစကား လာပြောနေတာလား...”

ချမ်ပေါင်က နာကျည်းနေသော အမူအရာနှင့်....

"အဘိုး... ငါလည်း မယုံချင်ပါဘူး...။ ဒါပေမယ့် တကယ့် အဖြစ်မှန်ပါ... ဒီအဖြစ်အပျက်ကို လူနှစ်သောင်းကျော် မြင်ခဲ့ကြပါတယ်။ အဘိုး လူတစ်ယောက် လွှတ်ပြီး စုံစမ်းခိုင်းလို့ ရပါတယ်..."

ချမ်ယွမ်ထောင် တိတ်ဆိတ် နေ၏။

'ဒီလောက် လူအများကြီး ရှိနေခဲ့တဲ့ ကိစ္စကို ချမ်ဟောင် မလိမ်နိုင်ဘူး...'

"အဘိုး... ငါတို့ ဘာလုပ်ကြမလဲ..."

ချမ်ဟောင်က ပြောလိုက်သည်။

ချမ်ယွမ်ထောင်က တည်ကြည်သော အမူအရာနှင့်....

"မင်းက ယွမ်ဖန်ကျားကို သတ်ခဲ့တယ်။ ဒီကိစ္စကြောင့် ငါတို့နဲ့ တိမ်ကင်းစင်မြို့က ချမ်မိသားစု လုံး၀ ခွာပြဲသွားပြီ။ သူတို့အတွက် လက်စားချေစရာ မလိုတော့ဘူး...."

"ချင်ယန်ကိုတော့ သူတို့ရဲ့ နောက်ခံက ဘာလဲ.. မိသားစုကလဲ ဆိုတာ စုံစမ်းစစ်ဆေးရမယ်...."

ချမ်ယွမ်ထောင်က ဤကဲ့သို့ ပါးစပ်မှ ထုတ်ပြောလိုက်သော်လည်း လက်တွေ့ အကောင်အထည်ဖော်ရန် ရည်ရွယ်ချက် မရှိပေ။

ချင်ယန်က အလွန် ငယ်ရွယ်သေးပြီး အရွယ်မရောက်သေးပေ။ သူ့အမြင်အရ ချင်ယန်နောက်တွင် အလွန် အစွမ်းထက်သော လူတစ်ယောက် ရှိကိုရှိလိမ့်မည်။

ယခုလက်ရှိတွင် အင်ပါယာမြို့တော် ချမ်မိသားစုက မည်သည့်အရာမှ မဆုံးရှုံးထားသေးပေ။

ဘာကြောင့် အစွမ်းထက်သည့် ရန်သူ တစ်ယောက်ကို ရန်စ ရမည်နည်း.....

အင်ပါယာ မြို့တော် ချမ်မိသားစု၏ ပုံရိပ် အနည်းငယ် ထိခိုက်သွားနိုင်သော်လည်း ဒါက ပြဿနာကြီး မဟုတ်ပေ။ ကြီးမားသော မိသားစုကြီးများက အချိန်ကြာကြာ အသက်ရှင် ချင်လျှင် မလွဲမသွဲ ခေါင်းငုံ့ရမည့် အခြေအနေကို သည်းခံနိုင်ရမည်။ ဖြတ်ကျော် နိုင်ရမည်။

"အဘိုး.. ငါတို့ ချမ်မိသားစုက အရမ်း အားကြီးပါတယ်။ ချင်ယန် နောက်ကွယ်မှာ

ကူညီနေတဲ့လူ ရှိနေရင်တောင် ငါတို့ကို မနိုင်ပါဘူး...”

ချမ်ဟောင်၏ စိတ်ထဲတွင် အမုန်းမီးများ တဟုန်းဟုန်း တောက်လောင်နေပြီး အနည်းငယ်မျှပင် သည်းမခံနိုင် ဖြစ်နေသည်။

လူမြင်ကွင်းရှေ့တွင် ပိုးဆိုးပက်စက် အရှက်ကွဲခဲ့ရသည် မဟုတ်ပါလား။

ချင်ယန် တောင်းဆိုသည့်အတိုင်း ယွမ်ဖန်ကျားကို သတ်ခဲ့ရသည်။

"သွားနားတော့... အဘိုး လူလွှတ် စုံစမ်းခိုင်းလိုက်မယ်...."

ချမ်ယွမ်ထောင်က ခပ်တည်တည်ပြောလိုက်သည်။

"ဟုတ်...."

ချမ်ဟောင် နောက်ပြန် ဆုတ်သွားသည်။

ချမ်ယွမ်ထောင်က ကြိတ်ပြီး သက်ပြင်းချလိုက်သည်။

ချင်ယန်၏ နောက်ကွယ်၌ အလွန်အစွမ်းထက်သော လူတစ်ယောက် မရှိလျှင်ပင် သူ၏ပင်ကိုယ် အရည်အချင်း၊ လွှမ်းမိုးနိုင်သော စရိုက်နှင့် ဆိုပါက အစွမ်းထက်သော အင်းအားစု တစ်ခုခုနှင့် ပူပေါင်းရန် အလွန် လွယ်ကူလှသည်။

"တိမ်ကင်းစင် မြို့လေးမှာ ဒီလို ပါရမီရှင် တစ်ယောက် ထွက်ပေါ်လာတာလား...."

"ဒါနဲ့ စကားမစပ်... အရင်က တိမ်ကင်းစင်မြို့မှာ ကောင်းကင်ဘုံ ကျားဖြူဘုရင် သိုင်းဝိညာဉ် ပုံရိပ်ယောင်အရိပ် ပေါ်ခဲ့တာ မဟုတ်လား..."

ချမ်ယွမ်ထောင်၏ မျက်လုံးထဲတွင် အလင်းရောင်တစ်ချက် လက်သွား၏။

ချင်ယန်၊ ရှောင်ကျူဝမ်နှင့် ကုချင်းတီးခဲ့သော ကောင်မလေး...

သူတို့ သုံးယောက်ထဲက တစ်ယောက်ယောက်တွင် ကောင်းကင်ဘုံ ကျားဖြူဘုရင် သိုင်းဝိညာဉ် ရှိလိမ့်မည်။

“ရှောင်ဟောင် ပြောခဲ့တဲ့ စကားအရဆို ချင်ယန် လှုပ်ရှားလိုက်တဲ့ အချိန်မှာ နဂါးဟိန်းသံ သဲ့သဲ့လေး

ကြားလိုက်ရတယ် ဆိုတော့ ချင်ယန်က ဖြစ်နိုင်ချေ နည်းတယ်…”

“ရှောင်ကျူဝမ်လား.. ဒါမှမဟုတ် အဲ့ ကောင်မလေးလား…..”

ချမ်ယွမ်ထောင် အမိန့်ပေးပြီး မကြာခင် ချမ်ဟောင်က ချမ်ယွမ်ထောင်ထံ ပြန်ရောက် လာသည်။

“ရှောင်ဟောင်…. ချင်ယန်ရဲ့ သိုင်းဝိညာဉ်က ဘာလဲ…။ ရှောင်ကျူဝမ်နဲ့ အဲ့ မိန်းကလေးကရော..”

ချမ်ယွမ်ထောင်က မေးလိုက်သည်။

ချမ်ဟောင်က....

"အဘိုး... အရင်က ချင်ယန်ရဲ့ ကျင့်ကြံခြင်းအဆင့်က ချီစုဆောင်းခြင်း အဆင့်ပဲ ရှိတယ်။ သူ့သိုင်းဝိဉာဉ်ကို ဘယ်သူမှ မသိဘူး...။ ဒါပေမယ့် ချမ်ဖိန်ရဲ့ မီးလျှံပြင်း ခြသေ့် သိုင်းဝိဉာဉ်ကို သူ့ရဲ့ အမှောင်နတ်ဆိုးနဂါး သိုင်းဝိဉာဉ်က တစ်ကိုက်တည်း စားလိုက်တယ်လို့ သူကိုယ်တိုင် ထုတ်ပြောခဲ့ဖူးတယ်"

“ဒါက အဓိပ္ပါယ် မရှိဘူး.... တကယ်လို့ သူ့ သိုင်းဝိညာဉ်က အမှောင်နတ်ဆိုး နဂါး သိုင်းဝိညာဉ်သာ ဆိုရင် နိုးထလာတဲ့ အချိန်မှာ လူတော်တော် များများ သိမှာပဲ...။ သူ့ သိုင်းဝိညာဉ်က မြေနဂါး တစ်မျိုးမျိုးပဲ ဖြစ်နိုင် လောက်တယ်....”

မြေနဂါး သိုင်းဝိညာဉ်က မီးလျှံပြင်း ခြင်္သေ့ သိုင်းဝိညာဉ်ထက် ပို ကောင်းသော်လည်း အမှောင်နတ်ဆိုးနဂါး သိုင်းဝိညာဉ်နှင့် ယှဉ်ပါက ကွာဟချက် ကြီးမားလွန်းနေသည်။ အင်ပါယာ

မြို့တော်တွင် မြေနဂါး သိုင်းဝိညာဉ် ကဲ့သို့ သိုင်းဝိညာဉ်မျိုး ပိုင်ဆိုင်ထားသည့် လူပေါင်းများစွာ ရှိသည်။

"ရှောင်ကျူဝမ်ရဲ့ သိုင်းဝိညာဉ်ကတော့ သာမန် ရေခဲ ဝံပုလွေပဲ။ ဖန်ယွမ်ဟွမ်နဲ့ မတိုက်ခိုက် ခင်ကတည်းက တစ်ကြိမ်ထက်မက ထုတ်ပြဖူးတယ်။ ဖန်ယွမ်ဟွမ်ကို တိုက်ခိုက်လိုက်တဲ့ အချိန်မှာ သူ့ရဲ့ လက်ဖဝါး ရိုက်ချက်ထဲမှာ သိုင်းဝိညာဉ်နဲ့ ဆင်တူတဲ့ ရေခဲစွမ်းအား ပါတယ်။ ဖန်ယွမ်ဟွမ်လည်း တစ်ကိုယ်လုံး တောင့်တင်း သွားတော့တာပဲ..."

“ကုချင်းတီးတဲ့ ကောင်မလေးကတော့ ဘယ်လို ဇစ်မြစ်လဲဆိုတာ မသိရဘူး…”

ချမ်ယွမ်ထောင်က…

“ရှောင်ပေါင်၊ အဲ့ ကောင်မလေးက ကောင်းကင်ဘုံ ကျားဖြူနိုးထလာတဲ့ တန်ခိုးရှင်လို့ ထင်လား….”

ချမ်ပေါင်က ခတ္တမျှ စဉ်းစားလိုက်ပြီးနောက်…..

“အဘိုး ဖြစ်နိုင်ချေ သိပ်မများဘူး…။ သူမက အိမ်အကူ အဝတ်အစား ဝတ်ထားတယ်။ ပြီးတော့

ငယ်လည်း ငယ်တယ်။ ကျင့်ကြံခြင်း အငွေ့အသက် အရတော့ ချီဖွဲ့စည်းခြင်း အဆင့် ရှိနိုင်တယ်။ ကောင်းကင်ဘုံ ကျားဖြူဘုရင်လိုမျိုး သိုင်းဝိညာဉ်ကို တောင့်ခံနိုင်မယ် မထင်ဘူး.....”

“သူတို့နောက်မှာ ရှိတဲ့ တန်ခိုးရှင်က ကောင်းကင်ဘုံ ကျားဖြူဘုရင် ပိုင်ဆိုင်ထားတဲ့ တန်ခိုးရှင် ဖြစ်နိုင်တယ်....”

ချမ်ယွမ်ထောင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ချီဖွဲ့စည်းခြင်း နယ်ပယ် တန်ခိုးရှင်တစ်ယောက်အနေနှင့် ကောင်းကင်ဘုံကျားဖြူဘုရင် သိုင်းဝိညာဉ်ကဲ့သို့ သိုင်းဝိညာဉ်မျိုးအမှန်တကယ် နိုးထသွားပါက ခန္ဓာကိုယ်အလွန်ဝန်ပိပြီး ချက်ချင်း သေဆုံး သွားနိုင်သည်မှာအမှန်ပင်......

"သွားလို့ ရပြီ...."

ချမ်ယွမ်ထောင်က လက်ခါပြလိုက်သည်။

"ဟုတ်ကဲ့....."

ချမ်ဟောင် ထွက်သွားပြီးနောက် လျှို့ဝှက် စုံစမ်းသူ နှစ်ယောက်ကို စေလွှတ်လိုက်လျှင် ကောင်းမလားဟု ချမ်ယွမ်ထောင်က စဉ်းစား နေသေးသည်။

ကောင်းကင်ဘုံ ကျားဖြူဘုရင် သိုင်းဝိညာဉ်က ချမ်ယွမ်ထောင်အတွက် ဆွဲဆောင်မှု အလွန် ရှိနေသည်။

........

“ဝိုး.. ဒီဘက်ခြမ်းက လူတွေက အရမ်း ချမ်းသာကြတာပဲ.....”

"အိမ်တွေကလည်း အရမ်းလှတယ်.. အမြင့်ကြီးပဲ....."

ရှောင်ကျူယင်က အကြိမ်အခါခါ စိတ်လှုပ်ရှား နေသည်။

ချင်ယန်တို့ အဖွဲ့သည် သုံးရက်ကျော် သဘော်စီး ပြီးနောက် ကျန်းဂျင်မြို့သို့ ရောက်လာကြသည်။

တိမ်ကင်းစင် မြို့သည် လူဦးရေ နှစ်သန်းမှ သုံးသန်းကြားသာ ရှိသည့် မြို့လေးတစ်မြို့ ဖြစ်ပြီး ကျန်းဂျင်မြို့က လူဦးရေ ဆယ်သန်းကျော် ရှိသည့်

တန်ထန်အင်ပါယာ တောင်ပိုင်းရှိ ထိပ်တန်းမြို့ကြီး တစ်မြို့ ဖြစ်သည်။

ကျန်းနန် ဝမ်ဖူ ကလည်း ကျန်းဂျင်မြို့တွင် ရှိသည်။

တိမ်ကင်းစင်မြို့ ဘက်ခြမ်းတွင် မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် အလွန် နည်းပါးသော်လည်း ကျန်းဂျင်မြို့တွင် မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင်များက အလွန် ပေါများသည်။ ဖန်ယွမ်ဟွမ်ကဲ့သို့ လူမျိုးက ကျန်းဂျင်မြို့တွင် ဘာကောင်မှ မဟုတ်ပေ။

ကျန်းဂျင်မြို့က မြို့ကြီး ဖြစ်သည်နှင့်အမျှ တန်ခိုးရှင်များနှင့် ပါရမီရှင်များကို တိမ်ကင်းစင်မြို့ထက် ပိုမို ဆွဲဆောင်နိုင်သည်။

"ကျန်းဂျင်မြို့....."

ရှီယန်၏ မျက်လုံးထဲတွင် အနည်းငယ် စိတ်ရှုပ်ထွေးသွားသော ခံစားချက်များ ပေါ်လာသည်.။ သူမ၏ အရင်းနီးဆုံး သူငယ်ချင်း တစ်ယောက်က ချမ်းသာသော သူဌေးတစ်ယောက်နှင့် အိမ်ထောင်ကျပြီး ကျန်းဂျင်မြို့တွင် အခြေချ နေထိုင်နေသည်။ သူမ သူငယ်ချင်း၏ မိသားစု

အခြေအနေက အလွန် ကောင်းမွန်ခြင်း မရှိပေ။ သူမက ရှီယန်နှင့် ဆက်ဆံရေး ရှိခဲ့၍သာ ထိုသူဌေးနှင့် လက်ထပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူမ သူငယ်ချင်း လက်ထပ်သည့် အချိန်တွင် ရှီယန်ကလည်း လက်ဆောင်တစ်ခု ပေးခဲ့သည်။ လက်ဝတ် ရတနာများဖြစ်ပြီး စုစုပေါင်း တန်ဖိုးက အနည်းဆုံး ငွေတုံး တစ်သိန်းခန့် ရှိသည်။

ရှီယန်သည် တိမ်ကင်းစင်မြို့တွင် သူမ အခြေအနေ အလွန် ခက်ခဲလာသောအခါ သူမ သူငယ်ချင်းထံ လူတစ်ယောက်လွှတ်ပြီး စာပေးခိုင်းခဲ့

ဖူးသည်။ သို့သော် စာသွားပို့သည့် လူသာ အရိုက်ခံခဲ့ရသည်။

ချင်ယန်က ဒီအကြောင်းကို မသိပေ။

"ဒုက္ခရောက်မှ စိတ်ရင်းသိ.... ဒီစကားက အရမ်းမှန်တာပဲ...."

ရှီယန်က စိတ်ထဲမှကြိတ်ပြီး သက်ပြင်းချလိုက်သည်။ သူမက ထိုသူငယ်ချင်းကို ထပ်မရှာချင်တော့ပေ။ ကျန်းဂျင်မြို့က အလွန်ကြီးသဖြင့် လမ်းတွင်လည်း ဆုံစရာအကြောင်း မရှိချေ။

"အမေ.... ဒီမှာ အမေ့အသိ တစ်ယောက်ယောက် ရှိလို့လား..."

ချင်ယန်က မေးလိုက်သည်။

ရှီယန်က ခေါင်းခါလိုက်ပြီး.....

"မရှိပါဘူး...."

ယခုမှ သူ့အမေ ရှီယန်၏ အမူအရာကို သတိထားမိပြီး မျက်မှောင် ကြုတ်သွား၏။ သူ့အမေအကြောင်း သူ သိသလောက် ဆိုလျှင် သူ့အမေ၏ အမူအရာအရ ကျန်းဂျင်မြို့တွင်

သူ့အမေနှင့် ရင်းနှီးသူတစ်ယောက် ကျိန်းသေပေါက် ရှိရမည်။

"အမေ... ဒီဒေသမှာ ကျွန်တော့ရဲ့ ခွန်အား ပိုသန်မာလာတဲ့ အချိန်ကျရင် အမေ့ကို ချီဖွဲ့စည်းခြင်း နယ်ပယ် ပြန်ရောက်အောင် ကျိန်းသေပေါက် ကူညီ ပေးနိုင်တယ်။ ချီဖွဲ့စည်းခြင်း အဆင့် (၉) ရောက်ဖို့က ပြဿနာ မရှိဘူး...."

ချင်ယန်က ပြောလိုက်သည်။

"အင်း...."

ရှီယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ ယခင်က သူမဘဝသည် ကြက်ဟင်းခါးသီးထက် ပိုခါးခဲ့သော်လည်း ယခုအခါ ခါးသီးသည့် နေ့ရက်များ ကုန်ဆုံးသွားခဲ့ပြီ။ ချင်ယန်တွင် ဘဝကောင်းရှိပြီး သူမ၏ ကျင့်ကြံခြင်းအဆင့် အနည်းငယ် ပြန်ကောင်းလာရုံဖြင့် သူမက ကျေနပ်နေခဲ့ပြီ........

"ချင်ယန်... ငါတို့နောက်က လေ့နဲ့ တိုက်မိတော့မယ်..."

ရှောင်ကျူဝမ်က တအံ့တဩ ပြောလာသည်။

ချင်ယန်က အနောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ သူတို့ သင်္ဘောထက် အဆပေါင်းများစွာ ပိုကြီးသော သင်္ဘောတစ်စီးက အရှိန်လျှော့ချရန် သို့မဟုတ် လမ်းကြောင်း ပြောင်းရန် ရည်ရွယ်ချက် မရှိဘဲ မြန်ဆန်စွာ မောင်းနှင်လာနေသည်။

ထိုသင်္ဘောပေါ်တွင် ငါးမီတာ၊ ခြောက်မီတာ မြင့်သော အဆောက်အဦး တစ်ခု ပါပြီး သင်္ဘောအမြင့်က ခုနှစ်မီတာ၊ ရှစ်မီတာ ခန့်ရှိသည်။

သဘော်ဦးတွင် သံဘောင်ခွေထားပြီး အဖျား ချွန်နေသည်။

အခြားတစ်ဖက်တွင်မူ ချင်ယန်တို့ စီးလာသည့် သဘော်က ဆယ်မီတာကျော်သာ ရှည်သည်။

အကယ်၍ တိုက်မိသွားပါက သူတို့ သဘော်တစ်စင်းလုံး ကြေမွ သွားလိမ့်မည်။

# အခန်း(၅၉) - ချူရန်

“တောက်စ် စံချိန်ချိုးခါနီးမှကွာ.... မျက်စိကန်းနေကြလား...... မင်းတို့ကို ခွင့်မလွှတ်နိုင်ဘူး...”

“ဒီနေ့ ဒီသခင်လေးရဲ့ လမ်းကြောင်းကို ပိတ်ထားတာ ...... သေချင်နေတဲ့ ကောင်တွေပဲ....”

“ဒီသခင်လေးအတွက် ဒီကောင်တွေကို တိုက်မြေပ်လိုက်စမ်း.....”

သဘော်ာပေါ်တွင် ပိုးသား အင်္ကျီ ဝတ်ဆင်ထားသော လူငယ်လေး တစ်ယောက် ရှိနေပြီး အလွန် မောက်မာလွန်းသည်။

သူ့အမိန့်ကြောင့် သဘော်ာ အရှိန်က မနှေးသွားသည့်အပြင် ပို၍ပင် မြန်ဆန် လာသေးသည်။

ချင်ယန်တို့ သဘော်ာ၏ ပဲ့နင်းက တုံ့ပြန်မှု အနည်းငယ် နှေးကွေးခဲ့ပြီး သဘော်ာကြီး အနား အလွန်ကပ်လာသည့် အချိန်မှ

သဘော်ာလမ်းကြောင်းကို အသည်းအသန်း ပြောင်းလိုက်ရသည်။

ဘုန်း……

ကြီးမားသော သဘော်ာကြီးက ချင်ယန်တို့ စီးလာသည့် သဘော်ာကို ပွတ်တိုက်သွားပြီး ရှေ့သို့ ဆက်လက် မောင်းနှင်သွားသည်။

ချင်ယန်တို့ စီးလာသည့် သဘော်ာက လူလွန့်သွားပြီး နစ်မြုပ်တော့မလို ဖြစ်သွားခဲ့သည်။

"ဟားဟား.. ဟားဟား…"

သဘော်ပေါ်ရှိ ပိုးသားအင်္ကျီ ဝတ်ဆင်ထားသော လူငယ်လေးက လှိုက်လှိုက်လှဲလှဲ အော်ရယ်နေသလို သူ့အနားက လူများကလည်း ပျော်ရွှင်စွာ ရယ်မောနေကြသည်။

"သခင်လေးရန်၊ ခုနက သဘော်ပေါ်မှာ စော်လေး သုံးပွေ တွေ့လိုက်တယ်။ တော်တော်လေး လန်းတယ်..."

သူတို့ထဲမှာ လူတစ်ယောက် နှာဘူးလေသံနှင့် ပြောလိုက်သည်။

ပိုးသားအင်္ကျီ ဝတ်ဆင်ထားသော လူငယ်လေးက အထင်သေးသော လေသံနှင့်.....

"သဘော်ပေါ်က မိန်းကလေး ဟုတ်လား......ငါ့ သဘော်ပေါ်ကို မိန်းကလေးတစ်ယောက် တက်ဖို့လား..."

"ဒါ... ဒါက စကား မှားသွားတာပါ...."

"တချို့အရာတွေက မထိတာ ကောင်းတယ်..... ကြည့်လို့ လှရင် ကြည့်နေလိုက်..... သွားထိလို့ကတော့ မင်း ဖျားသွားလိမ့်မယ်.... .ဟားဟား..."

“သခင်လေးရန် ပြောတာ မှန်ပါတယ်....”

သဘော်ချင်း တိုက်မိသွားပြီး သိပ်မကြာခင် ရှောက်ကျူယင်က ဒေါသထွက်နေသော လေသံနှင့်....

“ဒီကောင်က ဘယ်သူလဲ....။ မောက်မာလှချည်လား.... ဒီနေရာမှာ သဘော်အသွားအလာတွေ အများကြီး ရှိနေတယ်.....ငါတို့ကို မြုပ်သွားစေချင် လို့လား...”

ရှန်းယုလင်းက မျက်မှောင် ကြုတ်လိုက်ပြီး.....

"သူ့မျိုးရိုးနာမည်က ရန်၊ ရန်မိသားစုရဲ့ သခင်လေးရန်ပဲ...... ရန်မိသားစုက ကျန်းဂျင်မြို့ မိသားစုကြီး ဆယ်စုထဲက တစ်ခုပေါ့... အဓိက စီးပွားရေးအနေနဲ့ ရေလုပ်ငန်း လုပ်တယ်။ သူတို့ ထိန်းချုပ်မှုအောက်မှာ သင်္ဘောကျင်းတွေ အများကြီးပဲ။ ဒါပေမယ့် အဲ့ဒါက ရန်မိသားစုရဲ့ တကယ့် စီးပွားရေး မဟုတ်ဘူး...... သူတို့က ကာကွယ်ကြေး ကောက်ခံတယ်.... လောင်းကစား လှေတွေ၊ ပန်းလှေတွေ ဖွင့်ထားတယ်...."

ရှောင်ကျူယင်က သိချင်စိတ်နှင့်...

"ယုလင်း..... ရန်မိသားစုရဲ့ အင်အားက ဖန်မိသားစုနဲ့ ယှဉ်ရင် ဘယ်လိုလဲ....."

ရှန်းယုလင်းက ခေါင်းခါလိုက်ပြီး......

"ရန်မိသားစုနဲ့ နှိုင်းစရာတောင် မလိုဘူး.... ဖန်မိသားစုက အများကြီး နိမ့်ကျတယ်...."

"ကျန်းဂျင်မြို့က တိမ်ကင်စင်မြို့ထက် လူဦးရေ အများကြီး ပိုများတဲ့ မြို့ကြီးဖြစ်လို့ ပေါကြွယ်ဝမှုအတွက် တန်ခိုးရှင်တွေကို တော်တော်လေး ဆွဲဆောင်နိုင်တယ်။ ကျန်းဂျင်မြို့က တိမ်ကင်းစင်မြို့ထက် အနည်းဆုံး အဆ

တစ်ရာလောက် ပိုကြွယ်ဝတယ်။ ကျန်းဂျင်မြို့ဘက်ခြမ်းမှာ မူလအစစ်အမှန် နယ်ပယ်တန်ခိုးရှင်တွေ နှစ်ရာကနေ သုံးရာကြားလောက်ရှိနိုင်တယ်....”

“ကျန်းဂျင် မြို့ဘက်မှာရှိတဲ့ ရန်မိသားစုကို မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် သုံးယောက်နဲ့ ကြယ်သုံးပွင့် သားရဲတွေက ကာကွယ်ပေးထားတယ်...”

“ရန်မိသားစုရဲ့ တခြား နေရာတွေမှာလည်း ကြယ်သုံးပွင့် တခြားတန်ခိုးရှင်တွေ ရှိနေတယ်။

လိုအပ်လာရင် တခြားနေရာမှာ ရှိတဲ့ ရန်မိသားစုတွေကလည်း အမြန်ဆုံး ရောက်လာနိုင်တယ်...”

ရှောင်ကျူယင်က လျှာလေး ထုတ်လိုက်ပြီး.....

“ဒီကောင် ဒီလောက် မောက်မာနေတာ မဆန်းတော့ဘူး..”

ရှန်းယုလင်းက....

“ဒါကို ရန်မိသားစု မောက်မာတယ်လို့ ပြောလို့ မရသေးဘူး..... ဒီမြစ်တစ်ကြောမှာ ရန်မိသားစုက

အရမ်း အင်အားကြီးတယ်။ ငါ ကြားတာကတော့ ရန်မိသားစုရဲ့ ကံကြမ္မာ တစ်ကိုင်းကို ကျန်းနန် နန်းတော်မှာ အပ်နှံထားတယ်လို့ ကြားတာပဲ....”

ရှောင်ကျူယင်က မျက်မှောင် ကြုတ်လိုက်ပြီး.....

“ကျန်းနန် မင်းသားက အစိုးရရဲ့ တရားဝင် ကိုယ်စားလှယ် မဟုတ်ဘူးလား... ရန်မိသားစုက တရားမဝင် စီးပွားရေးတွေ အများကြီး လုပ်နေတယ်။ ဒီငွေတွေကို ကျန်းနန် ဝမ်ဖူက လက်ခံတာပဲလား...”

"ကျွန်းနန်ဘုရင် အိမ်တော်ရဲ့ ဂုဏ်သတင်းကရော ကောင်းနေလို့လား..."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"ကျူယင်.. တခြားသူတွေဆီက ကြားတဲ့ စကားတိုင်းက အမှန်မဟုတ်ဘူး.. ကိုယ် ကိုယ်တိုင် တွေ့ကြုံ ခံစားကြည့်ဖို့ လိုတယ်..."

"ဟုတ်ကဲ့ပါ.. သခင်လေး...."

သဘော်ာက ကမ်းကပ်သွားသည်။

ချင်ယန်က သဘော်ပြင်နိုင်ရန် ငွေအချို့ ပေးလိုက်သည်။

နှစ်နာရီ ကြာပြီးနောက် ချင်ယန်တို့အဖွဲ့သည် ပတ်ဝန်းကျင် ကောင်းမွန်သော အိမ်တော်တစ်ခုသို့ ရောက်ရှိ လာကြသည်။ ထိုအိမ်တော်ကြီးကို ချင်ယန်က ဝယ်ယူထားခြင်း ဖြစ်သ်။

ငွေတုံး သုံးသိန်း...

ထိုငွေ ပမာဏာက ချင်ယန်အတွက် အရေးမပါပေ။

ယခင် ရရှိခဲ့သော ငွေတုံး သန်း (၆၀) ထဲတွင် ငွေတုံး တစ်ထောင်ကျော် နှစ်ထောင်ကြားသာ ကျန်ရစ်ခဲ့သည်။ ထို့ပြင် ဖန်မိသားစုကို ရှင်းပစ်လိုက်သည့် အချိန်တွင် ငွေတုံး သန်း (၂၀) ခန့် ရရှိခဲ့သည်။

ယခုလက်ရှိ အချိန်တွင် ချင်ယန်လက်ထဲ၌ ငွေတုံး (၁၈) သန်းသာ ရှိတော့သည်။

"အမေ... အမေတို့ အိမ်မှာ ကောင်းကောင်း နားနေအုံး...... သား အပြင် ထွက်လိုက်အုံးမယ်...."

ချင်ယန်က ပြောလိုက်သည်။

ချင်ယန်သည် ကျန်းဂျင်မြို့ကို ရောက်နေပြီ ဖြစ်သဖြင့် ချူရန်နှင့် အလွန် တွေ့ချင်လာသည်။ သူ့မှတ်ဉာဏ်ထဲတွင် သူ့ညီအစ်ကို ချူရန်က သေသွားခဲ့ပြီ.......

"ချင်ယန်၊ နင် အပြင်ထွက်မယ်ဆိုရင် နင့်ကို ကာကွယ်ဖို့ ငါလည်း လိုက်ခဲ့မယ်....."

ရှောင်ကျူဝမ်က ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး...

"စီနီယာ အစ်မ၊ မင်း အိမ်မှာနေခဲ့..... စိတ်မပူနဲ့.....။ ငါ အဆင်ပြေတယ်။ ငါရဲ့ တိုက်ခိုက်ရေး အစွမ်းက မူလအစစ်အမှန် နယ်ပယ် အစွမ်း ရှိနေပြီ...."

ရှောင်ကျူဝမ်က လုံးဝ အလျှော့မပေးဘဲ ပေကပ်ကပ် အမူအရာနှင့်

"ချင်ယန်... နင်က ဘယ်လောက်ပဲ အစွမ်းထက်ထက် ငါကတော့ နင့်လောက် လိုက်မှာပဲ.. ကျန်းဂျင်မြို့မှာ နင့်ထက် ပိုပြီး အစွမ်းထက်တဲ့ တစ်ယောက်ယောက်နဲ့

တွေ့သွားနိုင်တယ်.....။ နင် တစ်ယောက်ထဲ ထွက်သွားလို့ ပြဿနာ တစ်ခုခုဖြစ်ရင် ပြန်လာပြီး ပြောမယ့်လူတောင် ရှိမှာ မဟုတ်ဘူး...”

ရှီယန်က....

“ယန်အာ... ကျူဝမ်ပြောတာ မှန်တယ်။ အချိန်တိုင်း သတိမပေါ့နဲ့.....”

“သားက အခုမှ ကျန်းဂျင်မြို့ကို ရောက်ရုံပဲ ရှိသေးတယ်။ ဒီနေရာနဲ့ မရင်းနှီးသေးဘူး...... သားတစ်ယောက်ထဲ ထွက်သွားရင် အမေ စိတ်ပူ နေရလိမ့်မယ်.....”

ချင်ယန်က ကူကယ်ရာ မဲ့သွားသော အမူအရာနှင့်.....

"ဟုတ်ပြီလေ..... ဒါဆိုလည်း စီနီယာ အစ်မက ငါနဲ့လိုက်ခဲ့..... အမေနဲ့ ကျန်တဲ့လူတွေက အိမ်မှာ ကောင်းကောင်း အနားယူ..... သဘော် အကြာကြီး စီးလာရတာ ဆိုတော့ ပင်းပန်နေမှာပဲ...."

နာရီဝက်ခန့် ကြာပြီးနောက်.....

ချင်ယန်သည် သူ့မှတ်ဉာဏ်ထဲက ချူရန် ဆိုင်ဖွင့်ထားသည့် နေရာသို့ ရောက်လာခဲ့သည်။

ဆိုင်ငယ်လေးက ယခုအခါ ကုန်စုံဆိုင်လေး ဖြစ်နေသည်။

"ငါ ပြန်မမွေးခင်က နောက်ထပ် သုံးနှစ်လောက်မှ ချူရန်နဲ့ တွေ့ခဲ့တာ..ချူ ရန်က သင်တန်းသား စည်းသခင်တောင် မဖြစ်သေးဘူး..."

"ချူရန်နဲ့ သူ့ညီမ ချူယုက တစ်ယောက်ကို တစ်ယောက် အားကိုးပြီး နေခဲ့ကြတာ..... သူတို့က သင်တန်းသား စည်းသခင် မဖြစ်သေးရင် ငါ့မှတ်ဉာဏ်ထဲက ဒီနေရာမှာ နေမှာ မဟုတ်သေးဘူး... "

ချင်ယန်သည် ချူရန်က ယခင် မည်သည့်နေရာတွင် နေမှန်းမသိသဖြင့် မျက်မှောင်ကြုတ်သွား၏။

"ဦးလေး... တစ်ခုလောက် မေးချင်လို့....... ချူရန်လို့ခေါ်တဲ့ လူတစ်ယောက် ဘယ်မှာနေလဲ သိလား...။ ကျွန်တော်ထက် တစ်နှစ်၊ နှစ်နှစ်လောက် ကြီးတယ်။ သူ့မှာ ချူယုဆိုတဲ့ ညီမလေး တစ်ယောက်လည်း ရှိတယ်"

ချင်ယန်က ကုန်စုံဆိုင် ပိုင်ရှင်ကို မေးလိုက်သည်။

"မသိဘူး.. မသိဘူး..."

ကုန်စုံဆိုင် ပိုင်ရှင်က ချင်ယန်ကို သတိကြီးကြီးထားပြီး စိုက်ကြည့်နေသည်။

ကုန်စုံဆိုင် ပိုင်ရှင်၏ အကြည့်ကိုမြင်လျှင် ချင်ယန်၏ မျက်လုံးများ တောက်ပလာသည်။ ချူရန်တို့ မောင်နှမ နှစ်ယောက် မည်သည့်နေရာတွင် နေထိုင်နေလဲ ဆိုသည်ကို သူ သိနိုင်သည်။ ဒီ အချက်အလက်အရ အနီးအနားမှာသာ ရှိနိုင်သည်။

"သူဌေး.... ငါတို့က လူဆိုးတွေ မဟုတ်ပါဘူး.... သူ ဒုက္ခ ရောက်နေလို့လား..."

ဒီတစ်ကြိမ်တွင် ရှောင်ကျူဝမ်က ဝင်မေးလိုက်သည်။

“မိန်းကလေး..... ချူမောင်နှမ နှစ်ယောက်က သနားစရာ ကောင်းပါတယ်.... ”

“မကြာခင်ကမှ သူတို့ မိဘတွေကို လူဆိုးဂိုဏ်းက သတ်ခဲ့တယ်။ အစိုးရကလည်း သူသတ်သမားတွေကို မဖမ်းဘူး...။ ပြီးခဲ့တဲ့ ရက်ပိုင်းလောက်က လူတစ်ယောက် ချူယုကို ပန်းလှေမှာ သွားရောင်းခဲ့တယ်။ ချူရန် ခမျာ..... အသည်းအသန် ကာကွယ်လို့ အရိုက်ခံလိုက်ရတာ

မသေရုံတမယ်ပဲ....။ အစိုးရကလည်း သူ့ကို ငွေတုံး တစ်ခါဖင်လောက် ဒဏ်ရိုက်သေးတယ်....”

သူဌေးက သက်ပြင်းချရင်း ပြောလိုက်သည်။

ချင်ယန်၏ မျက်နှာ အမူအရာက အနည်းငယ် ရုပ်ဆိုးလာသည်။ ထိုအချိန် ချူရန်နှင့် ဆုံတွေ့ခဲ့စဉ် ချူရန်ဘဝက အလွန် အဆင်ပြေခဲ့သည်။

ယခုလက်ရှိတွင် ချူရန်က ဤကဲ့သို့ အခြေအနမျိုးနှင့် ကြုံတွေ့ နေရလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

ချူရန် မိဘများ၏ အမုန်းများကလည်း သူ့စိတ်ထဲတွင် ရှိနေသေးသည်။

ထိုအချိန်က ချင်ယန်၏ ခွန်အားသည် အားနည်းနေခဲ့သည်။ ချူရန်ကပင် သူက အသုံးမဝင်ကြောင်း ပြောနိုင်သည်။

"သူဌေး.... ချူရန်တို့က အခုဘယ်မှာလဲ..... ငါက လူဆိုး မဟုတ်ဘူးဆိုတာ စိတ်ချလက်ချ ယုံကြည်လို့ ရပါတယ်..."

ရှောင်ကျူဝမ်က မေးလိုက်သည်။

သူ၌က မလှမ်းမကမ်းမှ တောင်ကုန်းတစ်ခုကို လက်ညှိုးထိုးပြရင်း....

"အဲ့ တောင်ကုန်းပေါ်မှာ ရှုံးနိမ့်ခြင်းတောင် ဘုရားကျောင်း ရှိတယ်။ သူတို့ မောင်နှမ နှစ်ယောက်က အဲ့ ဘုရားကျောင်းထဲမှာ ပုန်းနေကြတယ်....."

ချင်ယန်က အလောတကြီး ထွက်ခွာသွားသည်။ ချီဖွဲ့စည်းခြင်း အဆင့်ကို ထုတ်မပြထားသော်လည်း ချင်ယန်၏ အမြန်နှုန်းက ချီစုဆောင်းခြင်း အဆင့် (၉) ရှိနေသေးသည်။

“ချင်ယန်… ဘာတွေ ဖြစ်နေတာလဲ…”

ရှောင်ကျူဝမ်က စဉ်းစားမရ ဖြစ်နေသည်။ ယခင်က ချင်ယန်သည် ဤကဲ့သို့ ပုံစံမျိုး မဟုတ်ပေ။ ရှောင်ကျူဝမ်၏ မျက်လုံးထဲတွင် ချင်ယန်က အမြဲတမ်း အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ်သာ ရှိနေခဲ့သည်။ သူ့အမူအရာက အရာအားလုံး သူ့ ထိန်းချုပ်မှုအောက်မှာ ရှိနေသကဲ့သို့ပင်……..

'ကျူယင်၊ ငါနဲ့ ယုလင်းတို့က အရမ်း လှတဲ့ မိန်းကလေးတွေပါ..... ချင်ယန်က ငါတို့ကို မြင်တဲ့အချိန် လုံးဝ စိတ်မလှုပ်ရှားဘူး...."

'အခုတော့ အရမ်း စိတ်လှုပ်ရှားနေတယ်....."

'ဖြစ်နိုင်ပါ့မလား......'

'မဖြစ်နိုင်ပါဘူး...... တိမ်ငန်းပေါ်မှာတုန်းက ချင်ယန် တုံ့ပြန်တာများ သံချောင်းကြီး ကျနေတာပဲ......'

ရှောင်ကျူဝမ်သည် ထိုအကြောင်း ပြန်တွေးမိရင်း စိတ်ထဲ ခုလုခုလု ဖြစ်သွားပြီး မျက်နှာကြီး နီရဲလာသည်။ တိမ်ငန်းပေါ်တွင် ထိုမျှ ရဲတင်းမိလိမ့်မည်ဟု သူမကိုယ်သူမ မထင်မှတ်ထားခဲ့မိပေ။

# အခန်း(၆၀) - လူက ပက်လက်၊ လေက အထက်....

“ချူယု... အော်စမ်း... ဖင်ကွဲအောင် အော်စမ်း... မင်းဘယ်လောက် အော်အော် ဘယ်သူမှ မကြားဘူး...”

“ဒါက မင်းအစ်ကိုကြီးအတွက် နေရာကောင်းလေးပဲ ဟားဟား.....”

"ဒီနေ့ ရှရီက မင်းကို တကယ့် မိန်းမတစ်ယောက် ဖြစ်လာအောင် လုပ်ပေးမယ်..... အံ့အောစရာကောင်းတဲ့ ခံစားမှုကို မင်း ခံစားရမှာပါ....... ပြီးရင် ရှရီက မင်းကို ပန်းလှေပေါ် ပို့ပေးမယ်...."

တောင်ပေါ်သို့ လျှင်မြန်စွာ ပြေးလာကြသော ချင်ယန်နှင့် ရှောင်ကျူယင် တို့သည် လူတစ်ယောက်၏ စက်ဆုပ်ရွံရှာစရာ ကောင်းသော အသံနှင့် ရယ်မောသံကို ကြားလိုက်ရသည်။

"ခေါင်းဆောင်ရှ... ငါ့ ညီမလေးကို လက်ဖျားနဲ့တောင် မထိနဲ့...... ကျိန်းသေပေါက် ငွေရှာပြီး အချိန်တန်ရင် ပိုက်ဆံ အများကြီး ပြန်ပေးမယ်......"

"ခေါင်းဆောင်ရှ၊ ငါ စည်းပုံစံတွေ လေ့လာနေတယ်..... အနာဂါတ်မှာ ငါက စည်းသခင် တစ်ယောက် ဖြစ်လာမယ်လို့ ယုံကြည်တယ်.....။ မင်းကို ပိုက်ဆံ အများကြီး ပြန်ပေးနိုင်လိမ့်မယ်......"

တောင်းပန်နေသော အသံတစ်ခုလည်း ထွက်ပေါ်လာသည်။

ထိုအသံကို ကြားလျှင် ချင်ယန် မျက်နှာပျက်သွား၏။

ဒါက ချူရန်၏ အသံပင်......

ခေါင်းဆောင်ရှက ချူရန်ကို ကြည့်လိုက်ပြီး လှောင်ပြောင်နေသော လေသံနှင့်......

"ချူရန်၊ မင်းက သင်တန်သား စည်းသခင် ဖြစ်လာရင်ရော... မင်းက သင်တန်းသား စည်းသခင်

ဖြစ်လာမယ်... မင်း ညီမလေးက ပန်းလှေပေါ်မှာ ပိုက်ဆံတွေ အများကြီး ရှာမယ်. ဘယ်လောက်တောင် အံ့အောစရာ ကောင်းလဲ..... မင်းညီမရဲ့ ပုံစံနဲ့ဆိုရင် ပန်းလှေပေါ်မှာ သခင်လေးတွေက ကြိုက်ကြမှာပါ..... တစ်နေ့ တစ်နေ့ကို ဆုငွေတွေလည်း အများကြီး ရလိမ့်မယ်......”

ချူယုက ကြောက်လန့်သွားပြီး......

“ငါ ပန်းလှေပေါ်ကို မသွားဘူး.. မသွားဘူး. အဲ့ဒီကို သွားမယ့်အစား သေပဲ သေလိုက်မယ်....”

"သေမယ် ဟုတ်လား..."

ခေါင်းဆောင်ရှက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး.....

"မင်း သေရဲရင် မင်းအစ်ကိုလည်း သေရမယ်..... ဒီခေါင်းဆောင်က အချိန်တန်ရင် မင်းအလောင်းကို အဝတ်အစား အကုန်ချွတ်ပြီး သဘော်ာကျင်းမှာ ပစ်ထားခဲ့မယ်....."

ချူယု၏ မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားသည်။

ချူရန်က တင်းမာသော မျက်နှာ အမူအရာနှင့်.....

"ခေါင်းဆောင်ရှ.... ငါ့ညီမလေးကို လုပ်ရဲ လုပ်ကြည့်..... အနာဂါတ်မှာ မင်းကို ကျိန်းသေပေါက် ပြန်သတ်မယ်လို့ ငါ ကျိန်တယ်....."

ခေါင်းဆောင်ရှ က ပြုံးလိုက်ပြီး.....

"ချူရန်၊ မင်းလို ကောင်လေးက ရှရီကို သတ်ချင်သေးတာလား... မင်းမှာ အဲ့ဒီလို စွမ်းရည်ရော ရှိလို့လား...။ မင်းရဲ့ စကားကြောင့် ဒီနေ့ မင်းညီမလေးကို တစ်ကြိမ် ပိုပြီး (Fuck) မယ်......"

ထိုအချိန်တွင် ချင်ယန်နှင့် ရှောင်ကျူဝမ်တို့က ဘုရားကျောင်းထဲ ရောက် လာကြသည်။

ချင်ယန်က အေးစက်သော လေသံနှင့်......

"မင်းမှာ အခွင့်အရေး မရှိတော့ဘူးလို့ ငါ ထင်တယ်..."

လူအိုကြီး ရှရီက ခေါင်းလှည့်ပြီး ချင်ယန်တို့ကို လှည့် ကြည့်လိုက်သည်။

"အို..... ဒီနေ့တော့ ရှရီ တကယ် ကံကောင်းနေပါလား...."

"ဒီမှာ ချူယုဆိုတဲ့ အလှေလေး တစ်ယောက် ရှိတယ်။ အခုတော့ အလှကြီး နောက်တစ်ယောက် ထပ်ရောက် လာပြန်ပြီ....."

ခေါင်းဆောင်ရှု၏ မျက်လုံးများက စိတ်လှုပ်ရှားမှုကြောင့် တောက်ပလာသည်။ ချူယုက ရုပ်လှသော်လည်း မိသားစု အခြေအနေက မကောင်းပေ။ ထို့အပြင် အသက် (၁၅) နှစ်သာ ရှိသေးသည့် မိန်းကလေး တစ်ယောက်သာ...။

အသက် (၂၀) ကျော်နေပြီ ဖြစ်သည့် ရှောင်ကျူဝမ်နှင့် သိသိသာသာ ကွာခြားနေသည်။

ယခုအခါ ရှောင်ကျူဝမ်၏ ကျင့်ကြံခြင်း အဆင့်က ချီဖွဲ့စည်းခြင်း အဆင့် (၉) ရောက်နေပြီး ရေခဲဖီးနစ် သိုင်းဝိဉာဉ်ကြောင့် သူမ၏ စိတ်နေစိတ်ထားက ချူယုထက်စာလျှင် များစွာ ပိုမို သန်မာသည်။

"သတိထား... ခေါင်းဆောင်ရှုက ချီဖွဲ့စည်းခြင်းအဆင့် (၂) ကျင့်ကြံခြင်းအဆင့် ရှိတယ်...."

ချူရန်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ချီဖွဲ့စည်းခြင်းအဆင့် (၂) ကို တော်တော်လေး သန်မာသည်ဟု ယူဆနိုင်သည်။

ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ ကဲ့သို့ လူငယ်လေးများက အများဆုံးမှ ချီဖွဲ့စည်းခြင်း နယ်ပယ်သာ ရောက်နေနိုင် သေးသည်။ ချူယောင်ရှုက မိုးကြိုးမီး ခါးဂိုဏ်း၏ နံပါတ်တစ် တပည့်ကြီး ဖြစ်ပြီး အသက် (၂၀) ကျော်နေသော်လည်း ချီဖွဲ့စည်းခြင်း အဆင့် (၁) သာ ရှိသေးသည်။ ထိုအချိန်က ရှောင်ကျူဝမ်သည်

ချီစုဆောင်းခြင်း အဆင့် (၉) ကျင့်ကြံခြင်း အဆင့်သာ ရှိသေးသည်။

ချင်ယန်က ချူရန်နှင့် ချူယုတို့ကို လှမ်းကြည့်လိုက်သည်။

ချူရန်သည် ခြေထောက်က ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားပြီး မြေပေါ် လဲကျနေသည်။

ချူယုကမူ ထောင့်တစ်နေရာ ကပ်နေပြီး ခန္ဓာကိုယ်ကို ရသမျှ ကျုံ့ထားကာ ကြောက်လန့်စိတ်နှင့် အသားများ တဆတ်ဆတ် တုန်နေရှာသည်။

"လှတယ်.... တကယ့်ကို လှတယ်...... အချိန်တန်လို့ သခင်လေးရန် အရသာ ခံပြီးတဲ့ အချိန်ကျရင် သခင်လေးရန် ပေးမယ့်ဆုတွေက နည်းမှာ မဟုတ်ဘူး......"

ရှရီက စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

ရှရီ စကားပြောနေစဉ် ချင်ယန်က ချူရန်တို့ မောင်နှမ နှစ်ယောက်ထံ လျင်မြန်စွာ ချဉ်းကပ်သွားသည်။ ရှောင်ကျူဝမ်က ချင်ယန် အနောက်မှ ကပ် လိုက်သွားသည်။

"စီနီယာ အစ်မ ၊ ဒီကောင့် အသက်ကိုတော့ ချန်ထားလိုက်...."

ချင်ယန်က ဂရုမစိုက်သော အမူအရာနှင့် ပြောလိုက်သည်။

"အင်း..."

ရှောင်ကျူဝမ်က ပြန်ပြောပြီးသည်နှင့် ရုတ်တရက် လှုပ်ရှားလိုက်သည်။

ရှရီ မတုံ့ပြန်နိုင်ခင် ရှောင်ကျူဝမ်က ပါး ဖြတ်ရိုက်လိုက်ခြင်းပင်။

ဖြောင်း.......

ရှောင်ကျူဝမ်၏ ထို ပါးရိုက်ချက်က ပြင်းထန်လွန်းသဖြင့် ရှရှီက လေထဲ တပတ်လည်သွားပြီး မြေပေါ်သို့ ကားခနဲ ပြုတ်ကျသွားသည်။

သူ့ပါးစပ်မှ သွေးနှင့် သွားများ ရောထွေးပြီး ထွက်ကျလာသည်။

ကချောက်.....

ရှရီ ပြန် မထနိုင်ခင် ရှောင်ကျူဝမ်က ပြေးလိုက်သွားပြီး ညာခြေထောက်ကို ကြာပွတ်ကဲ့သို့ လွှဲ၍ ဖြတ်ကန်လိုက်သည်။ အရိုးကျိုးသံ ထင်ထင်ရှားရှား ထွက်ပေါ်လာပြီး ရှရီ၏ နံရိုးများ ချက်ချင်း ကျိုးသွားသည်။

“ရပ်.. ရပ် မလုပ်နဲ့တော့…”

နာကျင်မှုများကြားမှ ရှရီက ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

"ငါက စတုတ္ထသခင်ရဲ့ လူပါ...... ပြီးတော့ စတုတ္ထသခင်ရဲ့ ခေါင်းဆောင်က ရန်မိသားစုက သခင်လေးပါ..."

"မင်းတို့ ရန်မိသားစုကို သိလား...။ ဒါက ကျန်းဂျင်မြို့ကို လွှမ်းမိုးထားတဲ့ ကြီးဆယ်ကြီးထဲက တစ်ခုပဲ....."

ထိုစကားပြောနေရင်း လူအိုကြီးရှ၏ အမူအရာက ရဲရင့်လာပြီး ဒေါသ ကြီးလာသည်။ ထို့နောက် အထက်စီးဆန်သော လေသံနှင့်......

“မင်းတို့ကောင်တွေ အပြင်က လာတာလား....။ သိပ် သတ္တိ ရှိနေတယ်ပေါ့....။ ဆရာကြီးရှုကို ချက်ချင်း တောင်းပန်စမ်း...။ ဒီအလှလေးက သခင်လေးရန်နဲ့ တွေ့ရအောင် ဆရာကြီး ရှု နောက်ကို လိုက်ခဲ့ရမယ်။ ဒါဆိုရင် မင်းတို့ အသက်ရှင်မယ်.... မဟုတ်လို့ကတော့ သေချာပေါက် သေပြီး ပြာဖြစ် သွားစေရမယ်....”

ချင်ယန်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တောက်ပလာသည်။

"စီနီယာ အစ်မ၊ ဒီကောင့် လေသံကို နားထောင်ရတာ နောင်တ မရသေးတဲ့ပုံပဲ........ တကယ်လို့ မင်း မသတ်ချင်ရင် ငါ လုပ်လိုက်မယ်....."

ချင်ယန်က ပြောလိုက်သည်။

"ရပါတယ်. ငါ လုပ်လိုက်မယ်...."

ရှောင်ကျူဝမ်က စကားပြောနေရင်း ရှုရှီထံ လျှောက်သွားသည်။

ယခုအခါ ရှရီက အကြီးအကျယ် ကြောက်လာပြီး....

"မဟုတ်ဘူး.. ငါ မှားသွားတယ်။ မှားသွားပါတယ်.......... ငါ့ကို မသတ်ပါနဲ့....... သခင်လေးရန်ကို ပြန် မပြောပါဘူးလို့ ကတိပေးပါတယ်...."

ဖောင်း......

ရှောင်ကျူဝမ်က ရှရီ၏ ရင်ဘက်ကို လက်ဝါး တစ်ချက် ရိုက်လိုက်ရာ ရှရီက အနောက်ဘက်သို့

အနည်းငယ် လွင့်ထွက်သွားပြီး ခန္ဓာကိုယ်က လျင်မြန်စွာ တောင့်တင်းလာသည်။

“မင်းတို့ နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ခေါင်းဆောင်ရှုကို သတ်လိုက်တာက ပြဿနာ အများကြီး တက်လာလိမ့်မယ်။ ကျန်းဂျင်မြို့ထဲက အမြန် ထွက်သွားကြပါ....”

ချူရန်က ပြောလိုက်သည်။

ချင်ယန်က ချူရန်ကို ကြည့်လိုက်ပြီး.....

"သူငယ်ချင်း၊ ငါ မထွက်သွားသေးဘူး.... ငါ့ အစ်ကို တစ်ယောက်ကိုရှာပြီး သူ့မိဘအတွက် လက်စား ချေပေးရအုံးမယ်...."

ချူရန်က မျက်နှာပျက်သွားပြီး အသည်းအသန် မေးလိုက်သည်။

"ငါ့မိဘ အသတ်ခံရတဲ့ သတင်းတချို့ မင်း သိတာလား...။ မင်း လိုချင်တာရှိရင် ငါ့ကိုပြော....."

ချင်ယန်က ခေါင်းခါလိုက်ပြီး.....

"ငါတို့ မသိဘူး... ငါတို့လည်း သူများပြောတာ ကြားလာတာ...."

"ဒီလူ မင်းဆီလာရှာတာ တခြားလူ သိသေးလား..."

ချူရန် ခေါင်းခါလိုက်ပြီး.....

"မဖြစ်နိုင်ဘူး.. သူက ငါတို့ကို လှမ်းမြင်လိုက်ပြီး ငါတို့နောက်ကို လိုက်လာတာ.... လမ်းမှာ တခြားလူတွေကို ပြောဖို့ အချိန်မရနိုင်ဘူး.."

ချင်ယန်က ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

“ဒါဆိုရင် ပြဿနာ မရှိတော့ဘူး....”

ချင်ယန်က ရှရီ၏အလောင်းကို ဘုရားကျောင်းနောက်ဘက်က တောအုပ်ထဲ သယ်သွားပြီး သိုင်းဝိညာဉ်ကို ထုတ်ယူလိုက်သည်။

အမှောင် နတ်ဆိုးနဂါးက ၎င်းခြေသည်းနှင့် တွင်းတူးပြီး ရှရီအလောင်းကို တွင်းထဲပစ်ချကာ မြေကြီး ပြန်ဖုံးလိုက်သည်။ ထို့နောက် အပေါ်မှ သစ်ရွက်ခြောက်များ ထပ်ခင်းလိုက်သည်။

မည်သူမျှ မတွေ့နိုင်တော့ပေ။

“ဒီနေ့ မင်းက ခေါင်းဆောင်ရှုနဲ့ လုံးဝ မတွေ့ခဲ့ဘူး....။ စီနီယာအစ်မနဲ့ ငါက ဒီနေရာကို အလည် ရောက်လာတယ်။ ငါတို့က အခုမှ မင်းကို ပြန်တွေ့တယ်။ ငါတို့ ကလေးဘဝတုန်းက တွေ့ခဲ့ဖူးတယ်။ ငါတို့က သူငယ်ချင်း ဟောင်းတွေပဲ.....”

ချင်ယန်က စိတ်ညှို့လိုက်သည်။

ချူရန်နှင့် ချူယုတို့၏ ခွန်အားက အလွန်နိမ်ကျနေသေးသဖြင့် ချင်ယန်က အလွယ်တကူ စိတ်ညှို့နိုင်ခဲ့သည်။

ချင်ယန်၏ စိတ်ညှို့မှုဆိုလျှင် အချိန်တန်၍ တစ်ယောက်ယောက် ရှုရီအလောင်းကို တွေ့သွားပြီး ချူရန်တို့ မောင်နှမနှစ်ယောက်ကို မေးလျှင်ပင် မည်သည့်အရာမှ သိရမည်မဟုတ်ဘဲ ဟာကွက်ရှာတွေ့မည် မဟုတ်ချေ။

“ချူရန်၊ ဒါ စားလိုက်....”

ချင်ယန်က ဖန်ယွမ်ဟွမ် စုဆောင်းထားခဲ့သည့် ဆေးပြားတစ်ပြားကို ချူရန်အား ပေးလိုက်သည်။ အဆင့် (၂) ဆေးပြားသာ ဖြစ်သော်လည်း ချူရန် နလန် ပြန်ထဖို့အတွက် ပြဿနာ မရှိပေ။

"အင်း...."

ချူရန်က ခေါင်းညိတ်လိုက်သည်။ ချင်ယန်က သူ့ကို စိတ်ညို့ထားသည့်အတွက် ချင်ယန်ကို သူ၏ သူငယ်ချင်းဟောင်းဟု ခံစားနေရပြီး ရင်ထဲ အသည်းထဲမှ ယုံကြည်နေသည်။

"ချူရန်၊ မင်းမိဘတွေ ဘယ်လို သေသွားတာလဲ ဆိုတာ ငါ့ကိုပြောပြ။ ဒါမှ လူသတ်သမားကို ရှာဖို့ ငါ ကူညီပေးနိုင်လိမ့်မယ်…."

ချင်ယန်က ပြောလိုက်သည်။

ချူရန်၏ ခန္ဓာကိုယ်ထဲတွင် အစွမ်းထက်သော သွေးမျိုးဆက် ရှိနေပြီး မနိုးထသေးပေ။ ယခုလက်ရှိ အချိန်တွင် ချူရန်ခန္ဓာကိုယ်က အားနည်းနေသဖြင့် နိုးထရန် အချိန်ကောင်း မဟုတ်သေးချေ။

ရှောင်ကျူဝမ်က…..

“ချင်ယန်၊ နေရာပြောင်းတာ ပိုကောင်းမယ်... ဒီနေရာက စကားပြောလို့ ကောင်းတဲ့နေရာ မဟုတ်ဘူး....”

“ပြောင်းကြမယ်...”

ချင်ယန်က ခေါင်းညိတ် ပြလိုက်သည်။ ချင်ယန်က ချူရန်ကို ကျောပိုးလိုက်သည်။ ရှောင်ကျူဝမ်က ချူယုကို ဖေးမပြီး တောင်ပေါ်မှ ဆင်းလာကြသည်။ ချူယုက ဒဏ်ရာ လုံးဝ မရထားသော်လည်း ထိတ်လန့် နေသေးသည်။

ချူရန်၏ အခြေအနေက အဝေးကို သယ်ဆောင်သွားရန် အဆင်မပြေပေ။

မကြာခင် ချင်ယန်တို့အဖွဲ့သည် အနီးအနားမှ တည်းခိုခန်း တစ်ခုသို့ ရောက်လာကြသည်။

“ငါ့မိဘတွေက ပြီးခဲ့တဲ့ လဝက်လောက်က သေသွားတယ်။ အဲ့နေ့မှာ ငါနဲ့ရှောင်ယုက ဈေးဝယ်ထွက်နေပြီး လျှောက်လည် နေကြတာ။ အိမ်ပြန်တော့ မှောင်တောင် မှောင်နေပြီ…”

“အိမ်ထဲ ဝင်သွားတာနဲ့ ငါ့မိဘတွေရဲ့ အလောင်းကို တွေ့လိုက်ရတယ်။ သေနေပြီ။

အခန်းတစ်ခုလုံးကလည်း ဖောက်ထိုး မိုးမျှော် ဖြစ်နေတယ်။ ငါတို့လည်း ကြောက် သွားကြတယ်...”

ချူရန်၏အသံက ဆို့နစ်လာပြီး မျက်လုံးများ နီလာသည်။ ချူယုက မျက်ရည်များ ပိုးပိုးပေါက်ပေါက် စီးကျလာသည်။ ဒါက ကံကြမ္မာဆိုးကြီးပင်....

“ငါတို့က အောင်ငိုပြီး မိဘရဲ့နာမည်ကို အော်ခေါ် နေကြတယ်။ အဲ့ဒီမှာ အိမ်နီးနားချင်းတွေက ထိတ်လန့်သွားပြီး အစိုးရကို သတင်းပို့လိုက် ကြတာပဲ....”

"အစိုးရ လာစစ်ခဲ့တာ လဝက်တောင် ကြာသွားပြီ အခုအချိန်ထိ ဘာမှ မထူးဘူး.... ငါ့မိဘရဲ့ အလောင်းတွေကို မြေတိုက်ထဲမှာ အေးခဲထားတယ်။ အခုထိလည်း မြေမမြုပ်ရသေးဘူး...."

အဆုံးတွင် ချူရန်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ချင်ယန်လည်း ရင်ထဲ မကောင်းပေ။ သူသည် ပြန်လည် မမွေးဖွားခင်က ခြေလှမ်းတစ်ဝက် အုပ်စိုးသူ ဖြစ်ခဲ့သော်လည်း ယခုအခါ

ကျင့်ကြံခြင်းအဆင့်က ထိုမျှ အား မကောင်းသေးသဖြင့် သူ့စိတ်ဆန္ဒက ထင်သလောက် ခိုင်မာမှု မရှိသေးပေ။

ထို့အပြင် ချူရန်ဆိုသည်မှာ သူ၏ အကောင်းဆုံး ညီအစ်ကိုပင်.....